www.burmeseclassic.com

ဟာသ သရုပ်ဆောင်

# ကျော်ရှူး၏

လုံးချင်းဝတ္ထု

# မလွဲရင် မနေနိုင်တာက လွဲလို့



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၇၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၆၃၀၅၀၉

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဆောင် | - | ရဲလေး |
| မျက်နှာဖုံး ဓာတ်ပုံ | - | မိုးလွင်ဟန် |
| မျက်နှာဖုံး ဒီဇိုင်း | - | ငုံမြတ်လင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ဂဂ၊ ဒုထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ဂ၀/ခ၊ သံလွင်လမ်း၊ ယဟန်း။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းပပ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ဂ၉၅ · ဂ၃

ကျော်ထူး

မလွဲရင်မနေနိုင်တာကလွဲလို့ / ကျော်ထူး ။ - ရန်ကုန်၊ တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။

၁၁၆ - စာ၊ ၁၃ စင်တီမီတာ × ၂၀·၅ စင်တီမီတာ။

(၁) မလွဲရင်မနေနိုင်တာကလွဲလို့


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သို့ /

မလွဲရင် မနေနိုင်တာကလွဲလို့နှင့်ပတ်သက်၍
စာရေးတဲ့ ဟာသသရုပ်ဆောင် ကိုကျော်ထူး
ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးခဲ့တဲ့နှစ်ပေါင်း
တော်တော်လေးကြာခဲ့ပြီနော်...
ကိုကျော်ထူးရယ်လို့ ဝိုးတိုးဝါးတားလေးဘဝဖြစ်နေချိန်
ကျွန်တော်ကလည်း ဗီဒီယို ကင်မရာအစုတ်လေးနဲ့လှုပ်ရှားခါစ
ခုတော့ ခင်ဗျားက ဂျာနယ်၊ မဂ္ဂဇင်းတွေကတစ်ဆင့်
လုံးချင်းဝတ္ထုတွေရေးနေပြီဆိုတော့ကာ
ညီအစ်ကိုအရင်းပမာ ပြောချင်တာက
ကိုကျော်ထူး 'ဘာမှမလုပ်ပါနဲ့'၊ 'ဘာမှမရေးပါနဲ့လို့..'၊

အရမ်းခင်တဲ့
ကျောက်ဖြူ (အကယ်ဒမီ)
ကင်မရာမင်း

၂၈-၈-၂၀၀၈
၁၂/မရက (နိုင်) ၀၆၀၇၇၇

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၁)

လူဟူသောဝေါဟာရစကားလုံးအသုံးအနှုန်းသည် တော်တော်လေးကျယ်ပြန့်ပါသည်။ လူတစ်ယောက် လူတစ်ဦးဖြစ်လာဖို့ရာ အတော်လေးခဲယဉ်းလှပါသည်။ အချို့ဆို လူ့ဒလာက ထဲဝင်လာပြီး လူဖြစ်မည်မှမကြုံသေး။ မိခင်၊ ဖခင်စိတ်မရှိသော လူများ၏လက်ချက်နှင့် လူ့လောကကြီးမှ ဆောလျှင်စွာထွက်ခွာသွားရသည်။ လူဖြစ်ခွင့် မကြုံလိုက်ရ။ တော်တော်လေး သနားစရာကောင်းပါသည်။

ကျွန်တော် ယခုကဲ့သို စာရေးနိုင်၊ ဟာသသရုပ်ဆောင်အဖြစ် သရုပ်ဆောင်နိုင်ခြင်းများသည် ကျွန်တော်၏မိခင်နှင့် ဖခင်လူစိတ်မွေးခဲ့၍ ကျွန်တော် လူဖြစ်ခွင့်ရလိုက်သည်ဟုဆိုလျှင် မှားအံ့မထင်။ ဟော. . လူဖြစ်လာပြန်တော့လည်း တစ်စုံတစ်ခု ချို့ယွင်းနေလျှင် လူရာမဝင်၊ လူတောမတိုးရပြန်တော့။ ဆရာဝန်ဖြစ်တာလည်း လူပါပဲ။ စာရေးဆရာဖြစ်တာလည်း လူပါပဲ။ ကြုံရာကျဘမ်းလုပ်ကိုင်စားသောက်နေရတာလည်း လူပါပဲခင်ဗျ။

အဲ. . အဲဒီလူတွေထဲကမှဆွဲထုတ်ပြပြီး ရေးချင်တာက အလွဲများနှင့်လူတွေအကြောင်းပါ။ လှိုင်သာယာကနေပြီး ရန်ကုန်မြို့ပေါ်မှာ အလုပ်လာလုပ်သည့်လူတစ်ယောက်သည် သူ့ထမင်းချိုင့်နှင့်သူ တစ်နေ့ တစ်ထောင့်ငါးရာ ရပါသည်။ ညနေ အလုပ်ကပြန်လျှင်

www.burmeseclassic.com



ထမင်းဖိုးနှင့် ကားခနုတ်၊ အနည်းလေးရှစ်ရာနှင့် ကိုးရာလောက်ပဲ ကျန်ပါသည်။ တစ်ခါတလေ အလုပ်မရှိလျှင် စရိတ်ဆုံး။ ထမင်းဖိုးဆုံးပေါ့။

အဲ. . ခု ကျွန်တော်တင်ပြမည့်အကြောင်းအရာကတော့ ကျွန်တော်တို့၏ပတ်ဝန်းကျင်၊ ကျွန်တော်တို့၏ကျေးဇူးရှင် (ကျွန်တော့်ဘာသာသတ်မှတ်တာပါ)၊ ဗီဒီယိုရိုက်ကူးရေး စက်အဖွဲ့၊ ကင်မရာမင်း အပါအဝင် မီးထိုးမှန်ထိုးတွေပေါ့။ ရုပ်ရှင်ဗီဒီယိုသမားတွေအခေါ် အဝေါ်ကတော့ ဂဲလ်ဖာဟူ၏။ ရန်ကုန်ဈေးတစ်မျိုး၊ နယ်ဈေးတစ်မျိုး၊ ရှူတင်ထမင်းစားရသည်။ အနည်းလေး လေးငါးထောင်ရသည်။ တစ်နေ့တစ်ဂျူတီပြောပါတယ်။

ဇာတ်ကားတစ်ကားပြီးတိုင်း မင်းသား၊ မင်းသမီးတွေက မုန့်ဖိုးပေးကြသေးသည်။ သည်တော့ ဘာပဲဖြစ်ဖြစ် ပိုက်ဆံလည်းရ၊ ဝမ်းလည်းဝ၊ နယ်ပေါင်းစုံလည်းရောက်၊ မင်းသား၊ မင်းသမီးအစုံနှင့်လည်း မြင်ဖူးတွေ့ဖူးရ ဘယ်လောက်များကံကောင်း လိုက်သည့်လူတွေလဲ။

အဲဒီထဲမှာမှ မိမိဘာသာမိမိ ကံကိုဆေးရောင်ခြယ်၊ ဆေးရောင်ဆိုးသူကရှိသေး။ တစ်နေ့တာပင်ပင်ပန်းပန်းရထားသောငွေကို အရက်သောက်၊ ဖဲရိုက်၊ ဘောလုံးလောင်း၊ နှစ်လုံးသုံးလုံးထိုး၊ တစ်ခါတစ်ရံ ကြေးစားမိန်းမနှင့်ခေါ်အိပ်၊ သည်တော့ အဲဒီလိုလူမျိုးသည် ဆင်းရဲခြင်းဟူသော သံသရာဝဋ်အတွင်း မလွတ်ကင်းနိုင်ကြပုံဆိုသလိုမျိုးပေါ့။

ကဲ. . လူတွေအကြောင်း ကျွန်တော်လက်လှမ်းမီသလောက် ကြားဖူးနားဝရှိသလောက်လေး ရေးလိုက်တာပါ။ ခုချိန်ကစပြီး လူတွေထဲကလူဖြစ်သည့် ကင်မရာမင်း၊ စက်အဖွဲ့၊ ဂဲလ်ဖာ များ၏ အလွဲလေးတွေ. . . ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၂)

## အလွဲအမှတ် (၁)

တစ်နေ့သ၌ ရုပ်ရှင်ဗီဒီယိုသမားအများစု စုဝေးနေထိုင်ကျက်စားရာနေရာဖြစ်သော သုံးဆယ့်ငါးလမ်းရှိ အညာသားလင်မယား လက်ဖက်ရည်ဆိုင်ဟုခေါ်တွင်သော လမ်းဘေးပလက်ဖောင်းဆိုင်တွင် ကင်မရာမင်းပြည်စိုး အလုပ်မရှိ၍ ဘာလုပ်ရမှန်းမသိထိုင်ပြီး ငေါင်ကြောင်ငေါင်ကြောင်နှင့် ဖြတ်သွားဖြတ်လာကောင်မလေးအချို့အား သွားရည်တမြားမြားနှင့် မျက်လုံးစတေဖမ်းပြီးရိုက်ကူးနေစဉ် စွပ်ကျယ်လက်ပြတ်အဖြူ ကာကီရောင်ဘောင်းဘီတိုနှင့် အသားနီစပ်စပ် နေပူ၍ထင်ပါသည်။ တရုတ်လူမျိုးဟုထင်ရသောလူတစ်ယောက်ဝင်လာပြီး ကင်မရာမင်းပြည်စိုးနှင့် မလှမ်းမကမ်း၌ ဝင်ထိုင်ကာ

"အားယား. . . နှီးပေါင်မား"

ပြည်စိုးကလှည့်ကြည့်လိုက်သည်။ ဆိုင်ရှင်အညာသားကို သူ့ကိုယ်စား

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အညာသားရေ. . . ဒီတရုတ်ကြီး ဘာမှာနေလဲမသိဘူး"

တရုတ်ကြီးက ပြည်စိုးကိုလက်ညှိုးထိုးကာ

"နီးဟောင်မား. . . နီးဟောင်မား"

"ငါက ဘာလို့ဟောင်ရမှာ. . . နင်သာ ဟောင်"

တဖြည်းဖြည်းနှင့် တရုတ်ကပြောလိုက်၊ ပြည်စိုးက ပြန်ပြောလိုက်နှင့် ပွဲကနည်းနည်းကြမ်းလာသည်။ အဲဒီမှာတင် ဖြတ်သွားဖြတ်လာလူတစ်ယောက်က မနေနိုင်တော့ဘူးနှင့်တူပါသည်။

"ဟေ့လူ. . . ခင်ဗျားကို နေကောင်းလားလို့ သူကမေးနေတာဗျ"

"ဩော် ဟုတ်လား. . . မသိပါဘူးဗျာ. . . ကျွန်တော့်ကို လာဆဲနေတယ်မှတ်လို့. . . ခဏဗျာ. . သူ ဘာပြောချင်တာလဲဆိုတာ မေးပေးစမ်းပါ. . . ကျွန်တော် လက်ဖက်ရည်တိုက်ပါ့မယ်"

"ဟောင်ရှဲ့ရှဲ. . . နင်. . နဲ. . "

*(ကောင်းပါတယ်. . . ကျေးဇူးတင်ပါတယ်. . . ခင်ဗျားရော)*

တရုတ်ကြီးဘက်လှည့်ပြီး ခုနကလူကပြောလိုက်သည်။

"ဝမ်စန့်ဟောင်"

*(မင်္ဂလာရှိသောညနေခင်းပါ)*

"ချိင် ဟား ချာ"

*(လက်ဖက်ရည်သောက်ပါ)*

တရုတ်ကြီးက ပြုံးပြီးခေါင်းခါလိုက်သည်။ ပြီးတော့မှ ဘာမပြောညာမပြောနှင့် ငိုပါလေရော။ ဒီတော့ ခုနကစကားပြန်လူကြီးက

"ခူးစမော့"

*(ဘာလို့ငိုတာလဲ)*

"ယိုစမော့စွတ်. . မား"

*(ဘာကိစ္စရှိသလဲ)*



www.burmeseclassic.com

www.burmeseclassic.com

"ဝေါ်ယို့ကြဲ့ယောက်ယောက်ကျင်စွတ်"

*(အရေးကြီးကိစ္စရှိတယ်)"*

"ယွဲမူ"

*(ယောက္ခမ)*

နှစ်ယောက်သား ဘာတွေပြောနေမှန်းတော့မသိပေ။ ရှုပ်ယှက်ကိုခတ်လို့။ တစ်အောင့်လောက်ကြာတော့မှ ဘာသာပြန်က ကင်မရာမင်းပြည်စိုးဘက်လှည့်ကာ

"သူ့ယောက္ခမဆုံးသွားလို့တဲ့. . . သွေးတိုး၊ လိပ်ခေါင်းဆိုလားပဲ. . . အဲဒါ နာရေးအသုဘချတဲ့နေ့ မှတ်တမ်းဗီဒီယိုရိုက်ချင်လို့တဲ့ . . . ဘယ်လောက်ပေးရမလဲလို့မေးတာ"

အတော်ပဲ။ ရေငတ်တုန်း ရေသန့်ဘူးရသလို ပြည်စိုးပျော်သွားသည်။ ဈေးနှုန်းလည်းပြောပြီးရော ဘယ်ရက်၊ ဘယ်ကိုလာရမလဲဟု ဘာသာပြန်ကိုထပ်မေးခိုင်းလိုက်သည်။

"ဟုတ်. . သယဲန်း. . ယီ. . သိင့်. . လိုင်. . အာ"

*(သန်ဘက်ခါ အသေချာလာနော်)*

"ချိုင်နီ. . သောသော. . ပန်းကြူ"

*(အတပ်နိုင်ဆုံးကူညီပါ)*

"မဲန်. . ပိုင်. . သော. . စောင်. . "

*(အိမ်နံပါတ် ဘယ်လောက်လဲ)*

"စန်းပွတ်. . ထယောင်ကျဲ"

*(လမ်းသုံးဆယ်)*

လိပ်စာ၊ အိမ်နံပါတ်၊ အချိန်တွေသိရပြီဆိုတော့ စရံငွေပေးပြီး တရုတ်ကြီးထွက်သွားတော့မှ ဘာသာပြန်သည့်လူကြီးကို လက်ဖက်ရည်နှင့် စီးကရက်ဧည့်ခံလိုက်သည်။ ဘာပဲဖြစ်ဖြစ် အလုပ်ပါးနေချိန်ဆိုတော့ နာရေးမကလို့ ဘာရေးပဲဖြစ်ဖြစ် လုပ်ရတော့မှာပဲလေ။


www.burmeseclassic.com

www.burmeseclassic.com

တမန်းကတန်း အောင်ပြည့်စုံကိုပြုံးဆီ စက်ငှား၊ စရံပေး၊ ကျန်သည့် ဝဲလ်ဖာတွေပါ အကျိုးအကြောင်းပြောပြ။ အားလုံးကတော့ ဝိုင်းရယ်ကြသည်။ မသာကင်မရာမင်းတဲ့။ တစ်ခုရှိတာက ကိုယ်နှင့်ဘာသာချင်း မတူတော့ ဘယ်ကဘယ်လိုစရိုက်ရမလဲဆိုတာကို အရင်စဉ်းစားရသည်။ အိမ်ရောက်တော့ သူ့မိန်းမကိုပြောပြလိုက်တော့ မိန်းမဖြစ်သူက စိတ်မကောင်းဘူး၊ မတတ်နိုင်ဘူးလေ၊ ကားရိုက်ကြနေမှတော့ ရှိတဲ့အလုပ်ကိုပဲ လုပ်ရတော့မှာပေါ့ မဟုတ်ဘူးလား။ အရိုးမျှားသလေး၊ ချေးခါးသလေးလုပ်လို့ မရဘူးလေ။ လူကမစားလို့နေလို့ရပေမယ့် အိမ်လခ၊ ကျောင်းလခ၊ ကျူရှင်လခ၊ မီတာခ၊ ရေဖိုး၊ ဆန်ဖိုးတွေက လိုအပ်နေပြီလေ။ ဒီတော့ ကင်မရာမင်းကြီးရေ. . . ရှန်းလိုက်ပါဟာ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၃)

ပြည်စိုး တို့ ဗီဒီယိုမှတ်တမ်း ရိုက်ကူးရေးအဖွဲ့ ရောက်သွားတော့ အကြီးအဖြူ ဘွတ်ဖိနပ်အနက်၊ ဦးထုပ်အနက်၊ ခေါင်းပေါင်းအနက်တွေနှင့် အခေါင်းဘေးတွင် အမွေးတိုင်၊ ဖယောင်းတိုင်များ အဆက်မပြတ်ထွန်းညှိပေးနေသည်ကိုတွေ့ရသည်။ ကင်မရာကို ရိုက်ခွေထည့်လိုက်ပြီး မီးတွေချိန်ကာ စတင်ပြီးရိုက်လိုက်သည်။ ထူးခြားချက်ကတော့ ရွှေ၊ ငွေ လုံးဝမဝတ်ဆင်ထားကြပေ။ ပိုစတာ၊ ဓာတ်ပုံ၊ ကြည့်မှန်တွေကိုလည်း မှောက်ထားသည်။ နည်းနည်း စပ်စုကြည့်လိုက်တော့ သေဆုံးသည့်ရက်မှစ၍ သင်္ဂြိုဟ်သည်အထိ အခေါင်းဘေးတွင်သာနေရမည်။ ယူနန်ထုံးတမ်းစဉ်လာအရ တာအို ဘာသာဆရာများက ကွယ်လွန်သူအားရည်စူးပြီး စက္ကူများဖြင့် ကား၊ TV၊ အပေါ်စက်၊ အောက်စက်၊ လူရုပ်၊ တံခွန်ကုက္ကားစသည်ဖြင့် ကွယ်လွန်သူအနှစ်သက်ဆုံးသောအရာဝတ္ထုများကို ချိုးခေါက်ပုံဖော်ပေးပြီး ကွယ်လွန်သူရရန် တရားများကိုရွတ်ဖတ်ပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်တော့ရွှတ်နေတာပါပဲ။ ပြည်စိုးတို့အဖွဲ့က နားမလည်။ လူတွေကဒူးထောက်ပြီး ဘာတွေရွှတ်နေမှန်းလဲမသိ။ သင်္ကြိုဟ်မည့် အချိန်ရောက်လာသောအခါ နှစ်ဖက်သောဆွေမျိုးများက ဝမ်းနည်း ကြောင်းသဝဏ်လွှာများကို ကွယ်လွန်သူအတွက် လာရောက်ပေးကြ သည်။ ထိုသဝဏ်လွှာများကို ဆရာများက တစ်ခုစီရွှတ်ဖတ်ပေးပါ သည်။ ပြီးသောအခါ ကျန်ရစ်သူများက သဝဏ်လွှာပေးသူကိုထိုင် ကန်တော့ကြသည်။ ပြီးနောက် ကြွေပန်းကန်လုံးကို ရိုက်ခွဲကာ အိမ်မှ သုသာန်သို့ စတင်ထွက်ခွာတော့သည်။

လမ်းဆုံတစ်ခုအရောက်တွင် အခေါင်းကိုချ၍ မိသားစုများ က ၎င်းအခေါင်းကို သုံးပတ်ပတ်လိုက်သည်။ ပြီးနောက် အခေါင်းကို ပြန်မကာ သုသာန်သို့ဆက်သွားသည်။ သုသာန်သို့ရောက်သောအခါ ဆရာများက တရားများကိုစတင်ရွှတ်ဖတ်တော့သည်။ ရွှတ်ဖတ်ပြီး သောအခါ ကောက်ညှင်းဖြင့်ပြုလုပ်ထားသော တရုတ်နှစ်အလိုက် အကောင် (၁၂) ကောင် ပုံသဏ္ဍာန်ကို နာရေးလာကြသူများအား အမြင့်တစ်ခုပေါ်မှပစ်ချကာ ဝေငှပေးသည်ကိုတွေ့လိုက်ရသည်။ အချို့ကကောက်ညှင်းပေါင်း၊ အချိုရည်၊ သကြားလုံး၊ ရေဘူး၊ ဆပ်ပြာ. . .

စက္ကူဖြင့်လုပ်ထားသောအရုပ်လေးများကိုလည်း မီးရှို့ကြ သည်။ ပြီးနောက်ကျန်ရစ်သူများကို ဆရာများက ပိတ်စအနီများကို တစ်ဦးချင်းစလွယ်သိုင်းပေးသည်။ လမ်းမှာလည်း ဘင်ခရာဝိုင်းက တဒိုးဒိုး တဒိန်းဒိန်းနှင့် ဘာတွေတီးမှန်းတော့မသိ။ ဝမ်းနည်းမှုတစ်ခု ခုတော့ဖြစ်လိမ့်မည်ဟု ရိုက်ကူးရေးအဖွဲ့ကနားလည်လိုက်သည်။

နောက်မှ ထပ်သိရသည်မှာ အကယ်၍ကွယ်လွန်သူအား (၃)ရက်ထားမည်ဆိုပါက (၂) ရက်မြောက် ည (၁၂) နာရီတွင် အခေါင်းကို အသေပိတ်ရပါမည်။ (၅) ရက်ထားမည်ဆိုလျှင် (၄)

www.burmeseclassic.com

www.burmeseclassic.com


ရက်မြောက် ည (၁၂) နာရီတွင် အခေါင်းကိုပိတ်ရသည်။ ကွယ်လွန်သူ၏ရှေ့တွင် ဓာတ်ပုံကိုထောင်ကာ ဖယောင်းတိုင်၊ အမွှေးတိုင် မပြတ်ထွန်းညှိ၍ ထမင်း၊ ဟင်း၊ သစ်သီး၊ မုန့်၊ သကြားလုံး၊ အရက်၊ အခါးရည် မိမိဆန္ဒရှိသလိုလှူဒါန်းနိုင်သည်။

သင်္ဂြိုဟ်သည့်ရက်တွင်လည်း နှစ်ဖက်သောဆွေမျိုးများက သန့်စင်ပြီးသောဝက်၊ ဆိတ်များကို အကောင်လိုက်ပုံစံမပျက် ဗန်းထဲတွင်ထည့်ပြီး အခေါင်းရှေ့စားပွဲတွင်ပူဇော်၍ ဆွေမျိုးများက ကလေး၊ လူကြီးမကျန် ခေါင်းပေါင်းအဖြူများကိုပေါင်းပေးထားရသည်။ ငိုလိုက်ကြတာကလည်း မပြောပါနှင့်တော့။ အသံမျိုးစုံလှသည်။ ပြည်စိုးတို့အဖွဲ့ကတော့ ချွေးတပြိုက်ပြိုက်နှင့်။ ရသရွှေ့ အကုန်လျှောက်ရိုက်နေလိုက်သည်။ အားလုံးပြီးဆုံးသွားပါပြီ။ နောက်တစ်နေ့ ကားဆက်ခန်း၊ တည်းဖြတ်ခန်းထဲ၌ နောက်ခံတေးဂီတဖြင့် လှလှပပ ဝေဝေဆာဆာဖြစ်အောင် လုပ်ပေးလိုက်သည်။ နောက်ခံတေးဂီတ မပေါ်လွင်မှာစိုး၍ တည်းဖြတ်ဆရာနှင့် ကင်မရာမင်းက ငိုနေသောအသံများကို တစ်စက်လေးမှမပါအောင် ဖြတ်ထုတ်လိုက်သည်။ ပြီးနောက်ဝမ်းသာအားရစွာနှင့် နာရေးလာငှားသော တရုတ်လင်မယားကို မှတ်တမ်းအခွေသွားပေးရာ ဖွင့်ကြည့်ပြီး ဘာမကျေနပ်မှန်းမသိ။ ဒေါသတွေဖြစ်ကာ လက်တွေရော၊ ခြေထောက်တွေပါ အိုက်တင်တွေပြပြီးပြောတော့သည်။

ခက်သည်က သူတို့ဘာသာစကားကို နားမလည်။ 'အ'နေသောသူ အိပ်မက်မက်၍ ပြန်ပြောပြသလိုမျိုး။ ဘယ့်နှယ့်လုပ်ရပါ့ ပေါ့။ အဲဒါနဲ့ နားဖာကလော်နေသော တရုတ်တစ်ယောက်ခေါ်သွား ပြီး ဘာသာပြန်ခိုင်းရာ

"ဟုတ်လည်းဟုတ်တာပဲဗျာ. . . ခင်ဗျားတို့ကလည်း ခင်ဗျားတို့ပဲ. . . သူတို့ငိုသံတွေကြားချင်လို့ ခင်ဗျားတို့ကိုခေါ် ရိုက်ခိုင်းတာ


www.burmeseclassic.com

www.burmeseclassic.com



. . . ခု ငိုသံတွေမပါတော့ ဒေါသဖြစ်တာပေါ့”

“ဟာ. . ကျွန်တော်တို့ကလည်း အမင်္ဂလာအသံတွေဆိုပြီး စေတနာနဲ့ ငိုသံတွေဖျောက်ပြီး တီးလုံးသံတွေထည့်ပေးတာပါ. . . ဒီတော့ ဟုတ်ပြီ. . ရတယ်. . ပြန်လုပ်ပေးမယ်”

နောက်တစ်နေ့ ရှင်းတရုတ်မိသားစုအားလုံးကိုစုဝေးစေပြီး တစ်ယောက်တစ်နေရာထိုင်ခိုင်းကာ စိတ်ကြိုက်ပြန်ငိုခိုင်းတော့သည်။ သူတို့ငိုလို့ရအောင် စက်အဖွဲ့မှ တစ်ယောက်က ကွယ်လွန်သူဓာတ်ပုံကို ရှေ့မှပြ၍ ကင်မရာကရိုက်၊ နောက်က ဘွန်းတံ (အသံဖမ်းသောမိုက်ခရိုဖုန်းအား ဝါးလုံးတွင်ပူးတွဲ၍ ချည်နှောင်ထားသောအရာ)ဖြင့် ပြန်ပြီး အသံသွင်းယူရသည်။ တစ်အိမ်လုံးကတော့ ငိုသံတွေ တစ်ယောက်တစ်မျိုး မရိုးစေရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၄)

### အလှဲ အမှတ် (၂)

ကျောင်းရေစက်ချပွဲ. . .

နေရာက မင်္ဂလာဒုံ။ အလှူရှင်က တော်တော်လေးချမ်းသာ ကြွယ်ဝပုံရသည်။ လာလိုက်သည့်ကားတွေက တစ်စီးမှအောက်ကား ကွက်ပျောက်မပါ။ ဘုန်းကြီးကျောင်းမုခ်ဦးအဝမှနေ၍ ပခုံးပေါ်က ကင်မရာထမ်းကာ တစ်စီးမှမလွတ်စေရ။ တစ်ခါတစ်ရံ သူတို့ဝတ်ဆင်လာသော ကျောက်မျက်ရတနာများက ကင်မရာမှန်ဘီလူးထဲ လက်ခနဲ လက်ခနဲဝင်ဝင်လာ၍ ရှောင်ပြီးရိုက်နေရသည်။

"မောင်မောင်. . . မှန်သေသေချာချာထိုးလေ. . .

သက်ပြင်း. . . ဟာ. . ဒီကောင် ဘယ်ရောက်သွားပြန်ပြီလဲ"

ပြောနေတုန်း ကားတစ်စီးဖြတ်သွားရာ ရှေ့တည့်တည့်မှ ရေဗွက်အိုင်ကိုဖြတ်ကျော်လိုက်သဖြင့်

"ဗွမ်း"

"ဘတ်"

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


သွားပြီ။ ကင်မရာမင်း အောက်ပိုင်းတစ်ခြမ်းလုံး ရွှံ့တွေ၊ ဗွက်တွေနှင့် ရှောင်ချိန်မရလိုက်။ ကားတွေကုန်သလောက်ရှိသွားပြီ ဖြစ်သဖြင့် ကမန်းကတန်းရေသွားဆေးကာ ဘုန်းကြီးကျောင်းပေါ်သို့ ပြေးတက်လိုက်သည်။ ဆရာတော် တရားစပေးပြီ။ တစ်ယောက်ချင်း အနီးကပ်လိုက်ရိုက်သည်။ ဘေးကမောင်မောင်နှင့်သက်ပြင်း မီးစတန်း ကိုင်ပြီး လိုက်သည်။

"အမရေ့. . တေပါပြီတော်"

အပေါ်ပိုင်း မီးကိုဂရုစိုက်နေရသဖြင့် ထိုင်နေသောအဒေါ် ကြီးတစ်ယောက်က လက်ထောက်ထားရာ ဖင်းလက်ကိုတက်နင်းမိ လိုက်သည်။ မျက်လုံးစုံမှိတ်၍ တရားပေးနေသော ဆရာတော် ဆက် ခနဲမျက်လုံးပွင့်သွားသလို တရားနာနေကြသောလူများ၏မျက်လုံးများ က အသံလာရာသို့။ သက်ပြင်းက ကင်မရာမင်းဆူမှာစိုးသဖြင့် ကမန်း ကတန်းငုံ့ပြီး တောင်းပန်လိုက်ရာ မီးမပိတ်မိသဖြင့် ကုန်းပြီးတရားနာ နေသောဦးလေးကြီးတစ်ဦး၏တင်ပါးကို မီးကကပ်မိသွားရာ

"အား. . လား. . လား. . ပူ. . ပူ. . ပူ. . တယ်"

တော်တော်လေးတောင်းပန်ပြောဆိုလိုက်ရသည်။ ခေတ္တ ခဏရိုက်ကူးရေးနားပြီး ရေနွေးကြမ်းသောက်၊ လက်ဖက်စားကာ ရိုက်ခွေအသစ်လဲပြီး ရေစက်ချချိန်စောင့်နေလိုက်ရင်း ဂဲလ်ဖာနှစ် ယောက်ကို သေသေချာချာ မမှားဖို့၊ မလွဲဖို့ တိုးတိုးတိတ်တိတ်ကြိတ် ပြီးမှာလိုက်သည်။

"ကဲ. . ကဲ. . ရေစက်ချလိုက်ရအောင်"

ဆရာတော်၏အသံကိုကြားလိုက်ရသဖြင့် ကမန်းကတန်း ကင်မရာကိုထမ်း၍ တံခါးပေါက်မှ မပြေးရုံတစ်မယ်ဝင်လိုက်သည်။ မမီမှာစိုး၍ဖြစ်သည်။ ဆရာတော်ချင်းက တစ်ပါးနှင့်တစ်ပါးတွေ။ အချို့က တိုတိုတုတ်တုတ်နှင့် မြန်မြန်ဆန်ဆန် တရားပေးသလို အချို့


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်တွေက တော်တော်လေးရှည်သည်။ တရားနာပရိသတ်များ ကြားထဲက ရိုက်ရတာ တော်တော်လေးအခက်အခဲရှိသည်။ ခုနကလို မျိုး လက်တွေ၊ ခြေထောက်တွေ၊ ပုဆိုးစ၊ ထဘီစတွေကို သတိကြီးစွာ ထားပြီး ရှောင်ရတိမ်းရ ပခုံးပေါ် မှာကလည်း အင်မတန်မှလေးလံလှ သော ကင်မရာကြီး။ မတော်ပြုတ်ကျသွားလျှင် မလျော်နိုင်ဘူး။

ဘုန်းကြီးကျောင်းထဲမှာ အပ်ကျသံပင်မကြားရသလောက် တိတ်ဆိတ်ငြိမ်သက်နေသည်။ အားလုံးဟာ တရားထဲမှာ အာရုံရောက် ပြီး တုတ်တုတ်မျှမလှုပ်ကြ။ အလှူရှင်အဒေါ်ကြီးကလည်း ဘယ်နှရက်၊ ဘယ်ကာလလောက်ကတည်းက အိပ်ရေးပျက်လာသည်မသိပေ။ လေးဖက်ကြီးကုန်ပြီး မျက်လုံးစုံမှိတ်ကာ တစ်ဖက်ကကြမ်းပြင်ကို လက် ထောက်၊ ကျန်တစ်ဖက်က ရေစက်ခွက်ကို ရယ်ဒီသဘောမျိုးနှင့်ကိုင် ထားသည်။ အလှူရှင်အဒေါ်ကြီးနားအရောက် နည်းနည်းအရုပ်က မည်းသွားသလိုဖြစ်တာနှင့် ဘာဖြစ်တာလဲဟူသောသဘောမျိုးနှင့် မီး ကိုင်သည့်လူတွေပြန်ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းကနေပြီး လက် ဟန်ခြေဟန်တွေနှင့် လုပ်ပြနေသည်။ ဘာလဲဟ။ ဒီကောင်တွေ အနား လည်းမလာပါဘူး။ လိုက်တင် (အလင်းရောင်)မရဘဲနဲ့ ဘယ်လိုလုပ် ရိုက်လို့ရမှာလဲ။ ခေါင်းညိတ်ခေါ် လိုက်သည်။ သူတို့ကလည်း လက်ဟန် ခြေဟန်တွေနှင့် ရှုပ်ယှက်ခတ်လို့။ အဲဒီအချိန်မှာပဲ

"အားလုံး. . ကြားကြားသမျှ. . အမျှ. . အမျှ. . အမ. . တေ ပါပြီတော်"

"ဂွမ်. . ခလွမ်း"

အလှူရှင်အဒေါ်ကြီး ဝမ်းလျားမှောက်ပစ်ကျလိုက်တာ ရှေ့ ကရေစက်ခွက်နှင့်မေးစေ့ ကွက်တိမှကွက်တိ။ ရယ်သံတွေရော၊ ပူညံ ပူညံအသံတွေရော ဘယ်လိုဖြစ်တာပါလိမ့်။ ငါလည်း ဘာမှမမှတ်မိပါ ဘူး။ သတိထားနေရက်နှင့်။ သက်ပြင်းကိုကြည့်လိုက်တော့ အင်မတန်


www.burmeseclassic.com

www.burmeseclassic.com



မှုစိုးရိမ်ထိတ်လန့်နေသည့်မျက်နှာ။ သူ့လက်ထဲမှာလည်း မီးစတန်းက တစ်ဖက်၊ ကြိုးခွေကတစ်ဖက်၊ နောက်မှသိရသည်က မီးဝါယာကြိုးပေါ် အလျှူရှင်အဒေါ်ကြီးက လက်နှင့်ထောက်ဖိထားပြီး တရားနာနေသည်။ ရေစက်ချချိန် အရုပ်များမရရင် အဆူခံရမည်စိုးသည်နှင့် ကမန်းကတန်း ဝါယာကြိုးကိုဆောင့်ဆွဲလိုက်သည်တွင် အဘွားကြီး ဝမ်းလျားမှောက်လဲပြီပေါ့။

ဩော်. . တစ်ခုမဟုတ်တစ်ခုကတော့ ဖြစ်ကိုဖြစ်ရမည်။ အဘွားကြီးကငိုက်နေတာလည်း ပါတာပေါ့။ ဝါယာကြိုးကတိုနေတော့ ဖြစ်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၅)

### အလွဲ အမှတ် (၃)

မြန်မာဗီဒီယိုများ၏ထုံးစံအတိုင်း တက္ကသိုလ်မြကျွန်းသာပေါ့။ အင်းလျားကန်ပေါင်ပေါ်မှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပုံစံအတိုင်း ဇာတ်ဝင်ခန်း။ ပစ္စည်းများသယ်ချသူက သယ်ချ။ ဟိုနားတစ်စု၊ ဒီနားတစ်စုနှင့်။ ဖြတ်သွားဖြတ်လာများကလည်း မနည်းပါဘူး။ စနေနေ့မို့လားမသိ။ ဒါရိုက်တာက တစ်ဖုံတစ်ခုကိုစဉ်းစားနေပုံရသည်။ မင်းသားနှင့်မင်းသမီး မရောက်သေး။ ရှူတင်မန်နေဂျာကိုငွေသိမ်း၏ညီ ကိုသိမ်းမောင်က ဟိုပြေးဒီလွှား ဟန်းဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်ပြနေသည်။

"ကိုသိမ်းမောင် . . . မင်းသမီးဆီဆက်ပြီးပလား"

"ဟုတ်ကဲ့ အာစရိ . . . ခုခေါ်နေပါတယ် . . . လူကြီးမင်းက ခုတင်ပေါ်က . . အဲ . . ဟုတ်ဘူး . . . ဆက်သွယ်မှုပြင်ပရောက်နေလို့"

"ဒါဆိုလည်း မင်းသားဆီဆက်ဗျာ . . . သူတို့မရှိတော့ ဘာမှ လုပ်လို့မရဘူး . . . ဇင်မျိုး(တောကြက်ဥ)ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com


"မရောက်သေးဘူး ဆရာ . . . သူ့ယောက္ခမ လိပ်ခေါင်းထွက်နေလို့တဲ့ . . . ဆေးခန်းရောက်နေတယ် . . . တော်ကြာဆို ရောက်တော့မယ်တဲ့"

"ဟုတ်ပြီလေ . . . ရောက်တာနဲ့ မနေ့ကအဝတ်အစား အဆက် လဲခိုင်းထားလိုက် . . . ဒီ Seen တွေပြီးရင် စူပါမားကတ်ကို ပြောင်းရမှာ"

သိပ်မကြာဘူးဟုထင်မှတ်ရသောအချိန်ပိုင်းလေးအတွင်းမှာပင် မင်းသားရောက်လာသည်။ မင်းသမီးအခန်းကို ခေတ္တဖြုတ်ထားပြီး ရိုက်တော့မည်ဟုဆုံးဖြတ်လိုက်ပြီး

"ကဲ . . စက်အဖွဲ့တွေ လုပ်ကြဗျာ . . . Seen 10 ရိုက်ရအောင် . . . မင်းသားနဲ့ဇင်မျိုး အဝတ်ဆက်"

မင်းသားတပည့်ကပြေးလာပြီး ဒါရိုက်တာကို တိုးတိုးလေး ကပ်ပြောသည်။ အဝတ်အစားအဆက်ကျန်ခဲ့လို့ ပြန်ယူခွင့်ပြုပါတဲ့။ နာရီကိုကြည့်လိုက်တော့ ၁ ႏ ၃၀ ကျော်စပြုနေပြီ။ ဟယ် . . ဘာတတ်နိုင်မှာလဲ။ ဒီမင်းသားနှင့်ရိုက်ရဖို့ တော်တော်လေးရက်စောင့်ခဲ့ရသည်။ ဒါမှလည်း ဒါရိုက်တာကြေးရမှာလေ။ စောင့်ပေါ့။ မင်းသားကားလည်း ထွက်သွားရော ကိုရွှေကင်မရာမင်း၏တပည့်တစ်ယောက် ထပ်ရောက်လာပြီး

"အာစရိ . . ရိုက်ခွေတွေ မပါလာဘူး"

"ဟော့ ဘယ်လိုဖြစ်လို့လဲ . . . မနေ့က မသိမ်းကြဘူးလား"

"စက်ထိန်းဆီပါသွားတယ်လေ . . . ဒီကောင်က ဒီနေ့မလာဘူး"

"ဟ . . လုပ်ကြပါဦးဟ . . . ရှူတင်မန်နေဂျာ ကိုသိမ်းမောင်ရေ"

ရှူတင်ကားကိုကြည့်လိုက်တော့ မရှိတော့ဘူး။ ဘယ်ကိုသွား


www.burmeseclassic.com

www.burmeseclassic.com


လဲ၊ ဘာကိစ္စနဲ့သွားတာလဲမေးတော့

"မင်းသား လက်ဖက်ရည်သောက်ချင်လို့သွားဝယ်တယ်. . . အပြန်ကျရင် ရှူတင်ထမင်းပါ သယ်ခဲ့မယ်လို့တော့ပြောသံကြားတာပဲ"

"ဒုက္ခပါပဲကွာ. . . ရိုက်ခွေမရှိဘဲ ဘာနဲ့သွားရိုက်ကြမှာလဲ . . . သွား သွား. . TAXI တစ်စီးငှားပြီး ရိုက်ခွေသွားဝယ်. . . ပြဿနာပဲ"

ဇင်မျိုးက သရုပ်ဆောင်မဟုတ်သောမျက်နှာပေးနှင့် ဒါရိုက်တာအနား ကုပ်ချောင်းကုပ်ချောင်းလုပ်ကာ အနားကပ်လာပြီး

"အဟဲ. . အာစရိ. . ဟိုလေ. . ကျွန်တော်. . ."

"သိတယ် ကိုဇင်မျိုး. . . မနေ့ကတည်းက ခင်ဗျားပြောထားတာကို ခေါင်းထဲမှာထည့်ပြီးသား. . . ခဏဗျာ. . . မင်းသားအဝတ်အစားရောက်တာနဲ့ ဖြတ်ပေးမယ် ဟုတ်လား. . . ခဏလေးစောင့်"

ခဏလေးမစောင့်တာက မိုး။ ကောင်းကင်ပေါ်က သီကြားမင်းရေပိုက်နှင့် ဖြန်းချလိုက်သလို ညိုရာမှမည်း၊ မည်းရာမှ အတုံးလိုက်အတစ်လိုက်ပေါ့။ တဟောဟော စားသောက်ဆိုင်၏ထီးစုတ်လေးအောက် ခုံလေးတစ်ခုံအပေါ် ငုတ်တုတ်လေးထိုင်၊ ဖိုင်လေးညှပ်လို့ မိုးရေနှင့်အတူ သူ့မျက်ဝန်းထဲမှ မျက်ရည်တွေဝေ့လာသည်။

"ဒါရိုက်တာလုပ်ဦးမလားလို့ ယောင်းမလေးနဲ့ ခုတ်ခုက်မေးချင်တယ်"ဆိုသည့်သီချင်းလို အိမ်ကမိန်းမ၏မျက်နှာနှင့် သူ့နားကပ်၊ လက်စွပ်လေးတွေ ပြေးမြင်ယောင်လာသည်။ ကုမ္ပဏီက မင်းသားနှင့်မင်းသမီးမပါ။ ဒီရွှေ့ဒီမှူနှင့်လောက်အောင်ရိုက်၊ ပိုရင်ယူလိုရင်စိုက်ဟူ၏။ ခုပုံစံအတိုင်းဆိုလျှင် စိုက်ရဖို့များနေပြီ။ မိုးရေထဲမှာ ငုတ်တုတ်မေ့ပြီး သွေးတိုးနေတာက ဒါရိုက်တာ။ တဖြည်းဖြည်းနှင့် မိုးကစဲစပြုလာပြီး မင်းသားရော၊ မင်းသမီးပါရောက်ပြီး ရိုက်ခွေ


www.burmeseclassic.com

www.burmeseclassic.com

လည်းရောက်ပြီဆိုတော့ ရိုက်တော့မယ်ပေါ့။

"ကဲ . . ရိုက်လိုက်ကြရအောင်ဟေ့ . . . မကိုက်သေးဘူးဟ"

"အာစရိ . . မထူးတော့ပါဘူး . . . ထမင်းကျွေးလိုက်ရအောင် . . . မင်းသမီးက ဘာမှမစားလာလို့ပါတဲ့"

"လုပ်ကွာ . . လုပ်ကြတော့"

ပြန်ထိုင်နေလိုက်သည်။ ထိုင်နေအကောင်းသား။ အဲဒီလိုနှင့် မိုးလည်းတိတ် ထမင်းလည်းတိတ် . . အဲလေ . . စားပြီးပြီဆိုမှတော့ ရိုက်ရုံပဲပေါ့။

"ကင်မရာ ဒီကိုလာ . . . ဇင်မျိုးနဲ့မင်းသမီးက ဟိုခုံလေးပေါ်မှာထိုင် . . . ပြီးမှ မင်းသားဝင်မယ် . . ."

"ခဏနော်"

မင်းသမီးကခွင့်တောင်းလိုက်သည်။

ဩော် . . ဖုန်းကဝင်လာပြန်ပြီပေါ့။ သေသေချာချာကြည့်လိုက်တော့ ဘယ်ဂျာနယ်၊ ဘယ်မဂ္ဂဇင်းတိုက်ကမှန်းမသိဘူး။ ဂျာနယ်လစ်တစ်ယောက် ကက်ဆက်အသေးစားလေးထိုးပေးပြီး အင်တာဗျူးနေသေးသည်။

"တောက် . . အရေးထဲကွာ . . . သုံးနာရီကျော်နေပြီ . . . တစ် Seen မှမရိုက်ရသေးဘူး"

ဒါရိုက်တာက သူ့ဟာသူပြောပြီး သူ့ခြေသလုံးပုလွေရိုးလေးကို ငုံ့ကြည့်လိုက်သည်။

"အိမ်ပြန်ရမှာတောင် ကြောက်လာပြီ . . မိန်းမက ယောင်းမနဲ့ခုတ်မှာ ကျိန်းသေနေပြီ"

နာရီဝက်လောက်အကြာမှာတော့ အင်တာဗျူးကိစ္စပြီးသွားပြီ။ ကမန်းကတန်းရိုက်ဖို့စီစဉ်ရသည်။ အဲဒီအချိန်မှာပဲ ပြဿနာတစ်ခုက ထပ်တိုးလာပြန်ပြီ။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တောင်းပန်နေတယ်ဗျာ. . . လူမှားသွားလို့ပါလို့"

"မှားစရာလား. . မှားစရာလား. . . အတုမှန်း အစစ်မှန်း မသိရလောက်အောင် ရှင့်မျက်လုံးမပါဘူးလား"

"ဟုတ်ပါတယ်. . . ခါတိုင်းလည်း ကျွန်တော်တို့က ဒီလိုပဲ နောက်နေကျ၊ လုပ်နေကျမို့ပါ. . ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်ဗျာ"

"လုပ်တုန်းကလုပ်ပြီး ခုမှတောင်းပန်မနေနဲ့. . . လူတွေကြား ထဲ အရှက်ခွဲပြီးမှ. . . အဟင့် အဟင့် ဟီး"

ဘာတွေဖြစ်နေမှန်းတော့ မသိပေ။ လှမ်းကြည့်လိုက်တော့ ကင်မရာမင်းနှင့် ခုနကအင်တာလာဗျူးသည့် ဂျာနယ်လစ် အကြီး အကျယ်စကားတွေများနေသည်။ လူတွေကလည်း ဝိုင်းအုံကြည့်လို့။ စုံစမ်းကြည့်လိုက်တော့ အလားလား အကြီးကြီးမှအကြီးကြီးပဲ။

ဒီလိုဗျ. . ဒီလို။ ကင်မရာမင်းက သူ့ရှေ့. . အဲ. . ကင်မရာ ရှေ့က လူမလွတ်တော့ မတ်တပ်ရပ်ပြီးကုန်းကာ စတေဓာတ်ပုံရိုက် နေသည့် အင်တာဗျူးဂျာနယ်မမ၏တင်ပါးကို မင်းသမီးမိတ်ကပ်လိမ်း သည့် အလှဖန်တီးရှင်မှတ်ပြီး

"ဖြန်း. . ဖြန်း"

"ရှေ့ကဖယ်စမ်း. . . နေရာတကာကို ပါတယ်"

"အား. . အမလေး. . လက်ဝါးကြီးက ကြမ်းလိုက်တာတော်"

လှည့်ကြည့်လိုက်တော့ ကင်မရာမင်း။

"ဟင်. . ရှင်. . ရှင်. . မိုက်ရိုင်းလှချည်လား. . . ဟင်. . နှမချင်း မစာနာဘူး"

"ဟာ. . ဆောရီးဗျာ. . : ဟို. . ဟို. . ကျွန်တော်တို့အဖွဲ့ထဲ က မိတ်ကပ်လိမ်းတဲ့. . . စိုးစိုး. . စိုးစိုးမှတ်လို့"

"ဘာပြောတယ်. . . ဟိုက အခြောက်မလေး. . ငါက အစို

www.burmeseclassic.com



. . အဲ. . အစစ်"

အတုနဲ့အစစ်ကို လွဲမှားလိုက်သည့်ပြဿနာကတစ်ဆင့် ဒါရိုက်တာကြီးထံကူးစက်သွားပြီး အဲဒီနေ့ကတော့ ဒိုင်လျော်ရသည့်နေ့တစ်နေ့ပါပဲဗျာ။ နောက်ဆို ဘယ်ဟာအတု၊ ဘယ်ဟာအစစ်ဆိုတာ ခွဲခြားနိုင်ကြပါစေလို့. . . ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၆)

## အလွဲ အမှတ် (၄)

"အခါတော် ×× ပေးတာက ××× နတ်ရေးငယ်ရွှေစာ ×××"

အခါတော်ပေးသီဆိုသံကြောင့် အဝင်ဝမှာရိုက်နေရင်း ကမန်းကတန်းမင်္ဂလာခန်းမထဲကို ကင်မရာကြီးထမ်းကာပြေးဝင်လိုက်သည်။ ဖိနပ်သဲကြိုးက 'ထောက်'ခနဲပြတ်သွားသဖြင့် ဒူးထောက်လျက်လဲတော့သည်။ ကင်မရာကိုထိခိုက်မှာစိုး၍ လက်တစ်ဖက်နှင့် ထိန်းလိုက်ပြီး ကျန်လက်တစ်ဖက်က မိရာဆွဲလိုက်တော့ သတို့သား ဖခင်၏ ဘန်ကောက်ပုဆိုး။

"ဟာ"

"ဟင်"

"ဟယ်"

"ဟော့တော်. . . ခစ်ခစ်. . ဟီဟိ"

ကွင်းလုံးကြီး။ တော်ပါသေးရဲ့။ အတွင်းခံဘောင်းဘီပါလို့။ သတို့သားအဖေက ကမန်းကတန်းကုန်းပြီး ပုဆိုးကောက်ဝတ်မည်အလုပ်. . .



www.burmeseclassic.com

www.burmeseclassic.com


"ဟ. . ဘာကြီးလဲဟ. . . ငါ. . ဩ. . ဘာဖြစ်သွားပြီလဲ"

ဆိုပြီး ထခုန်လိုက်တာ ဒုတိယအကြိမ် ထပ်ကျွတ်ပြန်ရော။ ကင်မရာမင်းက ချက်ချင်းပြန်မထနိုင်သေးခင်မှာ သတို့သားအဖက ကုန်းပြီး ပုဆိုးအကောက် သူ့ရဲ့ပေါင်နှစ်လုံးကြားက မည်းမည်းပြောင်ပြောင် ကင်မရာအဝကြီးတွေ့လို့ လန့်ပြီးထပ်ခုန်လိုက်တာ မင်္ဂလာခန်းမကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။

"ကန်တော့နော် ဦးလေး. . . ကန်တော့. . . ဟို. . ဟို ဖိနပ်ပြတ်ပြီး. . ချော်. . ချော်လဲသွားလို့ပါ"

သူ့ပါးစပ်က ထွက်ပေါ်လာမည့်စကားလုံးများမလာခင်မှာပင် ကင်မရာမင်း သုတ်ခြေတင်ပြေးပြီ။

"ဟော့ကောင်. . ဟော့ကောင်. . . ငါ့ပုံတွေ ရိုက်လိုက်သေးလား"

လက်ကလေးခါပြပြီး မင်္ဂလာခန်းမစင်မြင့်ပေါ်ကို ပြေးတက်လိုက်သည်။ အပေါ်စီးမှနေပြီး ရိုက်စရာရှိသည်များကို ဒလစပ်ရိုက်လိုက်သည်။ နောက်ကမီးသမားများကလည်း အနီးကပ်ပေါ့။ ပြီးတော့ စင်ပေါ်မှဆင်းကာ ပရိသတ်တွေစားပွဲဝိုင်းများကြားထဲ တိုးဝှေ့ဝင်ကာ ရိုက်ကူးနေစဉ်

"ဗျောက်"

"ချလွင်. . ချလွင်"

မီးစတန်းကိုကိုင်ထားသည့်သက်ပြင်း လန့်သွားသည်။ မီးဖန်ချောင်းက အပူလွန်ကဲပြီး ထပေါက်ကာ စားပွဲဝိုင်းပေါ်မှာရှိနေသည့် ရေခဲမုန့်၊ လက်ဖက်ရည်ခွက်များထဲ ဖန်ကွဲစများဝင်ကုန်ပါလေရော။

ညှော်ပရိသတ်များက သတို့သား၊ သတို့သမီးဆီ အာရုံရောက်နေတော့ ဘယ်သူမှမသိလိုက်ကြပေ။


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့. . သတို့သားက နှာခေါင်းနည်းနည်းဖွဲ့တယ်နော်"

"ကျော်ထူးနဲ့ အမျိုးတော်လားမှမသိတာ"

"သတို့သမီးလေးကလည်း လှလိုက်တာ. . . ပြောရက်စရာမရှိဘူး. . . အမေ. . သမီးအလှည့်ကျရင် အဲဒါမျိုးချုပ်ပေးနော်"

ဩော်. . ရုပ်ချောတာ၊ ရုပ်လှတာကိုပြောတာမှမဟုတ်ဘဲ၊ သူ့ရဲ့ဝတ်စားဆင်ယင်မှုကိုပြောတာကိုး။

"အဟိ. . သတို့သားအဖေ ခုနကပုဆိုးကျွတ်ထားလို့လားမသိဘူး. . . မသိမသာကြည့်ဟဲ့. . . လက်တစ်ဖက်က ပုဆိုးကိုကိုင်ထားတယ်. . . မျက်လုံးကလည်း နောက်ကိုပဲလှည့်လှည့်ကြည့်နေတယ်. . . ရယ်ရတယ်နော်"

အတင်းတွေလည်း ပြော၊ ရေခဲမုန့်တွေလည်း စားပေါ့။ အဲဒီမှာတင်

"ကျလိ. . ကျလိ"

ရေခဲမုန့်ထဲက ဖန်ကွဲစတွေဝါးမိကုန်သည်။ မသိမသာနှင့်ဘေးကလူရဲ့ရေခဲမုန့်ပွဲကို လဲယူလိုက်ပြီး ထပ်စားလိုက်တော့လည်း

"ကျလိ. . ကျလိ. . ထောက်. . အမရေး. . "

လက်ဖက်ရည်ပဲသောက်သောက် မုန့်ပဲစားစား ဘယ်နေရာမှမလွတ်ဘူး။ ပိုဆိုးတာက မင်္ဂလာစင်မြင့်ပေါ်မှာ သတို့သားက သတို့သမီးကို ရေခဲမုန့်ခွံ့ကျွေးသည့်အချိန်

"ကျလိ. . ထောက်."

"အမရေး"

"ဟာ. . ဘာ. . ဘာဖြစ်တာလဲ"

သတို့သမီးပါးစပ်က သွေးတွေကျလာသည်။ ကမန်းကတန်းလက်ကိုင်ပဝါနှင့်သုတ်ပေးချိန် သတို့သမီးက ရေခဲမုန့်ကို လက်ခါးထဲသွန်ချလိုက်ပြီး ဆန်ကောထဲက စပါးလုံးရွေးသလိုမျိုး လက်နှင့်


www.burmeseclassic.com

www.burmeseclassic.com



လျှောက်စမ်းလိုက်တော့

"ဖန်. . ဖန်ကွဲတွေ"

မင်္ဂလာပွဲက ပြန်ထွက်လာသည့်ပရိသတ်များ၏မျက်နှာတွေက ရှုံ့မဲ့ပြီး တစ်သျှူးစလေးများ ပါးစပ်ကိုသုတ်လို့။

သတို့သား၊ သတို့သမီး နှစ်ဖက်မိဘများကတော့ မစားဘဲထားခဲ့သည့် ရေခဲမုန့်များကိုကြည့်ရင်း ဘာလဲဟာဟူသောအတွေးနှင့်။

ရိုက်ကူးရေးအဖွဲ့ကတော့ အစအန ရှာလို့မရတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


## အခန်းစဉ် (၇)

### အလွဲအမှတ် (၅)

"ဟော့ သူငယ်. . . ဘယ်မလဲ မင်းတို့ကင်မရာမင်း"

"ရှိပါတယ်. . . ဟောဟို. . ဟိုး. . ဟင်. . ဘယ်ရောက်သွားပါလိမ့်. . . ခုနလေးပဲရှိပါသေးတယ်"

"မတွေ့လည်း မြန်မြန်သွားရှာကွာ. . . တော်ကြာ ရှင်လောင်းတွေ လာတော့မယ်. . . ခုကတည်းက ပြောထားမယ်နော် . . . ဘယ်သူမှလည်း မသိပါစေနဲ့. . . ငါနဲ့ငါ့မိန်းမပုံတွေ များများပါအောင်ရိုက်. . ဟုတ်ပြီလား"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

"ဟုတ်ကဲ့ပြောမနေနဲ့. . . အလှူရှင် ခုနကလူကြီးကိုမှတ်မိလို့လား"

စက်အဖွဲ့ကတစ်ယောက် ဝင်ပြောတော့ မခံချင်စိတ်နှင့်

"ဘာလို့မမှတ်မိရမှာလဲ. . . နှာခေါင်းက ဘူတို၊ ဝက်ခြံတွေထူလပျစ်၊ ကွမ်းက စားသေး. . . တိုက်ပုံပန်းရောင်ဖျော့ဖျော့၊ ပုဆိုး


www.burmeseclassic.com

www.burmeseclassic.com

က. . . အဲ. . ပုဆိုးက. . မျက်နှာမှတ်မိရင်တော်ပြီကွာ. . ."

သူလိုကိုယ်လို အလှူလုပ်ရှင်ပြုရဟန်းခံသည့်နေ့မို့လို့လား မသိပါဘူး။ ဘုရားရင်ပြင်တော်ပေါ်တွင် အများကြီးပဲ။ ကင်မရာမင်း ကျေးဇူးရှင်ကို ဟိုလိုက်ရှာ၊ ဒီလိုက်ရှာပေါ့။ တွေ့မည့်တွေ့တော့ ကျား + မအိမ်သာထဲကထွက်လာသည်။ အပေါ့သွားနေလို့တဲ့။ သူ့အကျိုး အကြောင်းပြောပြလိုက်ပြီး စက်အဖွဲ့များ ကမန်းကတန်း ဗစ္စတ္တရီ ဘယ်သူကသယ်၊ မှန်ချပ်တွေယူသူက ယူနှင့် အတော်လေးအလုပ်ရှုပ် သွားသည်။ အရေးထဲ မာတ်လေ့ကားကမရတော့ ကုန်းကြောင်းပေါ့။ အဲ. . ဘုရားရင်ပြင်တော်ပေါ်ရောက်သွားပါပြီ။ တန်းစီပြီးလှည့်လာ သည့် ရှင်လောင်းမိသားစုကို ထိပ်စကစပြီး အဆုံးအထိ ကင်မရာမင်း က နေပူကြီးထဲမှာ ခြေဖျားလေးထောက်ပြီး လိုက်ရိုက်နေသည်။ ဘေး က မှန်ထိုးသည့်ကောင်များကလည်း ကပ်လျက်ပေါ့။ ရိုက်လိုက်ရတာ ဆုံးမဆုံးနိုင်ဘူး။ နောက်တစ်ဖွဲ့၊ နောက်တစ်ဖွဲ့နှင့် တော်တော်လေး မှ တော်တော်လေးကြာနေသည့်အချိန် ကင်မရာမင်းကို လူကြီး တစ်ယောက်က သူ့ပခုံးပုတ်ပြီး

"မင်းတို့ကို ငါကငှားလာတာ. . . ဘယ်သူတွေကို ရိုက်နေ တာလဲကွ"

"ဦးလေးတို့ရှင်ပြုကိစ္စလေ"

"ဘာကွ. . ငါတို့ရှင်ပြုမိသားစုက ခေါင်းလောင်းကြီးနားမှာ နေပူလို့စောင့်နေတာ. . . ဘုရားကိုပတ်နေတာ အခေါက်ပေါင်း မနည်းတော့ဘူး"

မျက်နှာကြီးကလည်း နေပူပြီး သပြေသီးမှည့်ပုံစံနှင့်။ ဒေါ်တွေ ကန်နေပြီ။ ဖြတ်သွားဖြတ်လာလူများက ကင်မရာမင်းနှင့် အလှူရှင် ကိုကြည့်ကြည့်ပြီး တစ်ခစ်ခစ်နှင့်ရယ်သွားလေ၏။ အလှူမှားပြီး ရိုက် နေတာကိုး။ ခုမှသဘောပေါက်သည်။ နောက်မှလူများ စက်အဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ပြောတော့ ဒါဆို"ဆိုသည့်ပုံစံဖြင့် လှည့်ကြည့်လိုက်တော့

"အာစရိ. . မျက်နှာကလွဲရင် အားလုံးတူတယ်. . . ဒါကြောင့်. . ."

"တော်တော့. . . ဒ်ပေါက်ဝေရင်း ကုလားစားရင်းပဲ. . . အဲလေ. . မင်းတို့အားကိုးရင် မှားလေပဲ. . . ခုနကအလှူရှင် ဘယ်ရောက်သွားလဲ. . . လိုက်ရှာဦးလေ"

"အာစရိ. . ခေါင်း. . ခေါင်း. . လောင်း"

"ခေါင်းလောင်းကြီးလို့ပြောစမ်းပါကွာ. . . စကားက မထစ်သင့်တဲ့နေရာ လာထစ်နေသေးတယ်. . . ကဲ လာ. . သွားကြမယ်"

အဲဒီအချိန်မှာပဲ စတေခာတ်ပုံသမားတစ်ယောက်က

"အစ်ကိုတို့ ဓာတ်ပုံရိုက်ဦးမလား. . . သုံးမိနစ်ပဲ စောင့်. . . အဲလေ. . ဆယ့်ငါးမိနစ်ပဲ စောင့်"

"ဟေ့ကောင်. . ငါတို့က ဗီဒီယိုမှတ်တမ်းရိုက်ကူးရေးအဖွဲ့ကွ. . . တောက်. . အလှူရှင်ပျောက်နေရတဲ့ကြားထဲ"

လူတွေက ထူထပ်နေသည်။ စက်အဖွဲ့ကပြောသည့် နှာခေါင်း ဘူတို၊ ဝက်ခြံတွေ ထူလပျစ်ပေါက်နေပြီး ကွမ်းစားသည့် တိုက်ပုံပန်းနုရောင်၊ ပုဆိုးမမှတ်မိကို ဟိုကြည့်ဒီရှာနှင့်သွားလိုက်တာ ခေါင်းလောင်းကြီးရှေ့တည့်တည့်မှာ ဘယ်လိုအထိမ်းအမှတ်ပြောရမလဲ။ မြစ်ဝကျွန်းပေါ်က သင်္ဘောထွက်သွားလို့ ကမ်းဘေးကလက်ဝှေ့ရမ်းပြသည့်ပုံစံမျိုးနှင့် မျက်နှာသုတ်ပဝါအရှည်ကြီးကို (ဆံချမည့် မျက်နှာသုတ်ပဝါ)ဆုပ်ကိုင်ပြီး မီးရထားအလံချိုးပြသလိုမျိုး ပြနေလေ၏။ သည်တော့မှ ကိုရွှေကင်မရာမင်းက မြင်သွားပြီး

"ဟာ ဟေ့. . ဟိုမှာ အချက်ပြနေတာ ငါတို့ကိုငှားတဲ့ အလှူရှင်မဟုတ်ဘူးလား"

"ဟုတ်တယ် အာစရိ. . . နှာခေါင်းကတော့ ဘူတိုပဲ. . .


www.burmeseclassic.com

www.burmeseclassic.com


ဟင်..တိုက်ပုံက...”

“လျှာမရှည်နဲ့...ငါတို့ကိုလိုက်ရှာရင်း ချွေးထွက်လို့ချွတ်ထားတာနေမှာ”

“ကိုယ့်ထမင်းရှင်တောင် မမှတ်မိတဲ့ကောင်တွေ...အိမ်ရောက်မှတွေ့မယ်”

အံမယ်..သူက အမှတ်ယူနေသေးသည်။ သူတောင်မမှတ်မိတဲ့ဥစ္စာ။ ဘယ်ကဘယ်လိုလျှောက်ပြီး ဘယ်လိုဖြတ်မည်။ ဘယ်လိုပုံစံပေ့ါ။ ကင်မရာမင်းနှင့် အလှူရှင်တိုင်ပင်ပြီးရိုက်ပြီ။ တန်းစီလျှောက်ပေ့ါ။ ကင်မရာမင်း ဂြိုဟ်တိုင်တစ်ခုကြားက ငုတ်တုတ်ထိုင်ပြီး ရှေ့ကဖြတ်သွားမည့်ကွမ်းတောင်ကိုင်များကစပြီး နောက်ဆုံးဒိုးဝိုင်းအထိ။ ကွမ်းတောင်ကိုင်လေးများက ပြုံးရွှင်သောမျက်နှာပေးလေးများနှင့် ကင်မရာ၏ညာဘက်ကိုဖြတ်လျှောက်ပေ့ါ။ ပြောပြီးသား။

“လျှောက်..ဖိုက် ဖိုး သရီး တူး ဝမ်း..အက်ရှင်..အင့်”

“ဖုန်း”

“ဒါ...ကားရိုက်နေတာမဟုတ်ဘူး...ဘာလဲ ဖိုက် ဖိုး သရီး တူး ဝမ်းတွေ လျှောက်အော်နေတယ်”

“တည့်တည့်..တည့်တည့်..ပြုံးထား ပြုံးထား...ငါးခုပြုံးလေး”

ကင်မရာမင်းဘေးမှ စက်ထိန်းလှမ်းအော်ပြောနေသည်။ ပန်းတောင်ကိုင်ကောင်မလေးများ မူလပထမပြုံးပြီး ပြုံးတာမှတော်တော်လေးပဲ ပြုံးပြုံးပြီးလျှောက်လာသည်။ ကင်မရာရှေ့လည်းရောက်ရောမျက်နှာကို တစ်ဖက်လွှဲ (သို့မဟုတ်) ခေါင်းတွေ ငုံ့ငုံ့သွားတော့ ကင်မရာမင်း ဒေါသတွေဖြစ်နေပြီ။ ဗိုက်ကလည်းဆာ နေကလည်းပူနှင့်။

“ဟိတ်ကောင် မောင်မောင်...ပြန်လျှောက်ခိုင်း...


www.burmeseclassic.com

www.burmeseclassic.com


မျက်နှာတွေ တစ်ခုမှမရဘူး"

"ဟုတ်ကဲ့ အာစရိ. . . ဒီကအစ်မတွေ ပြန်လျှောက်ပေးပါတဲ့"

အလှူရှင်မိသားစုကတော့ သပိတ်တွေလွယ်၊ ကန်တော့ပွဲတွေရွက်နှင့် မျက်နှာတွေက တော်တော်လေးမှ တော်တော်လေးညှိုးနွမ်းပြီး ဒေါသတွေဖြစ်နေပုံရသည်။

"လျှောက်. . . ကင်မရာမင်းဘက် ပြုံးပြီးကြည်နူးစွာနဲ့ သွားပါ. . . သွားလိုက်ပါ"

ဘေးကစက်ထိန်း အော်ပေးသည်။ ကင်မရာမင်းကတော့ ဆောင့်ကြောင့်ထိုင်ပြီး အားရပါးရရိုက်နေလေသည်။ ထုံးစံအတိုင်း ကောင်မလေးများက ခေါင်းငုံ့သူကငုံ့။ မျက်နှာလွှဲသူက လွှဲ၊ ယပ်တောင်နှင့်ကွယ်သူက ကွယ်နှင့်။ ကင်မရာမင်းကြီး ဒေါသတွေ စိုးရိမ်ရေမှတ်ကျော်သွားသည်။

"ခင်ဗျားတို့မျက်နှာလေးတွေ ပေါ်အောင်ရိုက်နေတဲ့ဥစ္စာ. . ဘာဖြစ်လို့ ခေါင်းတွေငုံ့၊ ခေါင်းတွေစောင်း၊ ယပ်တောင်တွေနဲ့ မျက်နှာတွေကိုကွယ်သွားရတာလဲ. . . မျက်နှာကိုရိုက်နေတာ. . . မျက်နှာကို ရိုက်နေတာဟော့"

နှာခေါင်းဘူတို၊ စွပ်ကျယ်အဖြူလက်ပြတ်၊ တိုက်ပုံပန်းနုရောင် ပခုံးပေါ်တင်၊ ပုဆိုးအဝါကွက်ကြားစိပ်နှင့်အလှူရှင်က

"ကောင်မလေးတွေ ခေါင်းငုံ့ငုံ့သွားပြီး မျက်နှာလွှဲတာလည်း မပြောနဲ့လေကွာ. . . ငါ့ဒွားတာ ကင်မရာတစ်လုံးတည်းကွ"တဲ့။

ဟိုက်. . ဟုတ်ပ။ ခုမှသတိရသည်။ စောစောက အပေါ့်သွားပြီး ဘောင်းဘီကို ဇစ်ပြန်မတပ်မိဘူး။

လှဲပြန်ပဟ. . လှဲပြန်ပဟ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၉)

### အလွဲ အမှတ် (၆)

"နောက်ထပ် လာချင်လာပါ ××× မထူးဆန်းတော့ပါ ××× ထီပေါင်ပေ ××× ထီပေါင်းပေ ××× ပေထီ ပေါင်းပေ ××× ထီးပေါင်းပေ ××× ဒူးရှဲ ×× ဒူးရှဲ ×××"

ဆိုသူကတခြား၊ တီးသူက တစ်လွဲ၊ နတ်ကန္နားပွဲ။ နတ်တွေက ခေတ်မီသည်။

တင်တင်မြလက်ထက်မှ Lဆိုင်းဇီအထိ။

ထွန်းထွန်း၊ ရဲလေး၊ Rဇာနည်၊ ဝိုင်းဝိုင်း၊ ဟဲလေး၊ ဖြိုးကြီး၊ မျိုးကြီး၊ ဇီးကြီး. . အဲလေ. . IC အထိ နတ်မျိုးစုံလျှင် နွဲ့လိုက်ချင်သည်ဟုပဲ ခေါ်မလား။ မမနဲ့ကလည်း

"မင်းလက်ကလေး ကိုင်ချင်လို့ ××× တစ်စက္ကန့်လောက် ခွင့်ပြုပါ"တဲ့။

"မိုးရေတွေစိုနေတဲ့ မင်းလေးကို ××× ငါစွဲလန်းလို့ ××× မင်းအကြည့်နဲ့ မင်းအသံလေးကြောင့် ××× ခဏလေးအတွင်းကို



www.burmeseclassic.com

www.burmeseclassic.com 

ငါချစ် မိခဲ့ xxx"

ဩော် ဒီလိုလား။ ငါလည်းဆိုတတ်တယ်ဟော့တဲ့။ အမေပုပ္ပါး မယ်တော်က

"အဘိုးကြီးလည်း Rap xxx အဘွားကြီးလည်း Rap xxx မွေးကင်းစအာပြဲလေးလည်း Rap xxx ခွေးလိုက်လည်း Rap xxx ကြောင်ကုတ်လည်း Rap xxx ပုပ္ပါးလည်း Rap တဲ့ဟော့"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

နတ် Live Show များဖြစ်နေမလား။ အဲ. . မတ်တပ်ရပ်ကြည့်နေသည့်သူများရော၊ ပြတင်းပေါက်မှ ချောင်းကြည့်နေသည့်သူများရော နောက်ဖေးမီးဖိုချောင်ကဝင်လာသူများရော Free Show ပဲ တဖြည်းဖြည်းနှင့် နတ်ကန္နားပွဲက မျှော်စင်ကျွန်း Show ထက် လူတွေပိုများလာပြီ။ ခြံစည်းရိုးတွေ ကျိုး၊ ပြတင်းပေါက်တံခါးတွေ ပြုတ်ကျနှင့် အဲဒီအချိန်မှာပဲ ဖေကြီးကျော်က အားလုံးနည်းတူ အားကျမခံ ချော့လိုက်သည့်တေးတစ်ပုဒ် ရွေးထုတ်ရမှာဖြင့်

"အားလုံးပါးစပ်အဟောင်းသားနဲ့ မိန်းကလေးတွေ အရမ်းမိုက်တယ် xxx နှလုံးသားကို ခုတ်လိုက်တယ် xxx ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် xxx မျက်စိတွေအဝိုင်းသားနဲ့ xxx အရမ်းမိတယ် Heart ထိတယ် xxx ငမ်းမိတာမဆန်းဘူးကွယ် xxx ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် xxx ဟေး ဟေး (အရမ်းမိုက်တယ်) အရမ်းမိုက်တယ်"

ကိုကြီးကျော် (ခ) ဖေကြီးကျော်က စိုင်းစိုင်းခမ်းလှိုင်ပုံစံနှင့် ဟိုမရောက်ဒီမရောက်ကနေသလို နောက်ကပတ်မကြီးနှင့်စည်တို့က လည်း ပွဲတင်ဟိန်းမတတ်အောင်ပါပဲ။ ဝုန်းဒိုင်းကိုကြလို့။

ရိုက်နေသည့်ကင်မရာမင်းကို ဖေကြီးကျော်က လက်ယပ် လှမ်းခေါ်ပြီး ဒူးထောက်ခိုင်းလိုက်သည်။ ကင်မရာမင်းလည်း နိပ်တာ



www.burmeseclassic.com

www.burmeseclassic.com


ပေါ့။ ချက်ချင်းထိုင်ချပြီး ကင်မရာကိုဘေးချ၊ ပါးစပ်မော့ပေးလိုက်တော့ ဝီစကီတွေသွန်ချပေးလိုက်သည်။ စက်အဖွဲ့တွေ တစ်ယောက်ပြီးတစ်ယောက် ပထမတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ်မှာတော့ အားလုံးမူးကုန်ပြီ။ ခေတ်ကြိုးကိုင်ရင်း ပစ်လဲသူကလဲ၊ စားအပ် မစားအပ်မသိ နတ်ကွန်းပေါ်က လက်ဖက်တွေ၊ ပန်းသီးတွေယူစားလိုစားနှင့်။

ချော့သူက ချော့၊ ကသူက က၊ ပိုက်ဆံငါးဆယ်တန်၊ နှစ်ဆယ်တန်တွေ ကြဲသူက ကြဲ၊ လုသူက လု၊ ဒီကြားထဲ ရှူးကြောင်မူးကြောင်နှင့် ဖေကြီးကျော်ကိုထိန်းသလိုဘာလိုလိုနှင့် ဖေကြီးကျော်ခေါင်းပေါင်းစထဲမှာထိုးထည့်ထားသည့် ထောင်တန်နှစ်ရွက်ကို မသိမသာလှမ်းအယူ ဖေကြီးကျော်၏လက်က ဖျတ်ခနဲလှမ်းဆွဲလိုက်ပြီး လေသံတိုးတိုးနှင့်

"မလုပ်နဲ့လေ. . . ဒါမျိုးမရဘူး. . . ငါ မမူးသေးပါဘူးကွ"

"ဟို. . ဟို. . ပြုတ်. . ပြုတ်ကျမှာစိုးလို့ သိမ်းပေးထားမလို့"

"နောက်ဆုတ်စမ်း"

လူသံတွေ၊ ဆိုင်းသံတွေနှင့်ဆိုတော့ သူတို့နှစ်ယောက်၏စကားသံပြဿနာကို ဘယ်သူမှမသိလိုက်ကြပေ။

"ကဲ. . ရွှေဖလားပေးဟ. . . ဖေကြီးကျော် ကြက်တွန်တော့. . . အဲ ကြက်တိုက်တော့မယ်. . . ဟဲ့. . ဟဲ့ကောင်မတွေ. . . ညည်းတို့ ရွှေမရှားငွေမရှားနေချင်တယ်ဆို. . . ထည့်ကြစမ်း. . . ထည့်ကြစမ်း"

လက်နှစ်ဖက်ပေါ်တင်ထားသည့် ကြေးရောင်သမ်းနေသောရွှေဖလားတွေထိုးပေးလိုက်တော့ ဟိုလူကထည့်၊ ဒီအမျိုးသမီးကထည့်နှင့် ပြည့်လျှံမောက်ပြီးတောင် နေလိုက်သေးသည်။ ဖေကြီးကျော်က ဖလားထဲမှ ငွေစက္ကူများကို လက်နှင့်ဖိသိပ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာ


www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်တွေ၊ စိန်ရောင်တွေ တဖြတ်ဖြတ်တောက်နေသည့် အမျိုးသမီးတစ်ဦးကို လက်ညှိုးထိုးလိုက်ပြီး

"ဟဲ့ မောင်းမငယ်. . . အပူသည်မ. . . လာထည့်ဦးေ. . . နင့်လင်တော်မောင် နိုက်ကလပ်တို့၊ KTV တို့မသွားရအောင ဟောဒီရွှေဖလားနဲ့ ခြေမများရအောင် အဖေတားမယ်ဟေ့"

ဘေးကလူများက တအံ့တဩနှင့် ဝိုင်းလှည့်ကြည့်တော့ သူ့ခမျာ မနေနိုင်ရှာတော့ပါဘူး။ မြန်မြန်လေးသွားထည့်မှဖြစ်တော့မည်။ တော်ကြာ ကြာလေအရှက်ကွဲလေဖြစ်တော့မည်။ ရှက်တာက လင်မှမရှိတဲ့ဥစ္စာ၊ အပျိုကြီးမို့လို့။

ပွဲကလှနေပြီ။ တော်တော်လေးမှ တော်တော်လေးလှနေပြီ။ ဖေကြီးကျော်မျက်နှာအနီးကရိုက်ဖို့အတွက် လူအုပ်တွေကြားထဲက ကျော်လွှားခွသွားလိုက်သည်။ နောက်ကလည်း တပည့်တွေက မီးစတန်းတွေကိုင်ပြီးလိုက်လာသည်။ ဝါယာကြိုးများက အောက်ကခင်းထားသည့် သင်ဖြူးဖျာပေါ်တွင် ဖျာတွေကလည်း ရေတွေစို၊ အရက်တွေစိုနှင့် တော်တော်လေးစိုထိုင်းနေသည်။ ဖေကြီးကျော်ကတော့ သူ့ခေါင်းပေါင်းစထဲမှာရော၊ ရွှေဖလားထဲမှာပါ ငွေစက္ကူတန်တွေအများကြီး။ နောက်ကပတ်ဝိုင်းဆရာကိုငဲ့မြီးကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ကြက်တိုက်တော့မည်ပေါ့။

"ကိုင်း ရှော်စားရေ. . . ဒုက္ခမီးတွေငြိမ်းရအောင်. . . ပုလင်းထောင်ရင်းနဲ့ အလင်းရောင်ဆို ××× ထီးဖောင်းဖေ ×× ထီးဖောင်းဖေ ×× ထီးဖောင်းဖေ ×× "

ပတ်မသံနှင့်တည်လိုက်ပြီး နတ်ဒိုးစဝင်သည်။

"အလင်းရောင် ×××

သန်းခေါင်ယံ ညနက်ထဲ ××× ကြယ်စင်များ အိပ်စက်ပြီ ×××

အလင်းရောင် ××× အလင်းရောင် ××× ဟေ့"



www.burmeseclassic.com

www.burmeseclassic.com


ပွဲကဆူပြီ။ ဖေကြီးကျော်က လေးဖြူပုံစံမျိုးနှင့် လက်ထဲက ရှမ်းဖလားနှစ်ခွက်ကို လက်ဝါးပေါ်တင်ပြီး ဘယ်ကမြောက်လိုက်၊ ညာပြန်မြှောက်လိုက်နှင့် ခုန်ပေါက်ကနေပြီ။ တစ်ကိုယ်လုံးလည်းတုန်လို့။ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်၊ တဖြည်းဖြည်းနှင့် တစ်နာရီကျော်စပြုလာပြီ။ ဖေကြီးကျော် မထွက်သေးဘူး။ တစ်နေရာတည်းတုန်ပြီး ကနေသည်။ နောက်က သီချင်းဆိုပေးသည်လူရော၊ ပတ်မတီးရော၊ လက်တွေညောင်း၊ ပါးစပ်တွေပါညောင်းလာပြီ။ ကင်မရာမင်းက Zoom တွန်းသွင်းလိုက်တော့

"ဟိုက်. . ပါးစပ်ထဲက ဘာတွေလဲ. . . ငါပဲ မူးနေလို့လား"

သေသေချာချာကြည့်လိုက်တော့မှ အမြှုပ်တွေ၊ အမြှုပ်တွေ သတိပေးမလို့အနားကပ်ပြီး ဖေကြီးကျော်လက်လည်းကိုင်လိုက်ရော ကျင်စက်နှင့်တို့လိုက်သလို နှစ်ယောက်စလုံး ကျွမ်းပျံသွားသည်။

"ဖုန်း"

"အမရေး. . . တေပါပြီ"

"ဓာတ်. . ဓာတ်လိုက်နေတယ်ဟ. . . ဝါယာကြိုးပေါက်ပြီး အပ်ဝင်နေတယ်. . . မိန်းချ. . မိန်းချ. . . လူနာတင်ကားခေါ်. . . ဖေကြီးကျော်ကို ဆေးရုံပို့မှရတော့မယ်. . . လုံးဝသတိမရတော့ဘူး . . . ကင်မရာမင်းပါ တင်ပါဟ. . . "

ဆူညံပွက်လောရိုက်ရင်း ကန္တားပွဲ သိမ်းလိုက်ရပါတော့သည် ခင်ဗျား. . . ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၁၀)

## အလွဲအမှတ် (၇)

ထုံးစံအတိုင်း မိုးတွင်းဘက် ရုပ်ရှင်ကားကြီးရိုက်ရတာ မလွယ်ရေးချ မလွယ်။ ဗီဒီယိုက တော်သေး။ မိုးရွာရင် နီးစပ်ရာအမိုးအကာအောက် ကင်မရာလေးထမ်းပြီး ပြေးဝင်လိုက်ရုံပဲ။ ရုပ်ရှင်ကားကြီးရိုက်ရတာ မလွယ်ဘူး။ မီးတွေဆင်၊ ထော်လီတွေ၊ ကရိမ်းတွေဆင်ပြီးရင် မီးတွေပြန်ချိန်၊ ကင်မရာစက်ကြီးကို ဝိုင်းမ၊ နေရာချ၊ သရုပ်ဆောင်တွေကို ရီဟာဇယ် ခဏခဏအကြိမ်ပေါင်းများစွာလုပ်၊ နည်းနည်းလေးမှ အမှားမခံဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖလင်ကဈေးကြီးကြီးနှင့် ဝယ်ရသည်။

ရီဟာဇယ်လုပ်ရမှာ ပျင်းသည့်မင်းသား၊ မင်းသမီးဆို သေပြီဆရာပဲ။ သူတို့က လွယ်လွယ်လေး 'ဆောရီး'လို့သုံးလိုက်ပေမယ့် ဖလင်က စက္ကန့်နှင့်အမျှ မဆောရီးဘူးလေ။ အဲဒီတော့ ဘာဖြစ်လဲ။ ဒါရိုက်တာဘဝက ပြန်မပြောရ၊ နားထောင်ပေါ့။ ဟုတ်တယ်လေ။ ပြန်မပြော နားမထောင်လို့မရဘူး။ သူတို့ကို အတိုက်အခံလုပ်မိရင်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမရိုက်နိုင်ဘူးလို့ တစ်ခွန်းပဲပြော၊ မီးဖိုချောင်နှင့်မိသားစု ခိုင်ထူး၏ 'အဝေးဆုံး'သီချင်းပဲ။ လုံးဝလုံးဝသင့်တင့်လျောက်ပတ်မျှတစွာ လိုက်လျောညီထွေစွာနေတတ်မှ အလုပ်လုပ်ရမှာ။ ရုပ်ရှင်ကားကြီး တစ်ခန်း တစ် Seen ကင်မရာကြီးထောင်ပေးထားပြီး ဟိုလူဝင်စကားပြော၊ ဒီလူဝင်စကားပြော ပြန်ထွက်ဆိုပြီး အငြိမ့်တွေ၊ ပြဇာတ်တွေ ရိုက်သလိုမျိုးရိုက်ရင်တော့ တစ်နေ့တည်း သုံးလေးခန်း၊ လေးငါးခြောက် Seen ပြီးတာပေါ့။ ရုပ်ရှင်ဒါရိုက်တာပညာ မပါတော့ဘူး။

အားလုံး အဖက်ဖက်ပြည့်စုံပြီ၊ ရိုက်တော့မည်ဆိုမှ ဘေးကလာရပ်ကြည့်သည့်ပရိသတ်များထဲမှ စကားပြောသံ၊ ချောင်းဆိုးသံ၊ နှာချေသံ၊ ကလေးငိုသံ စသည်ဖြင့် တစ်ခုခုပေါ့။ အဲဒါမျိုးအသံတွေ မထွက်ပေါ်လာအောင် တော်တော်လေးကြိုးစားရိုက်ကူးရသည်။ မိုးရွာပြီဆိုရင် ပစ္စည်းတွေပြန်ဖြုတ်၊ နေပူရင်ပြန်ဆင်နှင့် ဘဝသံသရာထဲက မထွက်ဘူး။ ဒီနေ့လည်း တိုင်းရင်းသားကျေးရွာထဲမှ မြန်မာအိမ်နှင့်မလှမ်းမကမ်းမှာ ကားကြီးရိုက်ဖို့ ပစ္စည်းတွေဆင်နေကြပြီ။

"ဦးတင့်ဆန်း. . . မင်းသား မင်းသမီးတွေချိန်းပြီးသားနော်"

"ဟုတ်ကဲ့. . . ပြောပြီးဆိုပြီးသား"

"အိုကေ. . . ကျောက်ဖြူ ခဏ"

ကင်မရာမင်း ကျောက်ဖြူ ဒါရိုက်တာနားရောက်လာသည်။ ဒါရိုက်တာက တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားပြီး

"ကိုကျောက်ရေ. . . ဟိုးသစ်ပင်အမြင့်ကြီးကနေ ဒီကောင်ဒီမလေးရှားပိတောက်အသေးကို ကြိုးဆင်မယ်. . . သဘောက အမြင့်ကနေပြီး အနိမ့်ပိုင်းကိုလျှောဆင်းမယ်. . . ကလေးတွေအကြိုက်ပေါ့ . . . မင်းသားစိတ်ကူးယဉ် စူပါမင်းဝတ်စုံနဲ့. . . အဲဒီတော့ ကိုကျောက်က အောက်ကပင့်ရိုက်မယ်. . . တတ်နိုင်သလောက် ကြိုးတွေမပါစေချင်ဘူး"



www.burmeseclassic.com

ကြိုးတွေဆင်ပြီး ကင်မရာနေရာချပြီး မင်းသားအစား လူစားထိုး။ မင်းသားနဲ့ ဆိုက်တူဂိုက်တူတစ်ယောက်ကို စူပါမင်း ဝတ်စုံဝတ်ပေးပြီး ရိုက်ကူးဖို့ပြင်ဆင်နေပြီ။

"ကြိုးကရိန်းအဖွဲ့ ရယ်ဒီဖြစ်ရင်ပြော. . . ဆိုင်လင့်တစ်ကဒ် ပဲ"

အဲဒီမှာတင်လွဲပြီ။ ပြဿနာစဖြစ်ပြီ။ ပြဿနာက ကြိုးဆင်တဲ့လူတွေ။ စူပါမင်းလုပ်မည့်လူရဲ့အလေးချိန်ကို ထည့်မတွက်ဘဲ မှန်းလုပ်လိုက်တော့ တကယ်တမ်းကားရိုက်မယ်လည်းလုပ်ရော ဝိတ်က များပြီး အောက်ကိုအိကျနေသည်။ မိုးလေဝသအခြေအနေနှင့် ပြန်ပြီး ပြင်ဆင်ချိန်မရတော့ဘူး။ ဒါရိုက်တာသိရင် ဆူမှာစိုးလို့ ကိုယ့်နည်း ကိုယ့်ဟန်နှင့်ပဲ ရိုက်လိုက်တော့မယ်ပေါ့။

"ကင်မရာ ရယ်ဒီနော်. . .

အက်တာ ရယ်ဒီ. . .

ကြိုးအဖွဲ့ ရယ်ဒီ"

ကင်မရာမင်းကျောက်ဖြူ ပက်လက်လှန်ပြီး လက်မထောင်ပြလိုက်သည်။

"ရယ်ဒီ. . ရိုက်"

ကြိုးဆွဲသည့်အဖွဲ့က စူပါမင်းကိုမကြည့်တော့ဘူး။ ကျောပေးပြီး ပခုံးပေါ်မှာ ကြိုးစတင်၍အသားကုန်ပြေးရာ ကြိုးက လျှော့ခနဲဖြစ်ပြီး လူဝိတ်ကြောင့် အောက်ကိုတော်တော်လေးနိမ့်ကျကာ ရှိရှိသမျှ အပင်မျိုးစုံတို့ကို စူပါမင်းဗိုက်နှင့်ဖြတ်တိုက်သွားပါတော့သည်။ စူပါမင်းဗိုက်တစ်ခုလုံး စုတ်ပြတ်သတ်ကာ

"ကျလိ. . ကျလိ. . . ဝေါ. . . "

ကင်မရာမင်းပေါ်ကဖြတ်ကျော်သွားပြီး 'ဟိုက်' စူပါမင်းဆန့်ထားသောလက်ကို နေရာပြောင်း၍ မျက်နှာရှေ့ ကြက်ခြေခတ်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလိုက်ရသည်။ မပြောင်းလို့လည်း မရတော့ပါ။ အဘယ်ကြောင့် ဆိုသော်. . .

"ဖုန်း. . "

"အမရေး. . တေ. . ပြီ"

"ဟိုး. . ကဒ်. . ကဒ်"

ဒါရိုက်တာက ကဒ်ဟုအော်သံကြားတော့မှ ကြိုးဆွဲအဖွဲ့က လန့်ပြီး ကြိုးစလွှတ်လိုက်ရာ သစ်ပင်နှင့်ပြေးဆောင့်သော ကိုရွှေစူပါမင်းမှာ ဒုတိယအကြိမ် ကင်မရာမင်းပေါ်သို့

"အွန့်"

"အင့်. . အား. . နာ. . နာ. . အောင့်. . အောင့်. . တယ်"

ဟိုလူဝိုင်းနှိပ်၊ ဒီလူဝိုင်းနှိပ်နှင့် စူပါမင်းရော၊ ကင်မရာမင်းရော 'မင်း'နှစ်မင်း အလူးအလဲခံလိုက်ရသည်။ ဒါရိုက်တာက ဆဲဆိုဆူညံနေပြီးပေါက်ကွဲကာဖြင့် ရှူတင်တစ်ခုလုံး ပွက်လောရိုက်နေချိန်မှာပင်

"ဟော. . မင်းသားလာပြီဟေ့"

ဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီးကို ရေပုံးကြီးကြီးဖြင့် မနိုင်မနင်းမကာ သွန်ချလိုက်သကဲ့သို့ ဒါရိုက်တာထံမှ အသံမျိုးစုံတို့ ချက်ချင်းငြိမ်ကျသွားပါတော့သည်။

"အဟဲ. . မင်းသား အိပ်ရေးဝရဲ့လား. . . ဘာစားပြီးပြီလဲ . . . ကော်ဖီသောက်မလား"

"အားလုံးပြည့်စုံသွားပြီ. . . ကားရိုက်ဖို့ပဲ ကျန်တော့တယ် . . . အဲ. . တစ်ခုပဲရှိတယ်. . . ဒီတစ် Sean ပြီးရင် ခဏပြန်ဦးမယ် . . . သားနဲ့သမီးကို ဈေးထဲမှာပစ္စည်းလေးတစ်ခု အဲဒါ. . အဲဒါ. . ဝယ်ပေးချင်လို့ဗျာ. . . ပူဆာလွန်းလို့ပါ. . . ရတယ်မဟုတ်လား"

"ဟာ ရပါတယ်. . . တခြားဟာတွေ ရိုက်ထားလို့ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com


. . . သွားပါ သွားပါ. . . ရှူတင်မန်နေဂျာကြီးရေ. . . ကင်မရာမင်း သက်သာရင် ဒီဘက်ကိုရွှေ့မယ်"

"အိုကေ. . . အားလုံးပြောပြီးဆိုပြီးသား"

ပြောလိုက်လျှင် ပြောပြီးဆိုပြီးသားချည်းပဲ။ ပြီးမှ လွဲတော့သည်။

မင်းသားက တစ်ယောက်တည်းစိတ်ကူးယဉ်၍ စကားပြောမည့်အခန်း။ ကင်မရာက ဘေးတိုက်လိုက်ပြီးရိုက်မည်။ အောက်က ထော်လီခုံနှင့်သွားမည်ဟု ဒါရိုက်တာကပြောသဖြင့် ထော်လီလမ်းကြောင်းတွေချသူက ချ၊ ဆင်သူက ဆင်နှင့် အားလုံးကိုစွပြင်ဆင်ပြီး စ-ရိုက်ပါပြီ။

"ပိုက်ဆံဆိုတာ သုံးတတ်ဖို့လိုတယ်. . . ဘယ်လိုသုံးရမလဲ . . . ဟောဒီလို အဝတ်အားတွေဝတ်မယ်. . . ဟောဒီလို အစားအသောက်တွေဝယ်မယ်. . . ဟောဒီလို ကာရာအိုကေဆိုမယ်. . . နိုက်ကလပ်တက်မယ်. . . ကောင်မလေးတွေကို မုန့်. . "

"ဒုတ်"

"အမရေး"

"ဟိုး ဟိုး. . ကဒ်. . ကဒ်"

မင်းသားက မျက်နှာကြီးနီလို့။ နဂိုရ်ကမှ ဆံပင်ကမသန်လို့ စိတ်ညစ်နေရသည့်ကြားထဲ အနည်းငယ်ပြောင်စပြုနေသည့် ငယ်ထိပ်တည့်တည့်ပေါ်ကိုမှ ဘွန်းတံ(ဝါးလုံး (သို့မဟုတ်) အလူမီနီယံအပေါ်စား တုတ်သဏ္ဍာန်အရှည်တွင် မိုက်ခရိုဖုန်းရောစပ်ချည်နှောင်ထားသောအရာဝတ္ထု၊ တစ်နည်း အသံဖမ်း) ထဲမှ မိုက်ခရိုဖုန်း ပြွတ်ခနဲဆို ပြုတ်ကျပြီး ဘုထွက်သွားတော့သည်။ ဘုထွက်တာကို ဒီလောက်စိတ်မဆိုးဘူး။ ဘေးကလူတွေ ပြောပြောပြီးရယ်နေသဖြင့် ရှက်ပြီးဒေါသန်ကာ ကားမောင်းထွက်သွားပါတော့သည်ခင်ဗျား။


www.burmeseclassic.com

"မင်းသားက ရှေ့လည်းပြောင်၊ နောက်လည်းပြောင်နဲ့ ဟီဟိ"

"အဲဒီလိုကြီးတော့ မပြောပါနဲ့ဟယ်. . . အဲဒီပြောင်နေတာလေးကိုက ချစ်ဖို့ကောင်းတာဟဲ့"

"ဒီလိုမှန်းသိရင် ဆံပင်ပေါက်ဆေးကြီးပြီးဝယ်လာပါတယ်ဟယ်. . . ခုတော့ သနားစရာလေး. . . ငယ်ထိပ်ဘုထွက်သွားပြီ . . . ဟီဟိ"

ဝေါခနဲ ရယ်သံတွေနှင့်အတူ ဝေါခနဲမောင်းထွက်သွားသည့် မင်းသားကား။

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၁၁)

## အလွဲအမှတ် (၈)

"ကဲ. . ပြန်လိုက်ဦးမယ်နော်. . . ဒီလင်ဒီယား. . အဲလေ. . ဒီမယား အိုအောင်မင်းအောင်ပေါင်းနိုင်ကြပါစေလို့"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို့၏ဘုရား"

"ဟာ. . ဟော့ကောင်. . . ပေါက်ကရတွေ မပြောနဲ့လေ. . . ဒုလ္လဘဝတ်ဖူးသေးတာမဟုတ်ဘူး"

သွားပြီ။

လှည့်အထွက် နောက်ကမတ်တတ်ရပ်ပြီးရိုက်နေသည့် ကင်မရာမင်းက ညှိသည်၏ဖိနပ်ကိုနင်းထားတော့

"ထောက်"

"အမရေး. . အင့်"

"ဖုန်း"

ရှေ့ကမတ်တတ်ရပ်ပြီးစကားပြောနေသည့် ပွင့်နှင်းကြူကြူ သင်းဖက်စပ်ပေါင်းထားသော ခန္ဓာကိုယ်ပိုင်ရှင်မမကြီး၏တင်ပါးကို



www.burmeseclassic.com

www.burmeseclassic.com


ပြေးဆောင့်ပြီး ပက်လက်လဲသွားတော့သည်။

"ဟော့ကောင်. . ကင်မရာမင်း. . . မင်း. . မင်း ဘယ်လိုလုပ်လိုက်တာလဲ. . . မိုက်ရိုင်းလှချည်လားကွာ. . . ဒီမနက်မှ ဒေါ်ပူစူးမ ဆီကဝယ်လာတဲ့ အောက္ကတ္တီပါကွ"

"မ. . မတော်လို့ အမှတ်တမဲ့ဖြစ်သွားရတာပါဗျာ"

"ဟဲ့ အကောင်. . . ငါ့တင်ပါးဆုံရိုးကျိုးပြီနဲ့တူပါတယ်. . . လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တော့ဘူး. . . နင် ဘယ်လိုလုပ်လိုက်တာလဲဟဲ့"

"ကျွန်တော်. . ကျွန်တော်လုပ်တာ မဟုတ်ပါဘူး. . . ဟော ဒီကောင်. . . ဗီဒီယိုရိုက်တဲ့ကောင်"

"ဟဲ့. . ငါ့ကိုဝင်တိုက်တာ သူမဟုတ်ဘူးလေ. . . နင် ဝင်တိုက်တာ. . . ဘာ သူများကိုလွှဲချနေရတာလဲ. . . မရဘူး. . မရဘူး . . . အမလေး. . ကျွတ်. . ကျွတ်. . နာလိုက်တာ. . . လာ. . ငါ့ကို တွဲပြီး ဆေးခန်းလိုက်ပြပေး"

ဖက်တီးမက အတင်းဝင်ဆွဲပြီး လက်ချင်းချိတ်ကာဆွဲခေါ်နေတော့သည်။

"မ. . မဟုတ်ဘူးလေ. . . ဟော့. . ဟော့လူ. . ဝင်ပြောပေးဦးလေဗျာ"

"ဘာလို့ဝင်ပြောရမှာလဲ. . . ပြောရဲပြောကြည့် ပါးကျိုးသွားမယ်. . . ဘာမှတ်လို့လဲ. . . ဟွန်း. . တက်နင်းသတ်ပစ်လိုက်မယ်"

ကင်မရာမင်းနှင့် စက်အဖွဲ့သားများကတော့ ခပ်လှမ်းလှမ်းက မင်္ဂလာခန်းမစင်ပေါ်ရောက်နေလေ၏။ ခုနကပုဂ္ဂိုလ်နှင့် ဖက်တီးမ ကြီးကတော့ ဆွဲဟယ်လွှဲဟယ်နှင့် ဖိနပ်အပြတ်ကြီးကိုင်ကာ မင်္ဂလာ ခန်းမအပြင်ဘက်ကိုထွက်ခွာသွားပါပြီ။ ထိုစဉ်မှာပင်

"တဲ. . ရှင်တို့ကိစ္စပြီးရင် ဒီမှာမှတ်တမ်းလေးရိုက်ဖို့ ဖော်


www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်တော်. . . ကျွန်မတို့ဘဟ်လည်း အဖက်လေးတော့လုပ်ပါဦးနော်"

"ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့ ရိုက်ပေးပါ့မယ်. . . ဟော့ကောင်တွေ. . . မီးလုံးတွေဒီယူခဲ့"

မင်္ဂလာခန်းမစင်ပေါ်မှာ မတ်တပ်ရပ်ပြီးစောင့်နေသည့် အုပ်စုကို တစ်ယောက်ချင်းလိုက်ရိုက်ပေးနေစဉ်မှာပင်

"ငါတို့ကျန်သေးတယ်ဟေ့. . . ဟဲ့ ထွေးလှတို့ လာကြလေ"

နောက်တစ်ဖွဲ့ ဘယ်ဘက်ကအမျိုးတော်မှန်းတော့ မသိပေ။ ပုံစံတွေကတောပုံတွေ။ ဝရှန်းသုန်းကားနှင့် စင်ပေါ်ပြေးတက်၊ ခလုတ်တိုက်သူက တိုက်၊ ပုဆိုးကျွတ်သူက ကျွတ်နှင့် နောက်တစ်ဖွဲ့ကလည်း အားကျမခံ။

"ရေခဲမုန့်တွေ ဒီယူခဲ့ဟေ့. . . မကုန် ကုန်အောင်စားရင်းနဲ့ ဗီဒီယိုရိုက်မယ်. . . ဗီဒီယိုဆရာ ဒီဘက်ကိုလာပါ"

"ဟော့. . လာလို့မရသေးဘူး. . . ငါတို့တောင် လူမစုံသေးဘူးဟ"

"ဒီမယ်. . ဒါ သတို့သားအဒေါ်နဲ့တူမတွေနော်. . . ဘယ်သူ့ကို ဦးစားပေးမှာလဲ"

"ကဲ. . ဗီဒီယိုဆရာရေ. . . တောကလူတွေနဲ့တူပါတယ်. . . တစ်ခါမှမရိုက်ဖူးသေးဘူးလားမသိ. . . သနားပါတယ် ရိုက်ပေးလိုက်ပါဗျာ"

"ဟော့ကောင်. . မင်း ဘာပြောတာလဲ"

"ကြားတဲ့အတိုင်းပဲလေ. . . ငါတို့က ကိုယ့်ညီမရဲ့ဂုဏ်သိက္ခာကိုထိန်းလို့ မပြောဘဲသည်းခံနေတာ. . . ခုတော့မရတော့ဘူး. . . ဘယ်လောက်အောက်တန်းကျလဲ. . . ဟင်. . ရေခဲမုန့်တွေ မထိုက်တန်အောင်လည်းစားသေး. . . မုန့်တွေကိုလည်း ခိုးသေး"


www.burmeseclassic.com

www.burmeseclassic.com

"ခိုးရမယ်ဟေ့. . . ခိုးလည်းခိုးမယ်. . . စားလည်းစားမယ် . . . ဘာဖြစ်လဲ. . . ငါတို့က မောင်တစ်ယောက်လုံး တူတစ်ယောက်လုံးပေးထားရတာ. . . ငါတို့ဘက်ကချည်းပဲ အကုန်ခံထားရတာ. . . တန်အောင်တော့လုပ်ရမှာပဲ"

"ဟဲ့. . ငါတို့ဘက်ကလည်း သမီးတစ်ယောက်လုံး၊ ညီမတစ်ယောက်လုံးပေးထားရတာ. . . မင်္ဂလာစရိတ်မတတ်နိုင်လို့ တစ်ဝက်လောက်တော့ မျှခံပါလို့ပြောတာ ဘယ်ပါးစပ်လဲ. . . ခုရှေ့ကိုထွက်. . . ဟောဒီဖိနပ်နဲ့ ပါးရိုက်ပြလိုက်မယ်. . . ဟင်း. . တောသူတောင်သားတွေဆိုပြီး အနိုင်လာကျင့်မယ်တော့မကြံနဲ့. . . ပါးရှစ်စိတ် ကွဲသွားမယ်မှတ်"

"အံမယ်. . တောသူမက လူပါးဝလို့. . . ငါ့မောင်နဲ့ညားမှ ဒီရောက်ဖူးတဲ့ဟာတွေကများ. . . ရေခဲမုန့်တောင် မမြင်ဖူးတဲ့ဟာတွေ"

"ဘာပြောတယ်"

ပွဲကြမ်းပြီ။ အခုမှ တကယ့်နပန်းပွဲ။ စမတ်ဒေါင်းထက်ဆိုးတဲ့ပွဲ။ ခုံနဲ့ရိုက်သူက ရိုက်၊ ရေခဲမုန့်တွေနဲ့ ပစ်သူကပစ်၊ ထဘီတခြား လူတခြား။ နပန်းသတ်သူက သတ်။ ဆံပင်တွေဆွဲ၊ ပါးတွေကို ဘယ်ပြန်ညာပြန်ရိုက်သူက ရိုက်နှင့်။ မင်္ဂလာခန်းမစင်မြင့်ပေါ်ကနေပြီး ဒလစပ်ရိုက်ကူးနေသူကတော့ ကိုရွှေကင်မရာမင်း သူ့တစ်ကိုယ်လုံးမှာလည်း ပေပွလို့။

www.burmeseclassic.com



## အခန်းစဉ် (၁၂)

### အလွဲအမှတ် (၉)

တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ အပ်ကျသံပင် ကြားရလောက်ချိန်မှာ ခံ့ညားထည်ဝါ ဩဇာသံအပြည့်နှင့်

"ဝိသာခါသည် ထင်ရှားသောမိန်းမ. . စံပြုလောက်ရသောမိန်းမသားတစ်ဦး. . . ဘာတဲ့. . တရားနာပရိသတ်တို့"

"ထင်ရှားသောမိန်းမ. . စံပြုလောက်သောမိန်းမပါ ဘုရား"

"ဟုတ်ပြီ. . . ဝိသာခါဟာ ကဿပဘုရားရှင်လက်ထက်ကကိကီမင်းကြီးရဲ့ သမီးတော်(၇)ပါးအနက်က အငယ်ဆုံးဖြစ်တယ်နော်"

"တင်ပါ့ဘုရား"

"အေး. . ပြီးတော့ကာ ကောမာရဗြဟ္မစရိယအကျင့်ကိုကျင့် ခဲ့တဲ့အတွက် ဂေါတမဘုရားရှင်လက်ထက်မှာ ပါရမီတော်ခံရင့်သန်လှတဲ့ အမျိုးသမီးတစ်ဦးလည်းဖြစ်တယ်. . . ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့တယ်. . . အခု ဒီဒကာမကြီးလို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့. . . ဒီတော့ကာ စေတနာသုံးတန်ပြတ်ပြီး. . .”

ဆရာတော်၏တရားသံများ၊ ဆရာတော်နှင့်တကွ တရားနာနေသည့်ပရိသတ်များအားလုံးဟာ မျက်လုံးထဲ ဖိုးကဒ်မပြတ်တော့ဘူး။ လေးရက်ဆက်တိုက် နေ့ညတွေကားရိုက်ထားပြီး ခု နံနက်စောစော ကျောင်းရေစက်ချပွဲမှတ်တမ်းကို လာရိုက်ပေးရသည်။ ဘယ်လိုမှ မျက်လုံးမဖွင့်နိုင်တော့ပေ။ မအိပ်ချင်အောင် ကွမ်းယာတွေတစ်ယာပြီး တစ်ယာ ဝါးပြန်တော့လည်း ထုံးတွေပေါက်ပြီး ဘာမှစားနိုင်တော့မည် မဟုတ်။ ကြိုးစားပြီး မတ်တတ်ရပ်သည်။ ယိုင်သွားသည်။ ကြိုးစားပြီး လျှောက်သည်။ ခြေလှမ်းတွေက ရှေ့မရောက်ဘူး။ ဘက်ဂီယာပဲ ချိန်းချိန်းသွားသည်။ ဘယ့်နှယ့်လုပ်ရပါ့။

“ဒီတော့ကာ. . ဝါသာခါကျောင်းအမကြီးထုံး နှလုံးမူပြီး. . . ဒကာမကြီး. . ဝေဖြာတဲ့ပီတိတွေကို ရင်ဝယ်ပိုက်ပြီး. . . ကိုင်း ရေစက်ချလိုက်ရအောင်”

မရတော့ဘူး။ ဆယ့်ငါးမိနစ်လောက် ခဏမှိန်းလိုက်မှဖြစ်တော့မည်။ အဲဒါနှင့် တောင်ကြည့်မြောက်ကြည့်လုပ်ပြီး တရားပေးနေသည့်ဆရာတော်ဘုရား၏ ကျွန်းပုလ္လင်နောက်ဘက် မသိမသာကပ်ဝင်လိုက်ပြီး နီးစပ်ရာ ကတ္တီပါအစတစ်ခုကို ဖုံး၊ ကင်မရာကို ရင်ဝယ်ပိုက်၍ ခေတ္တခဏမှိန်းလိုက်ရတော့သည်။

ဘယ်ရွေ့ဘယ်မျှ အိပ်ပျော်သွားလိုက်သည် မသိပါဘူး။ နိုးလာလို့ကြည့်လိုက်တော့ ‘ဟိုက်’ တစ်ယောက်မှမရှိတော့ဘူး။ ဘာအရုပ်တွေမှ မရလိုက်ဘူး။ အလှူရှင်လည်းပြန်သွားပြီထင်သည်။ နောက်နေ့ သူ့ကို ဘယ်လိုပုံစံနှင့် အခွေအပ်ရမည်လဲ။ ပြဿနာပဲ။ ရိုက်ထားသည့်အရုပ်ကလည်း ထိပ်စပဲရှိသေးသည်။ အလှူရှင်မ ပုံတွေ တစ်ပုံမှမရသေးဘူး။ မီးကိုင်သည့် ဂဲလ်ဖာနှစ်ကောင်ကလည်း ဘယ်ရောက်နေလဲ။ တောင်ရှာမြောက်ရှာနှင့်ရှာတော့ ဆွမ်းစား



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ထဲမှာ ကွေးကွေးလေးတွေအိပ်နေကြသည်။

"တောက်. . တော်တော်အားကိုးရတဲ့ကောင်တွေ"

ပြေးပြီး ကန်ပစ်လိုက်သည်။ ကြောင်တောင်တောင်နှင့် ကုန်းရုန်းပြီးထကာ နီးစပ်ရာကိုင်မိကိုင်ရာတွေ ဆွဲလိုက်သည်။

"အာစရိ. . . ရိုက်တော့မလား"

"မင်းအမေ့လင်. . . ဘာမှရိုက်စရာမရှိတော့ဘူး. . . ရေစက်ချပြီးလို့ ပြန်ကုန်ပြီ. . . ရေစက်ချအလှူမှတ်တမ်း လာရိုက်ပါတယ်ဆိုမှ ဘာတစ်ခုမှမရလိုက်ဘူး. . . ငါအိပ်ပျော်နေလည်း လာနှိုးရောပေါ့ကွာ. . . ခုတော့ မင်းတို့ကပါ ရောအိပ်တော့ ကောင်းရောပေါ့"

သက်ပြင်းနဲ့မောင်မောင်က အိပ်မှုံစုံမွှားနှင့်ဘာပြောတယ်မှလဲ။

"အာစရိ. . သူများအလှူတွေထဲကအရုပ်တွေဖြတ်ထည့်ပေးလိုက်ရင်ကော မဖြစ်ဘူးလား"

"နင့်အမေကလွှား. . . တော်တော်အကြံဉာဏ်ပေးကောင်းတယ်. . . အလှူရှင်အရုပ်တွေမှ မရှိတာ. . . ဘာနဲ့ဖြတ်ထည့်ပေးရမှာလဲ"

ခဏစဉ်းစားလိုက်သည်။ ဘယ်လိုလုပ်ရမလဲပေါ့။ အမှတ်မထင် ဘုန်းကြီးကျောင်းနံရံက ငါးရာ့ငါးဆယ်နိပါတ်တော်ပန်းချီကားချပ်တွေမြင်လိုက်တော့မှ အကြံတစ်ခုရသွားသည်။

"ဟာ ဟုတ်ပြီ. . ဟေ့ကောင်တွေ. . . လာ. . မီးပွင့် နည်းနည်းမြှင့်ထိုး. . . တစ်ခုပြီးတစ်ခုလိုက်ရိုက်. . . "

ဆရာတော်များ၏ဓာတ်ပုံများ၊ လှေကားအတက်အဆင်းများ၊ မုခ်ဦးများ၊ ခွေးများ အစာလုပြီးကိုက်သည့်ပုံများ၊ ပြီးတော့ ဖိတ်စာကို မရရအောင်ရှာပြီး အနီးကပ်ရိုက်လိုက်သည်။ ရိုက်ခွေသုံးလေးခွေ လောက်ကုန်သွားသည်။

"မင်းတို့မှာ ပိုက်ဆံဘယ်လောက်ပါလဲ. . . ပါသလောက်


www.burmeseclassic.com

www.burmeseclassic.com



ခဏစိုက်ထား. . . သက်ပြင်း TAXI သွားငှား. . . ဒီဖိတ်စာထဲက လိပ်စာအတိုင်း ငှားခဲ့. . . သွား သွား. . မြန်မြန်"

အလှူရှင်အိမ်ရောက်တော့

"အန်တီ. . ခုနက ကျွန်တော်ရိုက်ထားတဲ့ပုံတွေက သိပ်မလှဘူး. . . အန်တီ့ပုံတွေ တော်တော်လေးအိုစာတဲ့ရုပ် ပေါက်နေလို့. . . အဲဒါ ပြန်ရိုက်ချင်တယ်"

"ရပါတယ်ကွယ်. . . ပြန်ရိုက်မနေပါနဲ့တော့. . . တရားသဘောနဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းလို့ပဲသဘောထားလိုက်ပါ့မယ်. . . ကဲ ကဲ. . ပြန်ကြတော့"

ကင်မရာမင်း မျက်လုံးပြူးသွားသည်။ ကမန်းကတန်း

"ဟိုလေ. . ဒီလိုပါ. . . ခုနက အန်တီကြီးပြောသလိုပေါ့. . သင်္ခါရသဘောအရလေးလည်းပါသွားအောင်. . . ဟောဟိုးကချိတ်ထားတဲ့ အန်တီကြီးငယ်ငယ်ကဓာတ်ပုံနဲ့ အခု အန်တီကြီးရဲ့လက်ရှိပုံနဲ့ တွဲပြီးရိုက်ချင်တာပါ. . . အမျိုးတွေကြည့်တော့လည်း တရားသဘောလေးပါသွားတာပေါ့. . နော်. . မဟုတ်ဘူးလား"

အဘွားကြီးက ရယ်လိုက်တာမှ ဟက်ဟက်ပက်ပက်။ ဘာလဲဟ။ ဘာဖြစ်သွားတာလဲပေါ့။

"အဲဒါ ငါ့ဓာတ်ပုံမဟုတ်ဘူး. . . ငါ့သမီးပုံ"

လွဲလိုက်တာ။ လွဲလိုက်တာ။ အဘွားကြီးက တစ်စုံတစ်ခုကို သတိရလိုက်သည့်ပုံစံနှင့်

"ကဲ. . လာ လာ"

တော်တော်ကြီးနှစ်ချို့နေသည့် ဓာတ်ပုံအဟောင်းကြီးတစ်ပုံ ထုတ်ပေးသည်။ ကြည့်လိုက်တော့ ကလေးလေးတစ်ယောက် လေးဘက်ထောက်ပုံလေး။ ဖုံတွေကို ကြက်မွေးနှင့်သုတ်ပစ်လိုက်ပြီး ခုံ တစ်လုံးရှာ၊ မီးတွေထိုး၊ အပေါ်စီးကရိုက်လိုက်၊ အနီးကပ်ရိုက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အဘွားကြီးသွားလာလှုပ်ရှားမှုတွေရိုက်၊ ကားအပေါ် အတက် အဆင်း၊ ခြံထဲပြန်အဝင်၊ ရှုပ်ယှက်ကိုခတ်နေတာပါပဲ။ တော်ပါသေးရဲ့၊ အဘွားကြီးက သဘောကောင်းလို့။

ရပြီ။ ဒီလောက်ဆိုလျှင် တည်းဖြတ်ခန်းထဲရောက်မှ ရှေ့က ရိုက်ထားသည့်အရုပ်များနှင့် ရောသမမွှေလိုက်လျှင် ပြီးပြီပေါ့။

ခေတ္တခဏအိပ်ပျော်သွားသည့်အကျိုးကျေးဇူးကတော့ စားရမည့်ပိုက်ဆံများထဲမှ TAXI ကားခရယ်၊ အသွားအပြန်ပေါ့၊ ပြီးတော့ ဂျူတီပိုသွားသည့်အတွက် စက်ပိုင်ရှင်ကို အကျိုးအကြောင်းရှင်းပြဖို့ရယ်၊ မနက်စာနှင့်ညနေစာငတ်တာရယ်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၃)

### အလွဲ အမှတ် (၁၀)

"သက်ပြင်း . . ပစ္စည်းတွေ မြန်မြန်ချ . . . နောက်ကျနေပြီ . . . မီးတွေထုတ် . . . မီးဘုတ်က ဘယ်မှာလဲ . . . မောင်မောင် ဘာကြောင်နေတာလဲ . . . ဝိတ်တာတစ်ယောက်ကိုမေးလေ . . . မီးဂျိုင်းဖို့ . . . ဦးဘသန်း . . ရိုက်ခွေပေးလေ . . . ငိုက်နေပြန်ပြီလား"

လုပ်စရာရှိသည်များကို ဖယ်ဆက်သလို ကမန်းကတန်းလုပ်၊ အခန်းအနားမှူး သြဘာစာဖတ်မည့် ဘိသိက်ဆရာကိုရန်ပိုင်စိုးက တော့ စနေပြီ။

"မြန်မြန်လေးလာ . . . ရှေ့က နည်းနည်းလောက်ဗျာ . . . လမ်းလေးဖယ်ပေးပါ . . . သက်ပြင်း မီးကိုဒီဘက်ပေးလေ . . . ဟုတ်ပြီ . . နည်းနည်းချ . . . အေး ဟုတ်ပြီ"

စားပွဲဝိုင်းမှ ဧည့်သည်များ တစ်ဝိုင်းပြီးတစ်ဝိုင်း၊ ပြီးတော့ ဘိသိက်ဆရာ ဦးလေးကိုရန်ပိုင်စိုး၊ နောက်ကစာတန်းများ၊ အီးဝိုင်းဘက်၊ ရှုထောင့်မျိုးစုံရိုက်လိုက်သည်။



www.burmeseclassic.com

"သက်ပြင်း မီးကိုငြိမ်ငြိမ်ထားလေ. . . ဒါ အင်ဒိုး. . . အောက်ဒိုးမဟုတ်ဘူး"

"ဟုတ်. . ဟုတ်ကဲ့ အာစရိ"

မီးက မငြိမ်ပြန်ဘူး။ လှည့်ကြည့်လိုက်တော့ သက်ပြင်းပုံစံက မီးစတန်းကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ကုန်းလိုက်ကွလိုက်၊ ဘယ်ညာယိမ်းလိုက် ဒီဂျေကနေသလိုပင်။ ဒီကောင် ဘာဖြစ်နေလဲပေါ့။ တီးဝိုင်းလည်း မစသေးပါဘူး။ ဒီကြားထဲ သတိုးသမီးမိတ်ကပ်လိမ်းပေးသည့် မာမီ၏နောက်လိုက် မာမီပေါက်စလေးကတစ်မျိုး။ ဂနာမငြိမ်ဘူး။ ဟိုဖြတ်လျှောက်လိုက်၊ ဒီဘက်ဖြတ်လျှောက်လိုက်နှင့်။

"မောင်မောင် ဘာဖြစ်နေတာလဲ. . . မီးကို ငြိမ်ငြိမ်ကိုင်ထားလေကွာ. . . သက်ပြင်းရော. . မင်းတို့ဘာတွေဖြစ်နေကြတာလဲ"

"ဟုတ်. . ဟုတ်ကဲ့ အာစရိ"

မျက်နှာတွေက မချိုမချဉ်နှင့်၊ ချွေးတွေက ပျံနေသေးသည်။ သတို့သားနှင့်သတို့သမီးမိတ်ကပ်လိမ်းသည့်အခန်းကို အပြေးအလွှားသွားရိုက်ရသေးသည်။

"အား. . တေပါပြီ"

သက်ပြင်းထံမှ အသံထွက်လာသည်။ လှမ်းကြည့်လိုက်တော့

"အဟဲ. . စီးကရက်. . စီးကရက် ဘယ်သူချထားလဲမသိဘူး . . . ထိုင်မိလို့ အာစရိ"

"မင်းထိုင်မိတာက အကြောင်းမဟုတ်ဘူး. . . ဒီမှာ အရုပ်တွေလိုက်တင်မရတော့ဘူး. . . သေသေချာချာလုပ်စမ်းပါ"

သက်ပြင်း ဘောင်းဘီနောက်က မီးခိုးတလူလူနှင့်။ နီးစပ်ရာရေသန့်ဘူးယူပြီး မသိမသာလောင်းချလိုက်တော့ ဖင်တွေစိုပြီး ရှုံ့မဲ့ပဲပေါက်ချထားသလို။

သတို့သမီးမျက်နှာလေးကို အနီးကပ်ရိုက်ဖို့ မီးတွေချိန်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရိုက်မည်အလုပ် မီးရောင်က ယိမ်းထိုးနေပြန်သည်။

"တောက်. . ဘာဖြစ်နေပြန်ပြီလဲ"

ပြောလည်းပြော၊ လှည့်လည်းလှည့်ကြည့်ပေ့ါ။ ထုံးစံအတိုင်း သက်ပြင်း ကုန်းလိုက်ကွလိုက်၊ ဘယ်ယိမ်းညာယိမ်းလုပ်နေသည်။

"ဟော့ကောင် သက်ပြင်း. . . ညကျမှ မင်းမိန်းမနဲ့က. . . ငါ ထိုးမိတော့မယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ အာစရိ"

"ကဲ. . စိုးစိုးရေ. . . ရှေ့ကခဏလေးဖယ်စမ်း. . . နင်က ကွယ်နေတော့ ငါဘယ်လိုရိုက်ရမလဲ. . . သတို့သမီး ကင်မရာကို တည့်တည့်ကြည့်ပြီး နည်းနည်းလေးပြုံး"

နောက်က ဘယ်သူဝင်တိုက်သည်မသိပေ။ သတို့သမီး မျက်နှာတည့်တည့်ကို ကင်မရာကြီးဝင်သွားတော့ သတို့သမီးကလန့်ပြီး မော့အကြည့် 'ဟိုက်' နှာခေါင်းပေါက်ကြီးက ဝက်မကြီးလိုပဲ။ အမွေး တွေကလည်း အများကြီးပဲ။

"ကန်တော့နော်. . ကန်တော့. . . နောက်ကတိုက်လိုက်လို့ . . . ဟာ. . သက်ပြင်း. . သက်ပြင်း"

ကင်မရာရော၊ ကင်မရာမင်းပါ လိုက်ထိန်းသည့် မီးသမား သက်ပြင်း လက်တစ်ဖက်က မီရာလှမ်းဆွဲလိုက်တော့ ဟန်ချက်ပျက် ပြီး သတို့သမီး၏ဆံပင်၊ ဆံထုံးပေါ် မီးကရောက်နေပြီး အငွေ့တလူလူ နှင့်။

"အမရေ. . တေပါပြီ. . . ပူလိုက်တာတော့. . . ပူလိုက်တာ တော့"

ယောင်ပြီး ဆံထုံးကြီးဆွဲချွတ်မည်အလုပ် သက်ပြင်းက ဘောင်းဘီအိတ်ထဲထိုးထည့်ထားသည့် ရေသန့်ဘူးအသေးလေးနှင့် ကမန်းကတန်းလောင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . မိတ်ကပ်တွေပျက်ကုန်ပြီ"

မျက်တောင်အတုကပြုတ်ပြီး အပေါ်မရောက်အောက်မရောက်နှင့် တွဲလောင်းကြီး။ ဝုန်းခနဲ သတို့သမီးကထရပ်လိုက်တော့ အောက်က ချိတ်ထဘီကွင်းလုံးကျွတ်ပဲ။ အလှဖန်တီးရှင်မာမီ လက်မြန်လို့သာပေါ့။ နို့မို့ဆို မတွေးဝံ့စရာပဲ။

"တောင်း. . တောင်းပန်ပါတယ်ဗျာ. . . အခန့်မသင့်လို့ ဖြစ်သွားရတာပါ. . . ခွေးကောင် သက်ပြင်း. . . နမော်နမဲ့ချည်းပဲ. . . တောက်. . နောက်ဆုတ်"

"ဟုတ်. . ဟုတ်ကဲ့ အာစရိ"

ဒီလောက် သတိထား၊ သတိပေးနေရက်နှင့် ဖြစ်ဖြစ်ဒေဖာင် ဖြစ်သေးသည်။ သက်ပြင်းကို မင်းကြပ်ကြပ်သတိထားဆိုသည့်မျက်နှာနှင့်လှည့်ကြည့်လိုက်သည်။

"မီးပြန်ဖွင့်. . . ပြန်ရိုက်မယ်"

အလှဖန်တီးရှင် မာမီ၏မိတ်ကပ်ဘောက်စ်ထဲမှ ပစ္စည်းလေးတွေ တစ်ခုချင်းယူတာလေးကို Zoom သွင်းလိုက်ထုတ်လိုက်လုပ်ပြီး သတို့သမီးမျက်နှာကို ပန်းအရောက်

"အမငိုး. . ငိုး. . ဟီး ဟီး"

ဟ. . ဘာဖြစ်ပြန်တာလဲ။ လှည့်ကြည့်လိုက်တော့ မာမီနောက်ကလိုက်သည့် ပညာသင်မာမီသားပေါက်လေး တဆတ်ဆတ်နှင့် သက်ပြင်းရှေ့မှာ ခုန်ဆွခုန်ဆွနှင့် လက်နှစ်ဖက်က နောက်ပစ်ထားသေးသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သည်။

"မီးပိတ်. . မီးပိတ်. . . ဓာတ်လိုက်နေတယ်ဗာ"

မီးလည်းပိတ်လိုက်ရော ခုနကမာမီသားပေါက်လေး အငြိပ် တစီစီနှင့် ရှေ့ကိုပစ်လဲရော။

"ဖုန်း"


www.burmeseclassic.com

www.burmeseclassic.com


"အိ"

"ခွပ်"

မေးစေ့နှင့် သံမံတလင်းမိတ်ဖွဲ့လိုက်ပါပြီ။ သွေးတွေက ဖြာခနဲ။ ဝမ်းလျားမှောက်လဲပြီး မျက်လုံးနှစ်လုံးက အလယ်တည့်တည့် ဆိုင်၊ နှုတ်ခမ်းကြီးက ထော်ထော်နှင့် သတို့သမီးရှေ့မှာ ဝပ်တွားခယနေသည့်ပုံစံမျိုးကြီး သတို့သမီးကလန့်ပြီး ကုလားထိုင်ပေါ် ခုန်အတက်

"ဖျောင်း"

"အဟင့်. . တေပါပြီ"

ပလပ်စတစ်ခုံဆိုတော့ ဘယ်လာလူတစ်ကိုယ်စာခံနိုင်မှာလဲ။ ရုပ်ပျက်ဆင်းပျက် မျက်ခုံးမွေးက တစ်ဖက်ပဲဆွဲရသေးသည်။ တုံးလုံးကြီးပစ်လဲရော၊ မိတ်ကပ်လိမ်းသည့်အခန်းထဲ လူတွေပြေးဝင်လာပြီး ဝရုန်းသုန်းကားတွေဖြစ်ကုန်ပြီ။

"ဘာလဲ. . ဘာဖြစ်တာလဲ. . . ဝင်လုလို့လား. . . မဆိုင်တဲ့လူတွေ အပြင်ထွက်ပေးပါ. . . ဆေးခန်းတစ်ခုခုကို ဖုန်းဆက်ခေါ်စမ်း . . . ဟဲ့ ဟဲ့. . သတိလစ်နေတာ ဟိုဟာ. . ဟိုဟာကိုချိုး"

"ဘယ်ဟာတုံး. . . ခြေမလက်မထည့်ပြောလေ"

နောက်မှစုံစမ်းလို့ သိရသည်က မီးကိုင်ထားသည့်သက်ပြင်းကို မာမီပေါက်စသားပေါက်လေးက ဖြတ်သွားဖြတ်လာလုပ်ရင်းနှင့် လက်က 'အတ္တ'ကို မထိခလုတ်ထိခလုတ်လုပ်လုပ်နေတော့ ဟိုကောင့်ခများ ကုန်းလိုက်ကွလိုက်၊ ဘယ်ညာယိမ်းပြီး ဒီဂျေကနေသလိုမျိုးနှင့် ရှောင်နေရင်း မီးစတန်းကိုင်ဆုပ်မိရက်သားဖြစ်ကာ သံမံတလင်းကြောင့် အပ်ဝင်နေသည့်မီးတိုင်ကိုကိုင်မိပြီး ဓာတ်လိုက်ကာ အခုလိုအလွဲတွေဖြစ်ကုန်ရပါတော့သည်ခင်ဗျား။

အပ်ဝင်တာ. . အပ်ဝင်တာ။

www.burmeseclassic.com

www.burmeseclassic.com


# အခန်းစဉ် (၁၄)

## အလွဲအမှတ် (၁၁)

အင်မတန်မှ ဝေးလံခေါင်သီသောရွာကလေးတစ်ရွာမှာ ကားရိုက်စဉ်ကအဖြစ်အပျက်လေးတစ်ခုပါ။ လူတွေ၏နာမည်တွေကိုတော့ ပုဂ္ဂိုလ်ရေးအရထည့်မရေးပါ။ ရုပ်ရှင်ဗီဒီယိုတွေ ရိုက်ကူးနေကျနေရာ ရွာတွေပေါ့။ အဲဒီမှာကျတော့ မကြာခဏလာလာရိုက်တော့ ရိုးအီနေပြီ။ ဘယ်သူမှလာမကြည့်ကြတော့ဘူး။ သူတို့အလုပ် သူတို့လုပ်ပြီး ဗီဒီယိုအဖွဲ့တွေကိုရှိတယ်လို့တောင် မသတ်မှတ်ကြတော့ဘူး။ ခုရေးမယ့်ရွာလေးကတော့ တစ်ခါဖူးမှမရိုက်ဖူးသေးသည့်ရွာ၊ သည်တော့ ကလေး၊ လူကြီး ထိန်းမရသိမ်းမရပေါ့။ လူစုံ၊ ဆိုက်စုံ၊ စရိုက်စုံပဲ။

"အောက်ဒိုးထွက်မယ်ဟေ့. . . ပစ္စည်းတွေမကျန်စေနဲ့"

ချောင်တစ်ချောင်မှာအိပ်နေသည့် အောင်တိုးဆိုသည့်လူကို စက်အဖွဲ့ကသွားနှိုးလိုက်သည်။

"အောင်တိုး. . အောင်တိုး"

"ဟင်. . ဘာလဲ. . . ဘာလဲကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲလုပ်မနေနဲ့. . . မင်းကို ဒါရိုက်တာခေါ်နေတယ် . . . ဘာပစ္စည်းဆိုလားပဲ"

အိပ်ချင်မူးတူးနှင့် ပုဆိုးပြင်ဝတ်ပြီး အောင်တိုးထွက်ခဲ့သည်။ ဒါရိုက်တာက တော်တော်ဝေးဝေးရောက်နေပြီး နေကလည်းပူလိုက်တာ မပြောပါနဲ့တော့။ ကမန်းကတန်း နောက်ကပြေးလိုက်သွားသည်။ ဒါရိုက်တာနားရောက်တော့ တော်တော်လေးမောနေသည်။ မောမှာပေါ့။ ညပိုင်းကတော့ တော်တော်လေးချထားသည့်ဥစ္စာ။ မနက်ပိုင်းအထိ အနံ့အသက်ကပါနေတုန်း။ အဲဒီအနံ့ကြောင့်လားတော့ မသိဘူး။ ဒါရိုက်တာက ချာခနဲလှည့်ကြည့်လိုက်သည်။

"ဘာလဲ. . အောင်တိုး. . . မင်းတို့မပါသေးဘူးလေ. . . ဟိုတဲလေးမှာပဲစောင့်နေ. . . ဒီမှာ နှစ် Seen ပြီးမှပြန်လာမယ်"

"ဗျာ. . အာစရိကခေါ်တယ်ဆို"

"ငါမခေါ်ပါဘူး. . . ဘယ်ကောင်ကချွန်လိုက်ပြန်ပြီလဲ"

အောင်တိုးဒေါသတွေ အထွတ်အထိပ်ရောက်သွားသည်။ တောက်. . နောက်စရာရှားလို့ နေပူကြီးထဲမှာပြန်လျှောက်လာသည်။ ခုကနလာနှိုးသည့် စက်အဖွဲ့ကသက်ပြင်းနှင့် လမ်းခုလတ်မှာပဲဆုံလိုက်တော့ သက်ပြင်း၏အင်္ကျီကော်လံစကိုဆွဲလိုက်ပြီး

"နောက်ကို နေရာကြည့်နောက်. . . ငါ ဆွဲထိုးမိမယ်. . . နေကပူရတဲ့ကြားထဲ"

သက်ပြင်းက ပြုံးတူးပြဲတဲနှင့်

"မင်းကို ငါကဘာနောက်လို့လဲ"

"မင်းပဲ ငါအိပ်နေတာလာနှိုးပြီး ဒါရိုက်တာခေါ်ခိုင်းတယ်ဆို"

"ဟုတ်တယ်လေ. . . သူကိုယ်တိုင်ခေါ်သံကြားလို့ မင်းကိုပြောတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဒါရိုက်တာကမခေါ်ဘူးတဲ့. . . ကဲ မင်းဘာပြောမလဲ"

အောင်တိုးက နေပူထဲလမ်းလျှောက်လာရလို့ ဒေါသဖြစ်နေသလို သက်ပြင်းကလည်း စက်ပစ္စည်းတွေ နေပူထဲမှာသယ်ယူလာရလို့ ဒေါသဖြစ်၊ စေတနာက ဝေဒနာဆိုတော့ မခံရပ်နိုင်ဖြစ်ပြီး ပစ္စည်းတွေပစ်ချ၊ ပုဆိုးပြင်ဝတ်၊ နှစ်ယောက်သား ဗီဒီယိုဇာတ်ဝင်ခန်းမဟုတ်သည့် လက်တွေ့ပြင်ပဖိုက်တင်ပလေးကြသည်။

"ငါတစ်ယောက်တည်း ကြားတာမဟုတ်ဘူး. . . အားလုံးကြားတယ်. . . ငါက စေတနာနဲ့လာနှိုးပေးတာ. . မင်းကများ. . . တောက်"

"ဟိုကမခေါ်ဘူးတဲ့. . . မင်းပထွေးက ပြောလို့ ပြန်လာတာ"

ဇာတ်ရှိန်ကတော်တော်လေးမြင့်သွားပြီ။ သက်ပြင်းကအောင်တိုးကိုခုန်အုပ်လိုက်သည်။ နှစ်ယောက်သား လုံးထွေးနေတာဖုန်တွေအလူးလူးနှင့် ရွာထဲမှကလေးများက ဗီဒီယိုရိုက်သည်ထင်ပြီးလာအုံကြည့်နေကြသည်။ ဘာတစ်ပြန် ကျားတစ်ပြန်ပင်။ နှစ်ယောက်စလုံး စုတ်ပြတ်သတ်ကုန်ပြီ။ တော်တော်လေးကြာမှ ဒါရိုက်တာနှင့်ရှူတင်မန်နေဂျာရောက်လာလို့ ပွဲပြီးသွားသည်။ နောက်မှ အဖြေမှန်တစ်ခုထွက်လာသည်က ရှူတင်စကားအရ အပြင်ထွက်ရိုက်တာကိုအောက်ဒိုးထွက်မည်။ အဲဒါကို စက်အဖွဲ့ကသက်ပြင်းကြားတာကအောက်ဒိုးနှင့် အောင်တိုးမှားပြီးပြောသည်။ ဒီတော့ ပြဿနာဖြစ်၊ သူတို့ပြဿနာ၊ ပြီးတော့ လူတွေထိန်းမရသိမ်းမရပြဿနာ။

"ခဏလေး ငြိမ်ပေးကြပါဗျာ. . . အသံတွေပါနေလို့"

"ဟိုကလေး. . . နောက်ဆုတ်. . နောက်ဆုတ်"

"ကဲဗျာ. . အဒေါ်ရေ. . . ကလေးငိုနေတယ်. . . မငိုတဲ့ကလေးနဲ့ပြန်လဲလိုက်ပါ"

ဘယ်လိုပဲပြောပြော ပရိသတ်ကတော့မရ။ မမြင်ဖူး၊ မတွေ့


www.burmeseclassic.com

www.burmeseclassic.com


ဖူးကြဘူးလေ။ ဒီတော့ ဘယ်လိုဆက်လုပ်ရမှန်းမသိဖြစ်နေကြသည်။ အဲဒီအချိန်မှာပဲ။

"ရှမ်း. . ရှမ်း"

"ထိုင်. . ထိုင်. . ငြိမ်ငြိမ်ကြည့်. . . အသံမထွက်နဲ့"

ဆရာတော်တစ်ပါး ကြိမ်လုံးတစ်လုံးနှင့် မည်းမည်းမြင်သမျှ လိုက်ရိုက်နေတော့သည်။

"ကိုယ့်ကြောင့် သူများဒုက္ခမရောက်စေနဲ့. . . ထိုင်ဆို ထိုင်စမ်း"

"ရှမ်း"

"အမရေး. . တေပါပြီတော်. . . နားရွက်မှဖြတ်ရိုက်ရတယ်လို့ ဆရာတော်ရယ်"

"ဟ. . ငါက ဘာလဲ. . . နေရာရွေးပြီးရိုက်ရမှာလား. . . ရတယ်. . လာခဲ့"

နေ့ခင်းပိုင်းက သက်ပြင်းနှင့်အောင်တိုးတို့ပွဲထက် ပိုကြမ်းသွားသည်။ တရုတ်ကားထဲမှ ရှောင်လင်ဘုန်းကြီးပုံစံမျိုး။ သက်နိုးကို ခါးထောင်းကျိုက်လိုက်ပြီး

"ကိုင်းဟာ. . ကိုင်းဟာ. . . ရွာကို နာမည်ပျက်အောင်လုပ်တဲ့ဟာတွေ"

"နောက်ကို အနုပညာသမားတွေမလာရဲအောင်၊ စိတ်ညစ်အောင်လုပ်တဲ့ဟာတွေ"

"အေးအေးဆေးဆေးမကြည့်ဘဲ စကားများတဲ့ဟာတွေ"

"ကိုယ့်ဟာကိုယ်မွေးထားပြီး မထိန်းနိုင်မသိမ်းနိုင်တဲ့ဟာတွေ"

"ဟာ"ပေါင်းများစွာကိုရေရွတ်ပြီး လက်ထဲကကြိမ်လုံးသာလည်း ကျိမ်းစဘွန်းအတိုင်း


www.burmeseclassic.com

www.burmeseclassic.com



"ရှမ်း"

"အမရေး"

"ရှမ်း"

"တေ. . တေပါပြီ"

"အရှင်ဘုရား. . အရှင်ဘုရား. . . တပည့်တော် ဒါရိုက်တာပါ ဘုရား. . . အမရေး. . နှာခေါင်း. . နှာခေါင်း"

ဒါရိုက်တာကြီးက လူပုတော့ ကလေးတွေနှင့်ရောနေပြီး သူ့ပါ ကလေးမှတ်ပြီး ဆရာတော်ကဆော်ပလော်တီးတော့သည်။ ထိုင်ခုံတခြား၊ လူတခြားနှင့်ထွက်ပြေးပြီး ခပ်လှမ်းလှမ်းရောက်မှ အော်ပြောလိုက်တာက

"အောင်တိုးရေ. . . မင်းထက်ဆိုးတယ်ဟ. . . ခုမှ ဇာတ်ကြမ်းစစ်စစ်ရတာ. . . ကားနာမည်က ပြေးနိုင်မှလွတ်မယ်တဲ့ဟေ့. . လွတ်မယ်တဲ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၅)

### အလွဲအမှတ် (၁၂)

ဇရာဝတီတိုင်းမှ ရွာငယ်လေးတစ်ရွာတွင် ရန်ကုန်မှဇာတ်သဘင်အဖွဲ့တစ်ခုနှင့်တွဲ၍ အလှူရှင်ပြုမှတ်တမ်းရိုက်ပေးရန် ရန်ကုန်လမ်းမတော်ဘောတံတားပေါ် ဓာက်ပစ္စည်းများချပြီး စက်အဖွဲ့ကိုငှားထားသော အလှူရှင်ကို မတ်တပ်မတ်တပ်ဖြင့်မျှော်နေလိုက်သည်။ ခက်တာက အလှူရှင်နှင့်ဖုန်းထဲမှာပဲ အလုပ်စကားပြောရသဖြင့် လူကိုကိုယ်တိုင်မမြင်ဖူး။ ပုံပန်းသဏ္ဍာန်တော့ မေးထားသည်။ စက်အဖွဲ့တွေက တောင်ကြည့်မြောက်ကြည့်နှင့်။ ကင်မရာမင်းကပြောထားသည်။ ရွာကငှားတာဆိုတော့ တောဘဲပုံစံ၊ တိုက်ပုံအဖြူ။ သို့မဟုတ်ပန်းရောင်၊ လွယ်အိတ်လွယ်လိမ့်မည်။ ပုဆိုးက ပလေကပ်၊ သို့မဟုတ်ဖျင်ကြမ်း၊ မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းထားနိုင်သည်။ လူရှေ့သူရှေ့ ကွမ်းတံတွေး တဗျစ်ဗျစ်ထွေးကာ စီးကရက်ဘူးထုတ်ပြီး ပုံမကျပန်းမကျစတိုင်ထုတ်ပြီး သောက်လေ့သောက်ထရှိသည်ဟု စက်အဖွဲ့သားများကို ကင်မရာမင်းကကြိုပြီး ပြောထားသည်။



www.burmeseclassic.com

နာရီကိုကြည့်လိုက်၊ တံတားပေါ်ကိုကြည့်လိုက်နှင့် သူတို့နည်းတူ မလှမ်းမကမ်းမှာလည်း ဇာတ်ထဲကခေါင်းဆောင်မင်းသားလား၊ ပြဇာတ်မင်းသားလားတော့မသိ။ အသားခပ်လတ်လတ်၊ စတိုင်ဘောင်းဘီအနက်၊ စပို့ရှပ်အနက်စင်းကြားနှင့် လူတစ်ယောက်ကလည်း ဘာကိုမျှော်နေမှန်းမသိ။ သူ့ဇာတ်အဖွဲ့သားတွေထဲကလူများကျန်နေလို့လားပေါ့။

"သင်္ဘောက ရေတက်တာနဲ့ထွက်မယ်တဲ့"

"ရေက ဘယ်လိုတက်မှာတုံး အာစရိ"

"ရေတက်တာတောင် မမြင်ဖူးဘူးလား"

"မှတ်ထား. . . ခု ငါတို့စီးမယ့်တစ်ထပ်သင်္ဘော ဘောတံတားအောက်ရောက်နေတယ်. . . အောက်ကို ခဲရာခဲဆစ်ဆင်းရတယ်. . . ရေတက်ရင် သင်္ဘောပေါ်ကိုရောက်လာပြီး ဘောတံတားနဲ့တစ်ပြေးတည်းညီနေမယ်. . . အသာလေးလှမ်းတက်လိုက်ရုံပဲ. . . ပြောတော့ ဧရာဝတီသားတဲ့. . . ဘာဧရာဝတီသားလဲ"

"ဧရာဝတီမြေပဲဆီလိုက်ပို့တာပါ အာစရိ"

"တောက်. . . ဆွဲထိုးလိုက်ရ သေတော့မှာပဲ. . . အလှူရှင်မလာသေးလို့ စိတ်ညစ်နေရတဲ့ကြားထဲ"

ဒဲ့ဒီအချိန်မှာပဲ ဘယ်အချိန်ကခိုးပြီးတင်ထားသည်မသိဘူး။ ဆိတ်သိုးဆိုသည့်ကောင်က ကောင်းပြီ။

"အာစရိ. . ဟိုမှာ. . ဟိုမှာ. . တိုက်ပုံနဲ့ လွယ်အိတ်နဲ့လူတစ်ယောက်ဆင်းလာပြီ. . . တွေ့လား. . . နောက်ကလည်း ထီးမိုးပေးတဲ့လူနဲ့"

ပြောလည်းပြော၊ ပြေးလည်းပြေးထွက်နှင့်။ တားချိန်မရလိုက်ပေ။

"အဟဲ. . နောက်ကျတယ်နော်. . . ကျွန်တော့်အာစရိက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေတာ. . . သဘော်ဆရာကလည်း ရေတက်တာနဲ့ထွက်တော့မယ်တဲ့. . . ကျွန်တော်တို့အဖွဲ့ ကမ်းနားဆင်းလာတဲ့ TAXI ခရယ် . . . လမ်းမှာသုံးဖို့ ထမင်းဖိုးရယ် မပေးရသေးဘူးနော်"

တိုက်ပုံဝတ်ထားသည့်လူက တစ်ချက်ပဲကြည့်လိုက်သည်။ မျက်နှာကတော့ ခပ်တင်းတင်း။ ကွမ်းတံတွေးက ပစ်ခနဲထွေးလိုက်ကာ ဆက်သွားသည်။

"ကျွန်တော်ပြောတာ ကြားလား. . . ဦးလေးပေးစရာရှိတာ မြန်မြန်ပေးပါ. . . သဘော်မထွက်ခင် ပါဆယ်လေးဘာလေးတက်ဆွဲရဦးမှာဗျ"

တိုက်ပုံဆရာက မျက်နှာကြီးနီလာကာ ကွမ်းတံတွေးတစ်ချက်ထွေးလိုက်ပြီး လက်ကိုင်ပဝါနှင့် ဟန်ပါပါသုတ်လိုက်ပြီး

"မင်း ဘာတွေလာပြောနေတာလဲ. . . ဘာထမင်းဖိုးလဲ. . . ဘာ ကားခလဲ. . . မင်းကရော ဘယ်ကကောင်လဲ"

"ဗျာ. . . ကျွန်တော်လား. . . အဟဲ. . ဗီဒီယိုရိုက်ကူးရေး အဖွဲ့ကလေ. . . ဦးလေးကလည်း ဦးလေးအလျှုမှာရိုက်ဖို့ ငှားထားပြီးတော့ မေ့တတ်လိုက်တာဗျာ"

"ဘာကွ. . ဘာဦးလေးလဲ. . . ငါ့အရွယ်က ဦးလေးလား . . . စောစောစီးစီး အရက်နံ့ကတထောင်းထောင်းနဲ့. . . ဒီမှာ ဟေ့ကောင်. . . ဟိုမှာတွေ့လား. . . သဘော်ဆေးနံရံမှာကပ်ထားတဲ့ ဗီနိုင်းကြော်ငြာ. . တက်သစ်စလုလင် ပစ်တိုင်းထောင်သဘင်ဆိုတာ . . . အေး. . အဲဒီထဲက ခေါင်းဆောင်မင်းသား ဇာတ်ဆရာကွ"

ဇာတ်အဖွဲ့ကလူတွေရော၊ စက်အဖွဲ့ကလူတွေပါ ကမန်းကတန်းပြေးတက်လာပြီး ဘာပြဿနာဖြစ်တာလဲ၊ ဖြစ်ရင်တော့ ဖွဲ့မယ်ပေါ့။ အားပါး ဇာတ်အဖွဲ့ကလူတွေရဲ့လက်ထဲမှာ လက်နက်မျိုးစုံနှင့်။ ကိုယ့်ရိုက်ကူးရေးအဖွဲ့က ရှိလှမှခြောက်ယောက်ခုနစ်ယောက်

www.burmeseclassic.com

ရယ်။ ကင်မရာမင်းဝင်ထိန်းလိုက်သည်။

"ဒီမှာခင်ဗျာ. . . ကျွန်တော်က ဗီဒီယိုရိုက်ကူးရေးအဖွဲ့က ကင်မရာမင်း. . ခေါင်းဆောင်ပါ. . . ဒီကအစ်ကိုနဲ့ ဘာများပြဿနာ တက်လို့ပါလဲ. . . ကျွန်တော့်ပြောပါ. . . တစ်လှေတည်းစီး၊ တစ်ခရီး တည်းသွားရမယ့်လူတွေပါ"

"ဘာတစ်လှေတည်းစီးရမှာလဲ အာစရိရဲ့. . . တစ်သဘော် တည်းလို့ပြောစမ်းပါ. . . ဟဲ ဟဲ ဟဲ"

ဆိတ်သိုး၏လက်ကို ဖြတ်ရိုက်ထည့်ပေးလိုက်တော့မှ အသာ ငြိမ်ကုပ်သွားသည်။ သည်တော့မှ ခုနကမျက်နှာကြီးနီမြန်းနေသည့် ဘိုက်ပုံနှင့်လူက ဖြစ်ကြောင်းကုန်စင်ရှင်းပြသည်။

"အဲဒီဝေါ်ရှိထဲကပုံ ကျွန်တော့်ပုံ. . . ဒါကိုများ ခင်ဗျားလူက ဦးလေးတဲ့. . . ပွဲငှားတဲ့လူက ဗီဒီယိုသမားလုပ်နေပြီး လူကဲခပ်ညံ့ တယ်"

"ကျွန်တော်တောင်းပန်ပါတယ် ဇာတ်ဆရာမင်းသားရယ် နော်. . ."

"ဟိုးမှာ ခင်ဗျားတို့တွေ့ချင်နေတဲ့ အလှူရှင်. . . သူပဲ. . ခင်ဗျားတို့ပြောချင်တာရှိရင် သူနဲ့သွားပြော. . . ကဲ ဟော့ကောင်တွေ လူစုံရင်သဘော်ထွက်မယ်"

သူလက်ညှိုးညွှန်ရာကိုကြည့်လိုက်တော့ ခုနက သူတို့နည်း တူ လူမျှော်နေသည့် စပို့ရှပ်အစင်းကြား၊ စတိုင်ဘောင်းဘီနှင့်လူ၊ ဇာတ်ဆရာမင်းသားက သွားခါနီးလှည့်ပြီးပြောသွားလိုက်သေးသည်။ ဘာတဲ့။

"မင်းတို့ရုပ်ရှင်တွေထဲကလို ရုပ်ဖျက်လာတာကွ. . မှတ်ထား . . ထွီ"

ဩော်. . ရုပ်ဖျက်လာတာတဲ့လား။ အေးလေ ဆိတ်သိုးများ



www.burmeseclassic.com

www.burmeseclassic.com


ပါဘူး။ ပွဲငှားက ရုပ်မဖျက်ဘဲ ဇာတ်ဆရာမင်းသားက ရုပ်ဖျက်လာတော့မှားပြီပေါ့။ ရွာရောက်ရင် ဘာတွေထပ်လွဲဦးမည်မသိပေ။ ပြီးတော့ ဒီဇာတ်အဖွဲ့နှင့်တွဲသွားရမှာ။ ဘုရား. . ဘုရား။ ရင်တွေတုန်လိုက်တာ။ သည်လိုနှင့် ပွဲကမည့်နေရာရောက်သွားသည်။ သူတို့ဇာတ်အဖွဲ့တွေက ဇာတ်ရုံကို လှည်းတွေနှင့်ပစ္စည်းတွေ သယ်သူကသယ်၊ ထမ်းသူက ထမ်း၊ ဗီဒီယိုရိုက်ကူးရေးအဖွဲ့ကိုတော့ အလှူရှင်က သူ့အိမ်ကိုခေါ်သွားပြီး ထမင်းတွေဘာတွေ ကျွေး၊ ရေတွေဘာတွေချိုးပေါ့။ ကင်မရာမင်းကတော့ ဆိတ်သိုးပဲ မျက်ခြည်မပြတ်လိုက်ကြည့်နေရသည်။ ဒီလောက်အလစ်မပေးသည့်ကြားက ဘယ်ကဘယ်လိုသွားသွားသောက်လာလဲမသိပါဘူး။

"အာ. . အာစရိ. . . ကျွန်တော် လေးဖြူသီချင်းဆိုမယ်"

"မင်းက ဘယ်မှာဆိုမှာလဲ. . . သံဃာစင်ပေါ်မှာဆိုမလို့လား . . . မလုပ်ပါနဲ့ကွာ. . . ကိုရင်တွေ၊ ဦးဇင်းတွေ နေစရာမရှိရတဲ့ကြားထဲ"

"မဟုတ်ဘူး. . အာ. . အာ. . စရိ. . နေ့ခင်းက ဇာတ်အဖွဲ့နဲ့သူတို့ဇာတ်စင်ပေါ်မှာ တက်ဟဲလိုက်မယ်လေ. . . ယုံတယ်မဟုတ်လား"

"ဟောကောင် တိတ်တိတ်နေစမ်း. . . ငါတို့က ရှင်လောင်းတွေလာရိုက်တဲ့ မှတ်တမ်းဗီဒီယို. . . သီချင်းဆိုဖို့လာတာ မဟုတ်ဘူးနော်. . . ငါ လက်မပါချင်ဘူး"

ညပိုင်း မအောင်မြင် မကျော်ကြား လူကြိုက်နည်းသော. . အဲလေ. . အောင်မြင်ကျော်ကြားလူကြိုက်များသော တက်သစ်စလုလင်ပစ်တိုင်းထောင်သဘင်မှ ခေါင်းဆောင်မင်းသားချော၏ အတော်အကဆန်းသည့်ဇာတ်အကအဆန်းကထွာ၊ မိတ်ကပ်တွေလိမ်းလိုက်တော့လည်း မီးရောင်အောက်မှာ ဟုတ်သား။ နေ့ခင်းကတွေ့သည့်


www.burmeseclassic.com

ပုံစံနှင့် တခြားစီ။ ပွဲစျေးတန်းတွေ ရိုက်၊ ပရိသတ်တွေရိုက်နှင့် ပြီးလည်းပြီးရော ဆိုင်းဝိုင်းနောက်က မင်းသားထွက်အလာစောင့်ရိုက်ဖို့ ရယ်ဒီလုပ်ထားလိုက်သည်။ ပြည်ဖုံးကား ကန့်လန့်ကာဖွင့်လာပါပြီ။ ဆိုင်းသံနှင့်အတူ ဇော်ဂျီဝတ်စုံနှင့် ခေါင်းဆောင်မင်းသား ဇာတ်စင်၏ ညာဘက်ထောင့်ကို ဆေးကြိမ်လုံးလေးထမ်းလို့ လွှားခနဲ။ နောက် ဇာတ်စင်၏ဘယ်ဘက်ထောင့်ကို လွှားခနဲ၊ နောက်တစ်မျိုး ဇာတ်စင်၏ရှေ့တည့်တည့် ပရိသတ်ထဲများ ကျလာမလားမှတ်ရသည်။ လွှားခနဲ၊ လွှားခနဲပဲ။ စက်သီးကြိုးဆွဲကလည်း တော်ပါပေ့။ ခဏ အမော ဖြေပြီး ပရိသတ်ကို တစ်စုံတစ်ခုပြောမည်အလုပ် ဗိုးခနဲ အပေါ်တည့် တည့်မြောက်တက်သွားကာ ဇာတ်ရုံ၏အလယ်ခေါင်တည့်တည့်ထုတ် တန်းကြီးနှင့် ဇော်ဂျီမင်းသားခေါင်း ပြေးဆောင့်လိုက်တာ နည်းနည်း နောနောအသံကြီးမဟုတ်ပေ။

"ဒိန်း"

"အမရေး . . တောပြီ"

"ဟာ"

"ဟယ် . . သွားရှာပြီ"

ကြည့်နေတုန်း အပေါ်ကဖောက်ထိုးမိုးမျှော် ခွေးကျကျသွား ပြန်ရော။

"ထုံး"

"အမရေး"

စမတ်ဒေါင်းထဲက လည်မျိုလိမ်ပြီး ဖောက်ထိုးစမတ်ယူလိုက် သလိုမျိုး။ ဘာတွေဖြစ်ကုန်ပါလိမ့်။

"အာ . . အာ စရိရေ . . ပြေး ပြေး"

ကြည့်လိုက်တော့ ဆိတ်သိုးရယ်။ ပုဆိုးကွင်းသိုင်းပြီး ဇာတ် စင်ပေါ်ကခုန်ချကာ ပရိသတ်ထဲဆင်းပြေးလာသည်။ ဇာတ်အဖွဲ့သား



www.burmeseclassic.com

www.burmeseclassic.com


များက နီးစပ်ရာတုတ်တွေ၊ ဓားတွေနှင့် ပွဲခင်းလုံခြုံရေးနှင့် ပွဲငှားသူ ထိန်းပေးပြီး တက်သစ်စလုလင်ပစ်တိုင်းထောင်သဘင်မှ မင်းသား ပစ်တိုင်းမထောင်သည့် ပစ်တိုင်းထောင်ကို ကျေးရွာဆေးပေးခန်းသို့ စောင်ပုခက်နှင့်ပို့လိုက်ရသည်။ ပြဿနာဇာစ်မြစ်ကို စုံစမ်းလိုက်တော့ အဓိကတရားခံက စက်အဖွဲ့ကဆိတ်သိုး။

"ရှတ်. . ရှတ်. . ရှတ်"

"ဘာလဲ. . ဩော်. . ကျုပ်တို့နဲ့အတူတူလာတဲ့ ဗီဒီယိုအဖွဲ့ ကပဲ ပွဲလာကြည့်တာလား"

"ဟုတ်ကဲ့. . . ခု ဘာအခန်းပြမှာလဲ"

"မင်းသားပစ်တိုင်းထောင် ဇော်ဂျီအကလေ"

"ခင်ဗျားက ဘာလုပ်ရမှာလဲ. . . လက်ထဲမှာလည်း ကြိုးကြီး နဲ့. . . အဟိ. . ပုခက်ဆင်မလို့လား"

"ဟာ. . ဘယ်ကပုခက်ဆင်ရမှာလဲ. . . မင်းသားကို ကြိုးဆွဲ ပေးရမှာဗျ. . . လာလေ. . ဇာတ်ခုံပေါ်ကကြည့်"

"ဟာ နေပါစေ. . . အောက်ကပဲကြည့်တော့မယ်"

အကြံသမားဆိတ်သိုး နေ့ခင်းက သူ့ကိုဟောက်ထားလို့ ဘာ လုပ်ရမလဲစဉ်းစားနေသည်။ သူတို့ဇာတ်မှာ သီချင်းဆိုပါရစေလို့ ကင်မရာမင်းမသိအောင် တီးဝိုင်းခေါင်းဆောင်ကို အရက်တိုက်ပြီး သွားညှိတော့လည်း အရက်ဖိုးသာကုန်သွားသည်။ ဇာတ်ဆရာကို သွား ပြောပြပါတဲ့။ တကယ်ဆို မသောက်နဲ့လေ။ ကြုံပြီးပြောခိုင်းပေါ့။ ခု တော့ အရက်တွေသောက်၊ အမြည်းတွေစားနှင့် ဇာတ်ဆရာသွား ပြောတော့လည်း

"ပေါက်လွှတ်ပဲစားတွေ၊ တွေ့ကရာလူတွေတင်ပေးတဲ့ ဇာတ် စင်မဟုတ်ဘူး. . . သူ့အစီအစဉ်နဲ့ သူ"

တဲ့။ မတွေ့ကြသေးတာပေါ့။ ရေခပ်မကြုံ အပေါ်သွားတော့


www.burmeseclassic.com

www.burmeseclassic.com

ကြုံဦးမှာပါ။ လေးဖြူဟာ ဆိတ်သိုးခရေစီ၊ လေးဖြူမှမဟဲ့ရရင်ပေါ့။ ကြိုးဆွဲဆရာကို ဇေယျဝတီချက်အရက်နှင့် စည်းရုံးလိုက်သည်။ ကြိုးမဆွဲဖူးလို့ တစ်ချက်ပဲပေးဆွဲပါဟု။ ရွှေပိုင်း သူဆွဲအပြီး မင်းသားပရိသတ်ကို သီချင်းနှင့်ဇော်က ထပ်ကပြမည်အလုပ် တစ်ချက်တည်းပါပဲ။ ပွဲသိမ်း။ ဆွဲတုန်းက အဲဒီလောက်ဖြစ်မည်မထင်မိ။ 'ဒိန်း'ဆိုပြီး ထုတ်တန်းနှင့်သွားတိုက်တော့မှ လန့်ပြီး ပြန်လွှတ်ချလိုက်သည်က ပိုဆိုးသွားသည်။ ဒီတော့ ရသင့်ရထိုက်သည့်ငွေကြေးလေးတွေယူပြီး နံနက် ၃း၃၀ လောက် စစ်ကားတွေထဲကလို မှောင်ထဲမှာစမ်းတဝါးဝါးနှင့် ကုန်းတစ်တန်ရေတစ်တန်နှင့်ပြန်ခဲ့ရသည်။ သူတို့စက်အဖွဲ့ရိုက်ကူးရေးပါပဲ။ မိုးထိန်ထိန်လင်းသွားရင်တော့ 'ဘဲ'အရေခွံဆုတ် အမွေးနုတ်တာမှကျန်ဦးမည်။ ဇာတ်အဖွဲ့မှာ လူအင်အားငါးဆယ်ကျော်။ ဒါတောင် မွေးထားသည့်ဇာတ်ခုံအောက်က ကလေးတွေမပါသေးဘူးတဲ့. . . ဘုရား. . ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၆)

### အလွဲ အမှတ် (၁၃)

ယခုတင်ပြမည့် စက်အဖွဲ့၏အလွဲကတော့ မော်လမြိုင်ဘက် အသွား သထုံမြို့မှ သုံးညအိပ်လောက်သွားရသည့် ပျဉ်းမပင်ဆိုသည့် ရွာ။ ရှင်ပြုအလှူပွဲပါပဲ။ ဝေးဝေးလံလံခရီး သိပ်မထွက်ဖူးတော့ ပင်ပန်း လိုက်တာမှ ပြောမနေပါနှင့်တော့။ သေချင်စော်ကို နံနေတာပဲ။ ပထမ ထော်လာဂျီနှင့်၊ နောက် လှည်းတွေနှင့်၊ ဟော ပြီးတော့ အထူးအစီ အစဉ် ကုန်းကြောင်း။

ရွာတစ်ရွာရောက်လိုက် မီးထွန်းချိန်ကြီးပဲ။ လမ်းပြပေးသည့် လူ လာခေါ်သည့်လူကို ရောက်ပြီလားဟုမေးလျှင် ခေါင်းခါပြသည်။

ခဏနား၊ ထမင်းစား၊ ထမင်းကလည်း နီရဲနေသည်။ တာ လပေါ်ဟင်းတဲ့။ မန်ကျည်းရွက်များ၊ ပဒတ်စာများ၊ ဖားများ၊ ပြီးတော့ ငှက်ပျောအူတိုင်များနှင့် ဘယ်လိုကြီးမှန်းမသိပါပေ။ မစားနိုင်တော့ ရေနွေးကြမ်းနှင့် ခုနကထမင်းကြမ်းနီနီရဲရဲကြီးကို ကြံသကာတောင်း ပြီးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အားပါး. . လည်ချောင်းထဲ ကျောက်ခဲတွေကို ရေနှင့်မျှောချ . . အဲလေ. . တောင်ကျရေနှင့် ပါလာသည့်သစ်တုံးကျောက်တုံးများ အတိုင်းပဲ။ လည်ချောင်းများ နာလိုက်တာမပြောပါနှင့်တော့။ အိမ်ရှင်များကတော့ ဘာတွေသဘောကျနေသည်မဆိုနိုင်ပေ။ ဆေးပြင်းလိပ် ဆေးတံကြီးများခဲပြီး တဟီးဟီး တဟားဟားနှင့်စားသောက်နေကြသည်။

တစ်ခါ ခရီးဆက်ထွက်ကြပြန်သည်။ လမ်းပြကတော့ ရှေ့က မီးတုတ်တစ်ချောင်းနှင့် ကျိုက်ထီးရိုးတောင် ငယ်ငယ်ကတက်နေရသလိုပဲ။

အပေါ့်အပါးသွားချင်သည်ဆိုလျှင်လည်း ခုနကလမ်းပြကို ပြောပြ၊ သူပြသည့်နေရာမှာ သွားရသည်။ ဘာဖြစ်လို့လဲမေးတော့ အန္တရာယ်ရှိလို့တဲ့။ ခါတိုင်း ဘယ်နေရာသွားသွား လေးဖြူသီချင်းကို ဘယ်ကီးမှမကိုက်ဘဲ အော်အော်ဆိုနေသည့် ဆိတ်သိုးတောင် ဘာသံမှမကြားရတော့ပေ။ အဲ. . ကြားရသည့်အသံကတော့ သူ့တင်ပါး နှစ်လုံးကြားမှ ထွက်ပေါ်လာသည့် ဘင်ခရာသံ။

"ပူ. . ပူ. . ပီ. . ပီ"

တစ်ခါတစ်ရံ အသံရှည်များပင်ဆွဲလိုက်သေး။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်တော့ပါဘူး။ သူတို့၏မျက်လုံး အကြည့်များက ဒီလိုနေရာမျိုးကို အလုပ်လက်ခံလိုက်ရသလားနှ သည့် မကျေနပ်သည့်အကြည့်မျိုးတွေ။ ဘယ်လာသိပ့်မလဲ။ ကိုယ်ေ မရောက်ဖူးသည်ကိုး။ သူတို့အပြောက သထုံဘုရားဘေး တောလမ် ကဝင်လိုက်ရင် လွန်ရောကျွံရော ခုနစ်မိုင်တဲ့။ ခုကျွံလိုက်တာမှ နှစ်ဥ တောင်အိပ်ပြီးနေပြီ၊ မရောက်သေးဘူး။

"အား. . သွားပြီဟော့"

"ဘာလဲဟ. . . ဘာလဲလို့ မေးနေတယ်လေ"


www.burmeseclassic.com

www.burmeseclassic.com


"မြွေ. . မြွေ. . ငါခြေထောက်ကို ပတ်ထားတယ်. . . အဟီး ဟီး လုပ်ကြပါဦး"

လမ်းပြက ကမန်းကတန်းပြေးလာပြီး မီးတုတ်နှင့်ကြည့်လိုက်တော့ ရှေ့မှဆိတ်သိုးတိုက်သွားသည့်နွယ်ပင်ကြီး အရှိန်နှင့်လှုပ်ကာဝေ့ကာနှင့် သူ့ခြေထောက်ကိုငြိနေသော မောင်မောင်။ အသံပြဲကြီးနှင့်စွတ်အော်နေသည်။ ပြီးမှ ရှက်ရမ်းရမ်းပြီး

"အေးတိအေးစက်ကြီးနဲ့ဆိုတော့. . အဟဲ"

"မြွေက မင်းကိုပတ်ထားမလားကွ. . . တစ်ခါတည်း အသေပေါက်သတ်မှာပေါ့"

"သန်းစိုးရေ. . . ငါတို့ဗီဒီယိုရိုက်ဖို့လာတာလား. . . ကိုပိုက်ဝတ္ထုတွေထဲကလို. . . တောလိုက်လာတာလားဟင်"

"စကားမများနဲ့ကွာ. . . ပင်ပန်းရတဲ့ကြားထဲ"

"ခုနေများ တာမွေက မော်ဒန်လက်ဖက်ရည်လေးနဲ့ ပဲပလာတာလေးစားပြီး. . . ဘောလုံးပွဲလေးကြည့်လိုက်ရရင် . . . ခုတော့ သားမှားပြီမေမေရဲ့"

သည်လိုနှင့် ရှင်ပြုအလှူလုပ်မည့်ရွာကို ရောက်သွားရောဆိုကြပါစို့။ ရွာထဲအဝင် ဆိုင်းသံဗုံသံများကြားတော့ နည်းနည်းအားရှိသွားသည်။ ဆိတ်သိုးကို မျက်ရိပ်မျက်ခဲလှမ်းပြလိုက်သည်။ ပြဿနာမရှာနဲ့။ ဟိုတစ်ခါလိုဖြစ်ရင် ဒီရွာကမလွယ်ဘူး။ လှေမရှိ၊ ကားမရှိနဲ့။

"အားနာလိုက်တာ. . . မြို့ကအကောင်တွေရယ်ဝေး. . . ငါတို့ထော်လာဂျီက ပျက်နေလို့ဟ. . . နို့မို့ဆို ဘယ်လာ နင်တို့လမ်းလျှောက်ရမလဲနော်. . . နော်စောမူ. . . နင်တို့အိမ်ကို ဧည့်သည်တွေခေါ်သွား. . . ပြီးမှ ငါလာခဲ့မယ်. . . ဘာမှစိတ်မညစ်နဲ့ ဟကောင်တွေ. . . အပြန်ကျရင် ထော်လာဂျီကောင်းချင်ကောင်းနေမှာဟ"

တိုင်းရင်းသားများ ပွင့်လင်းလိုက်တာ။ ထော်လာဂျီကောင်း


www.burmeseclassic.com

www.burmeseclassic.com

အောင် ငါတို့ပြင်ထားမယ်များပြောမလားလို့။ ကောင်းချင်ကောင်းနေမှာတဲ့။ ကိုင်း မျက်နှာအေးမသွားဘူးလား။ ခုနကအိမ်ရောက်တော့ ရေချိုးသူက ချိုး၊ နားနားနေနေ ပက်လက်လှန်ပြီး မှိန်းသူကမှိန်းနှင့်။ အင်း. . မနက်စာတော့ ကောင်းကောင်းလေးစားရတော့မည်နှင့် တူပါသည်။ တောကြက်အမွေးလေးများ အိမ်ရှေ့မှာစုပုံနေသည်က ဟိုနားတစ်ကွက်၊ ဒီနားတစ်ကွက်နှင့်။

"ခဏနားဦး. . . ဆယ်နာရီလောက်မှ ရှင်လောင်းလှည့်မှာ . . . ဝါသနာပါရင် နေ့ခင်းပိုင်းလက်ဖွဲ့ဝင်ထိုးလို့ရတယ်. . . ဟောဟိုကွင်းထဲမှာ"

အိမ်ရှင်အဘိုးကြီးက လက်ညှိုးထိုးပြသည်။ အသာအယာပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဖထီး. . . ဖိတ်စာတစ်စောင်လောက်ပေးပါလား. . . ကင်မရာနဲ့ ရိုက်ထားချင်လို့"

ခေါင်းခါပြသည်။ ဆေးတံကိုမီးညှိလိုက်ပြီး

"ငါတို့ဆီမှာ ဘာဖိတ်စာမှမလုပ်ဘူး. . . ပါးစပ်နဲ့ဖိတ်တယ် . . . ပါးစပ်နဲ့လာစားကြတယ်. . . ပါးစပ်နဲ့လာဝိုင်းကူလုပ်တယ်ဝေ့"

"ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

ဘယ်လိုကြီးပါလိမ့်။ တစ်ခါဖူးမှမကြုံဖူးသည့် အတွေ့အကြုံပါလားရယ်ပေါ့။

"ရှင်အပါး ဘယ်လောက်လဲ"

အဘိုးအိုက ဆေးတံကိုခေါက်ချလိုက်ပြီး လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

"ဗျာ. . တစ်ပါး. . ဟာဗျာ. . တစ်ပါးနဲ့များ"

"မဟုတ်ဘူးဝေ့. . . အပါးတစ်ထောင်"

"ဟင်. . ရှင်အပါးတစ်ထောင်. . . ပါးပါး များလှချည်လား"


www.burmeseclassic.com

www.burmeseclassic.com


"လာတော့တွေ့လိမ့်မယ်. . . ဆင်တွေရော၊ မြင်းတွေရော၊ လူတွေရော. . . ဒါနဲ့ ဟော့ကောင်လေးတွေ ဒါလုပ်တတ်လား. . . လုပ်ချင် ငါနဲ့လိုက်ခဲ့"

ဆိတ်သိုးနှင့်မောင်မောင် ကင်မရာမင်းကိုလှမ်းကြည့်သည်။ သွားပါစေလေ။ ဒီကောင်တွေလည်း ပင်ပန်းလာတာ။ ခေါင်းညိတ်ပြလိုက်သည်။

"ထမင်းစားအမီပြန်လာခဲ့နော်. . . သိပ်မများစေနဲ့"

"ဟုတ်. . အာစရိ"

အားလုံး ထမင်းစားပြီးသွားပြီ။ ဟိုနှစ်ကောင် ပြန်မရောက်သေးပေ။ အဲဒီအချိန်မှာပင် ဆိုင်းသံဗုံသံများကြားလိုက်ရသည်။ ကမန်းကတန်း ကင်မရာ မ၊ ရိုက်ခွေထည့်၊ မှန်ချပ်တွေသယ်သူက သယ်၊ အလုပ်ရှုပ်သွားတော့ ဟိုနှစ်ကောင်မေ့သွားသည်။ ရွာလမ်းမပေါ် ထွက်လိုက်တော့ ဟုတ်ပ. . ဆင်တွေရော၊ မြင်းတွေရောပေါ်မှာ ရှင်လောင်းတွေ၊ သူတို့မိဘတွေလား၊ ဦးလေးတွေလား၊ ကာလသားတွေလားတော့ မသိပေ။ အချို့ရှင်လောင်းများက ခုနကလူများ၏ဂုတ်ပေါ်မှာ တက်ခွစီး၊ အောက်ကလူကလည်း တော်တော်လေးပျော်၊ တော်တော်လေးလည်း မူးနေပုံရသည်။ လယ်ကွင်းထဲရောက်သွားလိုက်၊ စပါးကျီထဲရောက်သွားလိုက်၊ ကောက်ရိုးပုံထဲ ပစ်လှဲလိုက်နှင့် ဘယ်ကစပြီး ရိုက်ရမှန်းကိုမသိပေ။ အဘွားကြီးတွေကလည်း သင်တိုင်းအင်္ကျီဖားဖားကြီးတွေဝတ်ပြီး ပါးကွက်ကြားကြီးများနှင့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးဖွာဖွာပြီး ကွေးနေအောင်ကနေလိုက်ကြတာများ ပျော်စရာ၊ ကြည်နူးစရာအလှူကြီးတစ်ခုပင်။ စုပေါင်းရှင်ပြုဆိုတာ ခုမှပဲမြင်ဖူးတော့သည်။

"အာစရိ. . . ဟိုမှာ ဟိုနှစ်ကောင်"

သက်ပြင်းပြရာကိုကြည့်လိုက်တော့ ရာဝင်အိုးလောက်ရှိမည်


www.burmeseclassic.com

www.burmeseclassic.com

ထင်ပါ၏။ စဥ့်အိုးအကြီးကြီးတွေ မနည်းဘူး။ အလုံးပေါင်းများစွာမှာ အစွန်ဆုံးက ရာဝင်အိုးကို နှစ်ယောက်သားဖက်ပြီး ကုန်းရုန်းထလိုက်၊ ပြန်လဲသွားလိုက်နှင့် ဘာဖြစ်နေပါလိမ့်ပေါ့။ ဒါနှင့် ကင်မရာကို တစ်ယောက်ပေးခဲ့ပြီး

"ဖြောင်း. . ဖြောင်း"

"ဘာဖြစ်နေတာလဲ. . . ဒီလောက်သောက်ရလားဟင်. . . မရှက်ကြဘူးလား"

ဇက်ပိုးတွေ လိုက်ရိုက်လိုက်သည်။ တော်တော်အရှက်ခွဲသည့် ကောင်တွေ။ ကလေးတွေက ဝိုင်းရယ်နေကြသည်။ ဆိတ်သိုးက

"အာ. . အာချရိ. . . ချွန်တော်. . နည်း. . နည်းလေးပဲ တောက်တာပါ. . . ဘယ်ရှိဖစ်သွားမှန်း မထိတော့ဘူး. . . ဟူး ဟူး"

"ဘာနည်းနည်းလေးသောက်တာလဲ. . . မင်းတို့ နည်းနည်း သောက်ရင် ဒီလောက်ပုံပျက်ပါ့မလား. . . အလကားရတယ်ဆိုပြီး စွတ်သောက်နေတဲ့ကောင်တွေ. . . လာ. . ငါနဲ့တွေ့မယ်"

လက်ဆွဲခေါ်မည်အလုပ် မောင်မောင်က သူ၏နဂိုပြူးပြီး သားမျက်လုံးကြီးကို ထပ်ပြူးပြပြီး

"တကယ်. . . တကယ်. . . အာစရိ. . . နည်းနည်းမှ နည်းနည်းလေးရယ်. . . ပောဒီရေခွက်လေးနဲ့ တစ်ခွက်ချင်းမြည်း ကြည့်လိုက်တာ. . . စခဲ့တဲ့စဥ့်အိုးဆီ စကမ်းဒေါင်း ပြန်. . ပြန်မ လှည့်နိုင်တော့ဘူး ဖစ်နေတယ်"

စဥ့်အိုးများကြည့်လိုက်တော့ ရေခွက်ကလေးများ ကြိုးနှင့် ချည်ထားသည်။

ဩော်. . စဥ့်အိုးများထဲမှာ အရက်တွေထည့်ထားတာကိုး။ ဘယ်သူသောက်သောက်ပေါ့။ ဒီကောင်တွေပြောတာ ဟုတ်မဟုတ် လက်တွေ့စမ်းကြည့်ဦးမည်လေဆိုပြီး ထိပ်ဆုံးစဥ့်အိုးမှပြီး


www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမြည်းကြည့်လိုက်တော့ ရှိသည့်စဥ့်အိုးအလုံးနှစ်ဆယ်မကျ ရောက်လိုက်ဘူး။ ခြောက်လုံးမြောက်မှာတင် အိုးကိုဖက်ပြီး ကိုရွှေဟောင်မရာမင်း

“ယုတ်. . ယုတ်ချအုန်းရေ. . . ချက်. . ချက်ထွားယို့ မရတော့ဘူး. . . အ. . အ. . မေးရေ. . သား. . . လမ်း. . လမ်း. . ချောက်လို့. . မရ. . တော့ဘူးဂျ”

အဲဒီနေ့က ဘယ်လိုတွေရိုက်မိတယ်မသိပါဘူး။ ဆင်က နှာမောင်းမပါ၊ မြင်းက နောက်ပိုင်းမပါ၊ မပါသင့်တာတွေကိုတော့ Zoom တွေသွင်းလိုက်ထုတ်လိုက်နှင့် ကင်မရာဘေးချ၊ တဟီးဟီး တဟားဟားနှင့်မှ တဟီးဟီး တဟားဟားပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၇)

### အလွဲအမှတ် (၁၄)

"မီးစက်ကို ဝေးနိုင်သမျှ ဝေးဝေးသွားထားဟေ့. . . ကရိန်း ဒီမှာဆင်. . .

ဇာတ်ညွှန်း. . ဇာတ်ညွှန်း. . ကိုအေးကို. . ဆရာမရေ. . . ဒါရိုက်တာက ခဏတဲ့"

ရိုက်ကွင်းတစ်ခုလုံး ဆူညံပွက်လောရိုက်နေသည်။ လာကြည့်သည့် ရွာခံပရိသတ်ကလည်း မနည်းမနော။ ဒါရိုက်တာက ဖိနပ်တောင် မပါ။ ဟိုပြေးဒီလွှားနှင့်။ မင်းသားနှင့်မင်းသမီးကတော့ အရိပ်ကောင်းသော သရက်ပင်ကြီးတစ်ပင်အောက်၌ ကုလားထိုင်ကိုယ်စီနှင့် ဘာတွေထိုင်စားနေမှန်းမသိ။ စကားတွေပြောလိုက်၊ စားလိုက်၊ ရယ်လိုက်နှင့်။ သူတို့ဘေးပတ်ပတ်လည်မှာလည်း ပရိသတ်များအပြည့်။

"မင်းသား အဝတ်အစားလဲပြီးရင် ရိုက်မယ်တဲ့"

"ဩော်. . အေး. . ခဏ ခဏ. . မောင်သန်း. . အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားယူခဲ့. . . ကဲ သွားလိုက်ဦးမယ်ဟေ့. . . ကိုယ့်သားမယားကို ရှာကျွေးတာ. . . နေပူပူ မိုးရွာရွာပေါ့ မဟုတ်ဘူးလား"

မင်းသား၏ပြောစကားကို ရယ်ပြီးကျန်နေခဲ့သည်က မင်းသမီး နှင့် သူ့အမေ။ ပြီးတော့ မိတ်ကပ်ဆရာ။

"စော်တကားတုန်းက စော်တကားပြီး ဘာခုမှညည်းမနေနဲ့"

"ဟီဟိ"

ဒါရိုက်တာက ထိုင်နေသည့်ကင်မရာမင်းကိုကြည့်ပြီး အား မလိုအားမရပုံစံနှင့်

"ဟေ့ကောင် ရိုက်မယ်လေ. . . ဘာထိုင်လုပ်နေတာလဲ"

"မဂ္ဂဇင်းစောင့်နေတာပါ အာစရိ"

"ဟာကွာ. . . ဒီလောက် အလုပ်ရှုပ်နေတဲ့ဥစ္စာ မင်းမို့လို့ မဂ္ဂဇင်းဖတ်ချိန်ရသေးတယ်"

"ဗျာ"

"မဗျာနဲ့လေ. . . မဂ္ဂဇင်းဖတ်ဖို့ အချိန်မရှိဘူးလို့ပြောနေတာ . . . ကြားပြီလား"

ဒေါနှင့်မောနှင့်ပြောပြီးထွက်သွားသည့် ဒါရိုက်တာ၏ကျော ပြင်ကို ကင်မရာမင်းက တစ်ချက်ကြည့်လိုက်ပြီး

"ဩော်. . ဒါရိုက်တာတဲ့. . . မဂ္ဂဇင်းကို ဝတ္ထုများအောက် မေ့နေသေးတယ်. . . ဖလင်ထည့်တဲ့ဘူးတောင်မသိဘဲ. . . ဟင်း. . ဒါရိုက်တာလုပ်နေသေးတယ်"

တစ်ယောက်တည်း ဗျစ်တောက်ဗျစ်တောက်နှင့် အတင်း ပြောပြီးကျန်နေခဲ့သည်။ ပြီးနောက် အပါချာကိုပိတ်လိုက်ကာ

"အာစရိ. . အာစရိ. . . ခဏ"

ကင်မရာကို ချောင်းခိုင်းလိုက်သည်။ ဒါရိုက်တာက ချောင်း ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com


"OK. . . ကောင်းတယ်. . ကောင်းတယ်"

အဟိ. . ဘာမှမမြင်ရဘဲ ကောင်းတယ်တဲ့။ အံ့ကျော်. . အံ့ကျော်ပဲ။ ကရိန်းအဖွဲ့ကလာပြောသည်။ ရိုက်လို့ရပြီတဲ့။ ကင်မရာမင်းနှင့် စက်ကရိန်းပေါ်တက်၊ အပေါ်စီး၊ ဟိုက်အဲကယ်

"ကင်မရာရယ်ဒီဖြစ်ရင်ပြော"

"ခဏ အာစရိ. . . ဖိုးကပ် ဖြတ်လိုက်ဦးမယ်" (Focus Puller)

"OK. . ဒါဆို ကင်မရာနဲ့ရီဟာဇယ် (Rehersal) လုပ်မယ်"

ကင်မရာမင်း DP သည် ရုပ်ရှင်ရိုက်ကူးရာတွင် တစ်ကားလုံး တာဝန်ယူရသူဖြစ်သည်။ တစ်ခန်းချင်း၊ တစ်ကဒ်ချင်း၏အလင်း၊ အမှောင်သာမက မီးအဖွဲ့ကိုပါဦးဆောင်ပြီး ဒါရိုက်တာလိုချင်သော အချက်ကို အနီးကပ်ဆုံး အချိန်တိုတိုနှင့်လုပ်ဆောင်ပေးရသည်။ ဖလင်မှန်ဘီလူး၊ မီးအယူအဆ အားလုံးနားလည်ရမည်။ ဒါရိုက်တာနှင့်တွဲကာ မရိုက်ကူးမီကပင် ဘယ်လိုရိုက်မည်၊ ဘာလိုချင်သည်၊ Lighting အလင်းအမှောင်၊ မီးအပေးအယူ၊ Composition မြင်ကွင်းအလှအပ၊ Camera Movement ကင်မရာလှုပ်ရှားမှု၊ ပြီးနောက် သုံးသောဖလင်၊ ၎င်းဖလင်၏ပုံတင်နှုန်း ASA rating များကိုမှတ်ပြီး မီးအလင်းမီတာ Exposure meter နှင့် မီးကိုချိန်ရမည်။

"ဖိုက်ကေ (5K) ဟိုဘက်နည်းနည်းတိုး. . . တိုးဦး. . တိုးဦး. . . ဟုတ်ပြီ. . . သက်ပြင်း၊ ဆိတ်သိုး. . ဟိုးရှေ့က ဖက်ရွက်စိမ်းကြီးဖယ်လိုက်. . . မလွတ်ဘူး. . . မြန်မြန်သွားလိုက်"

သက်ပြင်းနှင့်ဆိတ်သိုး အပြေးအလွှားသွားပြီး ဝါးလုံးနှင့် ရိုက်ချလိုက်ရာ

"ဝိ. . ဝိ. . ဝိ"

"ဟ. . ဟ. . ဘာကောင်တွေလဲ. . . အမရေး. . တုတ်တာဆိုဟ"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . ဟော့. . ပျားအုံကြီး. . . အား အား"

ယပ်တောင်နှင့်ခတ်သူက ခတ်၊ ပုဆိုးခြုံသူက ခြုံ၊ ပုဆိုးခြုံလိုက်တော့

"အမရေး. . အတွာကို တုတ်တယ်ဟ. . . ပြေး ပြေး"

ဟိုပြေးဒီလွှားနှင့် သူများတွေထက်ပိုဆိုးသူက ဒါရိုက်တာ။ သူ၏ အင်မတန်မှပေါ်လွင် လှပကြီးမားသော မဟာနှာခေါင်းကြီးကို ပျားတုတ်သဖြင့် ကြီးရင်းစွဲထက် အဆပေါင်းများစွာကြီးမားသွားသဖြင့် ကားရိုက်နားလိုက်ရပါတော့သည်။

နောက်တစ်နေ့ ရိုက်ကွင်းပေါ်က ပျောက်ချင်းမလှပျောက်သွားသူနှစ်ယောက်ကတော့ သက်ပြင်းနှင့်ဆိတ်သို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၈)

### အလွဲ အမှတ် (၁၅)

ပျဉ်းမပင်ကျေးရွာ၊ ရှင်အပါးတစ်ထောင် ရှင်ပြုပွဲ နေ့ခင်းပိုင်း ရွာ၏ဓလေ့ ပျော်ပွဲရွှင်ပွဲအဖြစ် လက်ဝှေ့ပွဲကျင်းပသည်။ ပတ်မကြီး၏တီးခတ်မှုသည် စိတ်တွေကိုတက်ကြွစေသည်။ ကြည့်နေရင်းနှင့် လက်ဝှေ့တက်ထိုးချင်သည့်စိတ်များ ဖြစ်လာသည်။ ဗီဒီယိုမှတ်တမ်း အနေနှင့်တော့ မရိုက်တော့ပါဘူး။ ရွာမှလူကြီးတစ်ယောက်၏ အကူအညီတောင်းခံမှုကြောင့် သူ စတေကင်မရာလေးဖြင့် ရိုက်ပေးဖို့ လက်ဝှေ့စင်ဘက်ထွက်ခဲ့လိုက်သည်။ ဟိုရောက်တော့ ကြားပွဲတစ်ပွဲ ပြီးဆုံးသွားလို့ ဒိုင်ဖြစ်သူက ချက်ချင်းလက်ငင်း ဆုတွေချနေသည်ကို တွေ့လိုက်ရသည်။ ရှုံးသည့်လူတော့ ဘယ်လိုနေသည်မသိ။ နိုင်သည့် လူကိုကြည့်လိုက်တော့ အားပါး မျက်နှာတစ်ခုလုံး ဩဇာသီးကျနေတာပဲ။

"-----ခင်ဗျာ. . . အဆင်သင့်ဖြစ်ရင် စင်ပေါ်ကြွပါ"

"-----ခင်ဗျာ. . . အဆင်သင့်ဖြစ်ရင် စင်ပေါ်ကြွပါ"



www.burmeseclassic.com

www.burmeseclassic.com


နာမည်ကြီးနှစ်ယောက် ထိုးမည့်ပွဲဆိုတော့ လူတွေလှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။ ဒိုင်လူကြီးက မိုက်ခရိုဖုန်းနှင့်အော်ခေါ်နေပြီ။ လက်ဝှေ့သမား ပရိသတ်များထဲမှထွက်လာသည်ကိုတွေ့လိုက်ရသည်။ အဲဒါနှင့် ကင်မရာရိုက်ဖို့အလုပ် လူတစ်ယောက်က ပခုံးလာကိုင်ပြီး

"နည်းနည်းဘေးဖယ်ပေးပါ. . . ဓာတ်ပုံရိုက်ချင်လို့"

"ရိုက်လေ. . . ကျုပ်လည်း ရိုက်ဖို့စောင့်နေတဲ့ဥစ္စာ"

သတင်းသမားလား၊ အပျော်တမ်းသမားလားတော့ မသိပေ။ ကင်မရာကြီးကိုင်လို့ မူးကလည်းမူးနေသေးသည်။ နောက် လက်ဝှေ့သမားတစ်ယောက် စင်ပေါ်မှာလက်ဝှေ့ရေးပြနေစဉ် ဖျတ်ခနဲရိုက်မည်အလုပ် ခုနကကင်မရာနှင့်လူ၏ နောက်စေ့က တစ်ဝက်လောက်ကင်မရာဘောင်ထဲဝင်နေသည်။

"နောင်ကြီး ဘေးနည်းနည်းဖယ်ပေးပါ"

"ဘာလို့ဖယ်ရမှာလဲ. . . မင်းနည်းမင်းဟန်နဲ့ ရိုက်ပေါ့"

မချေမငံပြန်ပြောသည်။ တော်တော်လေးစိတ်ထိန်းထားရသည်။ သူများမြို့ရွာဆိုတော့ မဖြစ်သင့်တာမဖြစ်ရအောင်ပါ။ ဒုတိယအကြိမ် ရိုက်မည်အလုပ် သူ၏ခေါင်းစုတ်ဖွားကြီးက ဝင်လာပြန်သည်။ စိတ်ကမရှည်နိုင်တော့ပေ။ သူ့ပခုံးကိုကိုင်ပြီး ဘေးတွန်းလွှတ်လိုက်တော့ နီမြန်းနေသည့်မျက်နှာကြီးနှင့်ပြန်ကြည့်ပြီး

"ဟေ့ကောင်. . ဘာလုပ်တာလဲ. . . ဘာလဲ နာသွားချင်လား"

"ခင်ဗျားတစ်ယောက်တည်း ကင်မရာပါတာလား. . . လွတ်တဲ့နေရာတွေ အများကြီးပဲ. . . သွားရိုက်ပါလားဗျ"

"ဘာကွ. . ငါ့ဟာငါ ဘယ်နေရာကရိုက်ရိုက် မင်းအပူပါလား. . . တော်တော်လူပါးဝတဲ့ ခွေးကောင်"

"ခင်ဗျားမရိုင်းနဲ့"


www.burmeseclassic.com

"ရှိုင်းတော့ မင်းကဘာလုပ်ချင်လဲ. . . ကဲ ပြော. . . တော့ကောင် ပြောလေ"

ပြောပြောဆိုဆို ရင်ဘတ်ကိုလာတွန်းသည်။ ဟာ. . ပွဲတလှပြီပေါ့။ ဘယ်တုန်းကမှ သူများစေ့စေ့ကြည့်တာတောင် ခံခဲ့တာမဟုတ်ပေ။ ဒီတော့ ကိုင်ထားသည့်ကင်မရာ ဘေးကလူတစ်ယောက်ကိုပေးလိုက်ပြီး

"ခွပ်. . ဂွတ်. . ဂုတ်. . . ဖောင်း"

"ဟုတ်ပြီကွ. . . ချကွ. . ဘာတဲ့တုံး. . . လုပ်လေ"

စင်ပေါ်က ပွဲ၊ လက်ဝှေ့ရေးပြရုံရှိသေးသည်။ အောက်မှာကနပန်းတွေချကုန်ပြီ။ တကယ်ထိုးမည့် လက်ဝှေ့သမားနှစ်ယောက်ကစင်အောက်ကိုငုံ့ကြည့်နေသည်။ ဒိုင်လူကြီးကပြေးလာပြီး အတင်းဝင်ဖြန်ဖြေပေးသည်။ အကျိုးအကြောင်းမေးပြီး လူစုခွဲခိုင်းလိုက်သည်။ ကင်မရာပြန်ကိုင်တော့ လက်တွေတဆတ်ဆတ်တုန်ပြီး ဒေါသတွေမပြယ်နိုင်သေးပေ။ မျက်ခမ်းစပ်အောက် နည်းနည်းကွဲသွားပုံရသည်။ ဘာဖြစ်လို့လဲဆိုတော့ သွေးတွေစီးကျလာသည်ကို သတိပြုမိလိုက်သည်။ ပိုပြီးဒေါသဖြစ်သွားချိန်မှာပဲ ခုနကကင်မရာသမားက လက်ခလယ်တစ်ချောင်းတည်း ထောင်ပြလိုက်တော့ ကိုင်း. . ဒုတိယအချီဆိုင်းမပါ ဒိုင်မပါပေါ့။

"ဖုန်း. . ဖုန်း. . ခွပ်. . ခွပ်. . အင့်. . ဘူ"

စင်ပေါ်မှာ ထိုးလက်စလက်ဝှေ့သမားနှစ်ဦးစလုံး ကြောင်ပြီးရပ်နေသည်။ ပြီးမှသတိရပြီး ကြိုးတန်းတွေကိုကိုင်ကာ သူတို့နှစ်ယောက်ပွဲကို အော်ဟစ်အားပေးနေတော့သည်။

"ချ. . ချ. . ဖြတ်ကန်ထည့်လေ. . . တံတောင်သုံး ဒူးမသုံးနဲ့"

"ဟုတ်ပြီ. . . တွဲလုံးတွေ. . . တွဲလုံးတွေ သုံး"


www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လူကြီးပြေးလာပြီး ဒေါသတွေဖြစ်ကာ နှစ်ယောက်စလုံး ဂုတ်တွေဆွဲခေါ်သွားပြီး စင်ပေါ်တင်ပေးလိုက်သည်။ ခုနက လက်ဖွဲ့သမားများ အောက်ဆင်းခိုင်းလိုက်သည်။ အချက်ပေးမောင်းသံတောင် မစောင့်တော့ပါဘူး။ ခါးတောင်းမြောင်အောင်ကျိုက်နေတုန်း ဟိုဘက်ကလူ ပြေးကန်ထည့်လိုက်တာ ဖင်ထိုင်လျက် ခြေပစ်လက်ပစ်ကျသွားရော။

"အမရေး . . ဖင်ညောင်ရိုးကျိုးပါပြီ"

ပြန်ကုန်းထမည်အလုပ် ဟိုတစ်ဖက်လူက ညာခြေနှင့် ထပ်ဖြတ်ကန်အထည့်

"အား"

သွေးများက ဖြာခနဲပဲ။ သူ့ခြေထောက်ကို လက်နှင့်ကိုင်ပြီး ခြေတစ်ချောင်းတည်းနှင့် ခုန်ဆွခုန်ဆွဖြစ်နေသည်။ ဟုတ်တယ်လေ။ သူ့ခြေဖဝါးနှင့် ဒီဘက်ကသွားနှင့် ငြိသွားသည်။ အဲဒီလိုခုန်ဆွခုန်ဆွဖြစ်နေချိန် ခေါင်းနှင့်ပြေးဆောင့်လိုက်တော့

"အင့် . . အု"

သူလည်းလဲ၊ ကိုယ်လည်း ကျောကော့ပဲ။ အသက်တောင် မရှုနိုင်ဘူး။ သူ၏တံတောင်က တော်တော်ပြင်းသား။ ကျောကော့ပြီးအထွက် ဟိုလူက ခြေထောက်အောက်ပိုင်းဖြတ်ရိုက်ထည့်လိုက်သည်။ ကြိုးဝိုင်းဘေးက ကြိုးနှင့်နှာခေါင်းနှင့်ငြိလိုက်တာ သွေးများရဲခနဲ၊ လေးဘက်ကြီးထောက်လို့ ချက်ချင်းပြန်မထနိုင်ဘူးဖြစ်နေသည်။ မျက်လုံးတစ်ဖက်ကလည်း ဖွင့်လို့မရတော့ပေ။ ကျန်သည့်တစ်ဖက်ကလည်း ခေါင်းပေါ်က စီးစီးကျလာသည့်ချွေးများဝင်သွားလို့ စပ်ပြီး ဘာမှကြည့်လို့မရဘူးဖြစ်နေသည်။ အရေးထဲ ကျိုက်ထားသည့် ခါးတောင်းကျိုက်ပြုတ်၊ တီရှပ်ကလည်း စုတ်ပြတ်သတ်နေပြီ၊ တောင်စမ်းစမ်း၊ မြောက်စမ်းစမ်းနှင့် ပွဲကြည့်ပရိသတ်များကတော့



www.burmeseclassic.com

www.burmeseclassic.com


တဟီးဟီး တဟားဟားနှင့်။

"ပြန်ထလေ. . . ပြန်ချ. . ပြန်ချ. . . ဒါလေးပဲလား"

"မ. . ထဘူး. . . အား. . ကျွတ် ကျွတ်. . . ဒါလောက်ပဲ တော်ပြီ"

နောက်မှသိရသည်က ဟိုလူက လက်ဝှေ့သမားဟောင်းကြီး။ သထုံမှာ ဓာတ်ပုံဆိုင်လေးဖွင့်ပြီး စီးပွားရေးလုပ်နေသည်။ လက်ဝှေ့ မထိုးတာကြာပြီတဲ့။

တော်သေးတာပေါ့။ အဲဒီနေ့က တော်တော်လေးမူးနေလို့၊ နို့မို့ဆို ရန်ကုန်အထိ အသက်တောင်ပြန်ပါချင်မှပါတော့မှာ။

တကယ့်လက်ဝှေ့သမားစစ်စစ်ကြီးနှင့်မှ သွားတွေ့တတ်ပလေ။ ဆန်ပြုတ်တောင် သောက်နိုင်ပါတော့မလား မသိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်းစဉ် (၁၉)

### အလွဲ အမှတ် (၁၆)

လူမျိုးခြား၊ ဘာသာကွဲဆိုတာက တစ်ဦးနှင့်တစ်ဦး တူကြတာမဟုတ်ဘူး။ ဓလေ့၊ အယူအဆ၊ ကိုးကွယ်မှု၊ ယုံကြည်မှု။

တစ်ခါကပေါ့။ ကုလားတော့ ကုလားပဲ။ ဘာကုလားမှန်းတော့ မသိဘူး။ မင်္ဂလာဆောင်မှတ်တမ်းပဲဌားလို့ သွားရိုက်ပေးရတာ ဘယ်လောက်ကြာကြာရိုက်ရသလဲ မမေးနဲ့။ ဝတ်ထားသည့်တီရှပ်အင်္ကျီမှာ ရေမွှေးနံ့၊ အမွှေးတိုင်နံ့များစွဲနေတာမှ လေးငါးရက်လျှော်ဖွပ်တာတောင် မပျောက်ဘူး။ အဲဒီမှာ ရှေ့ပိုင်းတစ်လျှောက် ဘာအခက်အခဲမှမရှိဘူး။ ပွဲပြီးခါနီးလေးမှ အလွဲလေးမဟုတ်ဘူး။ အလွဲအကြီးစားကြီး။ လွဲတာ မြန်မာလိုဆိုရရင်တော့ မင်္ဂလာဆောင်ပြီးသွားပြီ။ သတို့သားဘက်ကို အပြီးအပိုင်လိုက်သွားရတော့မှာဆိုတော့ မိဘများကို သတို့သမီးက စိတ်မကောင်းခြင်းများစွာနှင့် ထိုင်ကန်တော့မောင်နှမများကိုနှုတ်ဆက်၊ ဒါမှမဟုတ်လည်း မင်္ဂလာပွဲအပြီး မိဘများ ပြန်ခါနီး ထိုင်ကန်တော့ပေါ့။ အဲဒီအစီပွာယ်လို့တော့ ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကုလားမင်္ဂလာဆောင်မှာ သတို့သမီးကုလားမလေးက ဘာတွေပြောပြောပြီး သူ့ဖခင်လို့ထင်ရသည့် ဆံပင်ဖြူဖြူကုလားအဘိုးအိုကြီးကို ဖက်ဖက်ပြီးငို၊ ပါးတွေ၊ နဖူးတွေ တရှုတ်ရှုတ်နှင့် နမ်း၊ အဲဒါကင်မရာမင်းက ရအောင်ရိုက်ပေ့ါ။ ဘယ်က ရိုက်လိုက်၊ ညာက ရိုက်လိုက်၊ ဟိုးဘက်ဒီဘက် ဖိုးကဒေါင်းရိုက်တော့ ကောင်မလေးလေးကို ရိုက်ရတာ ဘာပြဿနာမှမရှိပေမယ့် အဘိုးကြီးဘက်ကိုရိုက်မည်လုပ်တော့

"သက်ပြင်း. . သက်ပြင်း. . . ခဏ"

"ဘာ. . ဘာလဲ အာစရိ"

လေသံတိုးတိုးနှင့် အနားခေါ်ပြီး ရယ်ချင်တာမှတော်တော်လေးရယ်ချင်နေသည်။ သူတို့က အလွမ်းသယ်နေသည်။ ဒရာမာ၊ ဒရာမာအကြီးစားကြီး။ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျနေသည်။

"အာစရိ. . ဘာလဲလို့"

"မင်း ကုလားအဘိုးကြီးရဲ့မျက်နှာကိုကြည့်စမ်း. . . ငါဘယ်လို သူ့မျက်နှာကိုရိုက်ရမလဲ. . . ခွိး ခွိး"

"အဟား ဟား ဟား"

ကမန်းကတန်း သက်ပြင်း၏ပါးစပ်ကိုလှမ်းပိတ်လိုက်ရသည်။ ဒီကောင်က အရယ်သန်သည်။ တော်တော်နှင့်ပြီးမှာမဟုတ်ဘူး။ သက်ပြင်း မရယ်ခံနိုင်ရိုးလား။ ကုလားမလေး ဖက်ဖက်နမ်းထားတာ ကုလားအဘိုးကြီး၏မျက်နှာတစ်ခုလုံး နှုတ်ခမ်းနီတွေပွစာကြဲလို့။ မည်းနေသည့်အသားပေါ်မှာ အဆီတွေပျံနေသည့် ရဲရဲတောက်နှုတ်ခမ်းနီအရောင်တွေ။ စဉ်းစားသာကြည့်ပါတော့။

"သက်ပြင်း. . မီး. . အဟီး ဟိ. . ချိန်း. . ရိုက်မယ်"

"ဟုတ်. . အာစရိ. . . ခွိး. . ခွိး"

ဒီကောင်ရယ်တော့ မီးစတန်းက မငြိမ်တော့ဘူး။ လှုပ်ခါနေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ရိုက်ကူးရေးအဖွဲ့များ စပ်ဖြဲဖြဲပြောင်ချော်ချော်ဖြစ်နေတာကို ကုလားအဘိုးကြီးကတွေ့သွားပြီး မျက်နှာအနည်းငယ်တင်းမာသွားသည်။ ဒီဘက်အဖွဲ့ကလည်း တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီး မျက်နှာပိုးသတ်လိုက်ရသည်။

"ဟား. . ဟေး. . မီး. . မီး. . "

"ဘယ်မှာလဲ. . မီး. . မီး"

"ဟော့ကောင်တွေ. . . မီးတဲ့. . ပိတ်. . ပိတ်"

ထုံးစံအတိုင်း ဆရာသက်ပြင်းပါပဲ။ မီးစတန်းကို အပေါ်မြှင့်ကိုင်ထားပြီး အာရုံက ကုလားသားအဖဆီရောက်နေတော့ အပေါ်က အလှဆင်ထားသည့် ရွှေရောင်ငွေရောင်ပန်းကြိုးလိမ်များ မီးအပူအားများပြီး လောင်ပြီပေါ့။ ကြိုးပြတ်ကျပြီး မီးတောက်နေသည့် ပန်းအလှကြိုးစက ကျောပေးရပ်နေသည့် ကုလားမလေး၏နောက်ကျောကို ပြေးကပ်ရောဗျာ။

"အား. . ရေး. . ပူ. . ပူဒယ်"

ကျောကော့ပြီး ရှေ့ကိုအပြေး စက်အဖွဲ့ကဆိတ်သိုး လက်မြန်လိုက်တာများ မီးကာဖို့ယူထားသည့် အားကစားဂျာနယ်ကိုလိပ်လိုက်ပြီး ပြေးရိုက်လိုက်သည်။

"ဖုန်း"

"အမရေး. . နာတယ်"

မီးကိုလှမ်းသတ်သည်။ မထိလိုက်ပေ။ ကုလားမလေး၏ ကျောပဲ ရိုက်မိသွားသည်။ နောက်တစ်ချက်

"ဖုန်း"

"အားရေး. . တေပြီ ချရာ"

ကုလားမလေးက အကုန်း၊ သူ့ရှေ့တည့်တည့် ကြောင်ငြိမ်ရပ်နေသည့် ခုနကနှုတ်ခမ်းနီတွေနှင့် ကုလားအဘိုးကြီးမျက်နှာ လူရှင်



www.burmeseclassic.com

www.burmeseclassic.com

တော်များ တစ်ယောက်နှင့်တစ်ယောက်ရိုက်သလိုမျိုး မီးလောင်နေသည့်ကြိုးစက ကုလားအဘိုးကြီး၏ခြေထောက်ပေါ်တည့်တည့်လည်း ရောက်ရော။ ဘာသားချော သက်ပြင်း ဖနောင့်နှင့်နင်းသတ်လိုက်တာ

"ဒုန်း"

"အား. . အား"

ကုလားအဘိုးကြီး၏အော်လိုက်သည့်အသံကြီးက နည်းတာမှတ်လို့။ သူ့ခြေထောက်တစ်ဖက်ကို လက်နှစ်ဖက်ဆုပ်ကိုင်ပြီး ခြေထောက်တစ်ချောင်းတည်းနှင့်ပတ်လည်ပြီး အော်နေသည်။ မီးက တော့ငြိမ်းသွားပါပြီ။ ကုလားတွေ ပွစိပွစိနှင့် ဆူညံနေသည်။

သူတို့စကားမှ နားမလည်တာ။ ဘာပြောနေမှန်းမသိပေ။

အဲ. . သိတာတစ်ခုတော့ရှိသည်။ သူတို့မျက်နှာတွေ ဒေါကြီးခတ်လိုက်တာ တော်တော်လေးမကျေမနပ်ဖြစ်နေသည်။ ကုလားထိုင်တစ်လုံးမှာ ကုလားအဘိုးကြီးကိုထိုင်ခိုင်းပြီး ဆေးတွေလူးပေးနေသလို သတို့သမီးကုလားမလေးကိုလည်း ကျောကုန်းကိုဆေးများလူးပေးရင်း ပွစိပွစိနှင့်ပြောနေကြသည်။

ရိုက်ကူးရေးအဖွဲ့ကတော့ မျောက်သေကိုတုတ်နှင့်ရိုက်ထားသလို တစ်ဖွဲ့လုံး မျက်နှာသေလေးများနှင့်။ ဟိုနားမတ်တပ်၊ ဒီနားမတ်တပ်ပေါ့။ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေကြသည်။

သက်ပြင်းက တွဲလောင်းကြီးဖြစ်နေသည့်ကြိုးစကို ရှုပ်နေမှာစိုးသည်နှင့်တူပါသည်။ သွားပြီး ဆောင့်ဆွဲချမည်လည်းလုပ်ရော ခြေထောက်မထောက်နိုင်တော့သည့် ခုနက ကုလားအဘိုးကြီးနှင့်တကွ သတို့သမီး ကုလားမလေးများအပါအဝင် ကုလားအုပ်ကြီး ဝိုင်းဒိုင်းကြပြီး ဆင်းပြေးလိုက်ကြတာ ပြုံးပြုံးပြောင်ပြောင်များနှင့် ကားလမ်းမပေါ်ရောက်ကုန်သည်။

"သက်ပြင်း. . ဆိတ်သိုး. . မောင်မောင်. . ဦးဘသန်း. . .


www.burmeseclassic.com

အခြေအနေမကောင်းတော့ဘူး. . . ရမယ့်ပိုက်ဆံလည်း ရနိုင်စရာ အကြောင်းမရှိတော့ဘူး. . . ဒီတော့ နောက်ဘက်လမ်းကြားက ပြေးဖို့အဆင်သင့်လုပ်"

သည်ကြားထဲ သူတို့ဘာသာအရ ဘာလုပ်ထားသည်မသိပါဘူး။ ဦးဘသန်းက ဗိုက်ဆာသည်ဆိုပြီး ကြေးလင်ဗန်းထဲမှ နွားနို့ခွက်ကြီးယူသောက်ပစ်လိုက်သည်။ ပြောချိန်၊ တားချိန်မရလိုက်ပေ။ အဲဒီအချိန်မှာပဲ တံခါးပေါက်နားမှ ကုလားအုပ်ကြီး၏စကားသံများလည်း ကြားလိုက်ရော

"ကိုင်း. . ပြေးပြီဟေ့. . . ကိုယ့်ဘာသာကိုယ် လွတ်အောင်သာ ပြေးကြတော့"

"ဒီဘက်ကို လာ. . . လူရှင်းတယ်"

"ဒိုး"

"ဖုန်း"

မှန်အကြည်ရောင်ကြီးကို မှန်ရှိမှန်းမသိဘဲ ပြေးဆောင့်လိုက်သူက နွားနို့များ နင်းကန်သောက်ထားသည့် ဦးဘသန်း။ မှန်မှာ နွားနို့တွေချည်းပဲ။ လူကတော့ ပုံလျက်သားလေး၊ ကွေးကွေးလေးမှ ကွေးကွေးလေးရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၂၀)

## အလွဲအမှတ် (၁၇)

ခုနှစ်သက္ကရာဇ်အားဖြင့်တော့ မမှတ်မိတော့ပါဘူး။

ဘားအံမှ နေ့ဝက်ခရီးကျော်ကျော်သွားရသည့် ရွာလေးတစ်ရွာမှာကျင်းပမည့် ဘုန်းကြီးပျံ အငြိမ့်ပနပွဲမှတ်တမ်းသွားရိုက်ရင်းနှင့် ဖြစ်ခဲ့ရသည့်အဖြစ်အပျက်လေးတစ်ခုပါ။

ပွဲဈေးတန်းကလည်း စည်မှစည်၊ လူတွေကလည်း အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီး၏သားတပည့်များ။

မိုးအလင်းရုပ်ရှင်ပြဖို့ ကွင်းထဲမှာ ပိတ်စအဖြူကြီးထောင်လို့။

နေ့ခင်းဘက် ယေင့်ကျူးဆိုလား၊ ဘာလားပဲ။ မြို့က နာမည်ကြီးမင်းသမီးတစ်ယောက်ကိုငှားထားသည်တဲ့။

လှည်းတွေ၊ လှေတွေ၊ မော်တော်ဘုတ်တွေနှင့် ရွာထဲမှာလည်း ဖုန်တထောင်းထောင်း။

ကာလသားများ၊ ကာလသမီးပျိုလေးများကလည်း နီလိုပွဲမျိုးကျမှ ရှုံးထုတ်ရတာလေ။ အပေါ်အောက် ပါတိတ်ဝမ်းဆက်များ



www.burmeseclassic.com

www.burmeseclassic.com


နှင့် ကာလသားများကလည်း ဘေထုပ်များထဲက စိတ်ကြိုက်ရွေးထားသည့် အင်္ကျီဘောင်းဘီဝတ်ပြီး ပါးမှာက ပါးကွက်ကြားနှင့်။ နေကာမျက်မှန်အမည်းကြီးတွေတပ်လို့ လမ်းသလားနေလေရဲ့။

လက်ဖွဲ့ပွဲလည်း ပါသေး။ အဲ. . ပြီးတော့ ရန်ကုန်ကလား၊ မော်လမြိုင်ဘက်ကလားတော့ မသိဘူး။ နာမည်ကြီးအငြိမ့်တစ်ဖွဲ့လည်းပါသေးတယ်။

ရိုက်ကူးရေးတာဝန်က နေ့ခင်းဧယင့်ကျူးဆရာတော်ဘုရားကြီး၏ အလောင်းလုပ်ပွဲတဲ့။ အဲဒါကိုရိုက်ပေးပြီးရင် မီးသင်္ဂြိုဟ်သည့်ကိစ္စ။ ဒါလောက်ပါပဲလို့တော့ ဈာပနဖြစ်မြောက်ရေးကော်မတီက ပြောတာပဲ။

အဲဒီမှာ စားလို့ကောင်းတာက သူတို့ဆီကထွက်သည့် 'လျှော်စာ' အရက်နံ့လေးကလည်း သင်းလို့။ စက်အဖွဲ့က ကောင်လေးတွေ အကြိုက်ပေါ့။ တစ်ပွဲပြီးတစ်ပွဲ စားကောင်းတာပဲလား၊ ရောင်းတဲ့ ကောင်မလေးကပဲ လှနေလို့လားတော့မသိဘူး။

အဲ. . ဧယင့်ကျူးမည့်အချိန်ရောက်ပြီ။ စက်အဖွဲ့များခေါ်ပြီ။ ကျင်းပမည့်မဏ္ဍပ်ကိုရောက်သွားတော့ အားပါး. . နည်းနည်းနောနော လူတွေမဟုတ်ဘူး။ နေကပူ၊ ဖုန်တွေက တထောင်းထောင်းနှင့်။ ယပ်တောင်တွေ တဖြတ်ဖြတ်၊ ကွမ်းတံတွေးတဗျစ်ဗျစ်နှင့်။ ခဲတံခြေထောက်တွေက ထိုးထိုးထောင်ထောင်။ သစ်ပင်ရိပ်အောက်လေးတွေမှာ လှည်းဒေါက်တပ်ထားပြီး ထမင်းဝိုင်းဖွဲ့စားသူများကစားနှင့် ပျော်စရာတော့ကောင်းသားဗျာ။ သိပ်မကြာပါဘူး။ လော်စပီကာကြီးနှင့် အသံတစ်သံထွက်ပေါ်လာသည်။

"ဟဲလို. . ဟဲလို. . ဟော့ကောင်. . နည်းနည်းကျယ်ဦးဟ. . . ငါ့အသံတောင် ငါမကြားရဘူး. . . ဟဲလို. . ဟဲလို. . ရပြီ. . . ရပြီ. . . အဲဒီလောက်ပဲထား. . .


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ဘုရားကြီးရဲ့ အင်္ဂါစျာပနပွဲကို လာရောက်ဖူးမြော်ကြတဲ့ အနယ်နယ်အရပ်ရပ်က ပရိသတ်အပေါင်းတို့ခင်ဗျာ. . . မကြာခင်အချိန်အတောအတွင်းမှာ ရန်ကုန်က နာမည်ကြီးမင်းသမီး . . . ဟော့ကောင် ဘယ်သူ"

မိုက်ခရိုဖုန်းကိုမပိတ်ဘဲ နောက်ကိုလှည့်မေးသည်။ ပရိသတ်မသိစေချင်ဘူးပေါ့နော်။ ဟိုတစ်ဖက်ကလူကလည်း အာဘောင်အာရင်းသန်သန်နှင့် တိုးတိုးလေးပြန်ပြောရှာပါသည်။

"မင်းကိုယ်တိုင် မြို့ကိုတက်ငှားပြီး နာမည်လာပြန်မေးနေရသေးတယ်. . . ဘယ်လာသိပါ့မလဲ"

"တိုးတိုးပြောပါဟ. . . လူတွေကြားကုန်ပါ့မယ်"

ဩော်. . မကြားရရှာပါဘူး။ မဏ္ဍပ်တစ်ခုလုံးတင်မက လယ်ကွင်းထဲရော၊ ရွာထဲရော တော်တော်ကျယ်ကျယ်ပြန့်ပြန့်ကြီးရယ်။ ထွက်နေသည့်အသံများ၊ သရက်ပင်ကြီးနှစ်ပင်ပေါ် လော်စပီကာကြီးများတပ်ဆင်ထားမှတော့ ကြားပြီပေါ့။ ယေင့်ကျူးမည့် မင်းသမီးက ငယ်ရှာပါသေးသည်။ မိတ်ကပ်တွေလူးရင်းတန်းလန်းနှင့် ဘယ်က ဘယ်လိုပြေးထွက်လာမှန်းမသိဘူး။ အသက်က ငါးဆယ်ကျော်၊ မိတ်ကပ်က တစ်ခြမ်းပဲလိမ်းထားတော့ နှစ်ကိုယ့်တစ်စိတ်မျက်နှာနှင့်။ ခေါင်းကလည်း နီရဲလို့။ ဖုန်တွေပေထားပုံရသည်။

"အဟွတ်. . အဟွတ်. . . ရွှေကြာမေ. . . ရွှေကြာမေလို့ ပြောပေးပါ"

လှည်းတွေက ဖြတ်ဖြတ်သွားတော့ သူ့ပါးစပ်ထဲဖုန်တွေက အလုံးလိုက်၊ အထွေးလိုက်ပေါ့။ ဖုန်သီးနေတာ၊ ဖုန်သီးနေတာ။ တဟွတ်ဟွတ်နှင့်။ တော်ကြာ ဘုန်းကြီးပျံနှင့်ရောပြီး သူ့ပါရှောရင်းနှစ်ပျံဖြစ်တော့မှာပဲ။

"ဟုတ်ကဲ့. . အဲ. . ယေင့်ကျူးမယ့် ရွှေမင်းသမီးလေးက


www.burmeseclassic.com

www.burmeseclassic.com



ပေါ့ မဟာရန်ကုန်မှာ နာမည်ကြီး၊ သတင်းကြီးနေတဲ့ ဘယ်သူ. . မေ့သွား လို့. . . သူ့ညွန်းနေရတာနဲ့ နာမည်ပါထပ်မေ့သွားပြီ. . . အဲ. . ဟုတ် . . ပြောစမ်းပါဦး"

"ရွှေကြာမေ. . ရွှေကြာမေ. . အပွတ် အပွတ်"

"ဩော်. . အေး. . အေး. . ရွှေကြာမေအပွတ်ဖြစ်ပါတယ်"

"အပွတ်မပါဘူးလေ. . . လည်ချောင်းတွေယားပြီး ချောင်းဆိုးတဲ့ဥစ္စာ. . . ရှင့်နှယ်"

"ဟုတ်ကဲ့. . . ဟိုးဒယားပြန်၊ ဘိလပ်ပြန်"

ဘေးက အသံခဲ့စက်ကိုင်သောချာတိတ်တစ်ကောင်က ကြည့်မရတော့ဘူးနှင့်တူပါသည်။

"ကြက်ပြန်. . ငှက်ပြန်. . . လဒပြန်. . "

"ကြက်ဘာနဲ့ပြန်လဲ. . . မော်တော်ဘုတ်နဲ့ပြန်တယ်"

"ဝါး ဟား ဟား. . . ဟီး ဟီး. . . ဟေး ဟေး"

မဏ္ဍပ်တစ်ခုလုံး ရယ်သံတွေနှင့်ဖုံးသွားသည်။

"ဟော့ကောင်. . လူကြီးကို ဘာနှောက်တာလဲ"

"ဟုတ်တယ်လေ. . . ဘကြီးက လိုရင်းမရောက်ဘူး. . . ညွှန်းတာတွေ တော်တော်များနေပြီ"

"ဆရာတော်ကနေပူပြီးပုတ်တော့မယ်. . . ခုချိန်ထိ ယောင့် မကျူးရသေးဘူး"

ခပ်ဆတ်ဆတ်လေးဘုတောလိုက်တော့မှ ခုနက မိုက်ခရိုဖုန်း လက်ကမချသည့် ဦးလေးကြီး နည်းနည်းအသံလျော့သွားသည်။

"ဟုတ်ကဲ့. . အဲ. . ခုနက ကြက်ပြန် ရွှေကြာမေ. . . မကြာခင် ယောင့်ကျူးတော့မှာမို့ စနစ်တကျလေးထိုင်ပေးကြပါ. . . မောင်နဲ့နှမ ကိုယ့်မိသားစုလိုသဘောထားပြီး သည်းခံစရာရှိတာ သည်းခံကြပါ. . . အထူးသဖြင့် ဒီပွဲတော်ကြီးမှာ မှာကြားချင်တာက မူးပြီး



www.burmeseclassic.com

www.burmeseclassic.com

သောက်စားခြင်းကိုရှောင်ကြဉ်ပါ. . . အရက်သေစာ လုံးဝမသောက်ရ. . . လုံးဝမရောင်းရ. . . သောက်စားတာတွေ့လို့ ရောင်းတာတွေ့လို့ကတော့ ကျွန်တော်တို့ချာပနအဖွဲ့က နည်းနည်းလေးမှသည်းခံမှာ. . "

"ခွမ်း"

"ချလွင်"

မိုက်ခရိုဖုန်းကိုင်ထားသည့် ဦးလေးကြီး သူ့ခါးကြားမှာထိုးထားသည့်ပုလင်း ရှေ့တိုးနောက်ဆုတ်နှင့်ယိမ်းယိုင်ပြီးပြောနေတော့ပုလင်းက လျှောကျပြီး အသံချဲ့စက်ဘေးက ဘက္ကရီအိုးပေါ်ကျကာ မဏ္ဍပ်တစ်ခုလုံး ရယ်သံတွေထပ်ဖုံးသွားပါတော့သည်။

ဦးမိုက်ခဲ လှစ်ခနဲပျောက်သွားတော့သည်။ သိပ်မကြာခင်မှာပဲ ခုနက ရွှေကြာမေဆိုသည့်မင်းသမီး ပဝါလေးခေါင်းခြုံကာ ဆရာတော်ဘုရား၏မှန်ခေါင်းတစ်ဖက်မှထွက်လာပြီး

"အင်း. . ဆရာတော်ဘုရားထံ မရောက်တာလည်း အတော်ကြာပေါ့. . . ငယ်ငယ်တုန်းကဆို စာမရလို့ ခဏခဏအရိုက်ခံရတယ် . . . ခုတော့ ဝမ်းစာရေးအရ မြို့တက်ပြီး အငြိမ့်တွေက၊ ရှာလို့ဖွေလို့ရတဲ့အထဲကမှ ဆရာတော်ဘုရားအတွက် ဆန်၊ ဆီ၊ ဆေးဝါး၊ ငရုတ်၊ ကြက်သွန် စသဖြင့်ပေါ့လေ. . . ကိုယ့်ရဲ့ချွေးနည်းစာလေးတွေကို လူကြုံနဲ့လှမ်းလှမ်းပြီး လှူဒါန်းရတာ ကျွန်မဖြင့်ပျော်လိုက်တာရှင်. . . ခုလည်း ပွဲအားတဲ့ရက်လေး ဆရာတော်နဲ့လည်းမတွေ့ရ၊ ရွာကိုလည်း မရောက်တာကြာတော့ မိဆုံတို့၊ မိပုံတို့ရေ. . ငါပြန်လာပြီဟေ့လို့ ရွာထိပ်ရောက်မှ အော်ပြောပစ်လိုက်ဦးမယ်"

"အားမလေး ဂျိ"

ဘာမှမရှိသည့်ဇာတ်ခုံပေါ်မှာ တစ်စုံတစ်ခုနှင့်ခလုတ်တိုက်လိုက်သည့်ပုံစံမျိုး လဲကျလိုက်ပြီး

www.burmeseclassic.com


"ဘုရား. . ဘုရား. . ခလုတ်တွေလည်း တိုက်. . . မျက်ခုံးတွေလည်း လှုပ်နဲ့. . . နိမိတ်တွေ မကောင်းပါလားနော်. . . ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ. . . ဆရာတော်ဘုရား ဘာမှမဖြစ်ပါစေနဲ့. . . အင်း ဘာလုပ်ရကောင်းမလဲ. . . စိတ်တစ်မျိုးပြောင်းသွားအောင်. . ဟုတ်ပြီ"

လက်ဖျောက်တစ်ချက်တီးလိုက်ကာ နောက်ဘက်က ဆိုင်းဆရာနှင့်အဖွဲ့ကို

"ကိုင်း ရွာစားရေ. . . ပျော်ပျော်ပါးပါးလေး ဗုံထောက်လေးနဲ့သွားစို့လားရှင်. . . တောနဲ့. . တောနဲ့တောင်စွယ်. . . ပြောကြ. . ပြောကြ. . မောင်မယ်. . . ငှက်ကယ်လူလို သံချိုနှော. . . ပြောကြ. . ပြောကြပြန်သကိုး"

"သက်ပြင်း မီးလျှော့. . . ကင်မရာထဲမှာ မီးဝင်နေပြီ. . . မောင်မောင် ရွှေ့တိုး. . ဟုတ်ပြီ"

ပခုံးပေါ် ကင်မရာထမ်းပြီးရိုက်နေရင်းနှင့် ကိုယ့်လူတွေကို သတိပေးနေရသည်။

"အာ. . အာ စရိ. . နောက်. . နောက်. . အား. . အမရေး. . ပူတယ်"

နောက်မှာ ငုတ်တုတ်ထိုင်နေသည့် အမေကြီး၏ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီး ကင်မရာမင်း၏တင်ပါးကို တည့်တည့်မှတည့်တည့်။ ဆေးလိပ်မီးပွားများ ဘေးတွေကိုပါကျကုန်သဖြင့် ဝရုန်းသုန်းကား တစ်နေရာတည်းကွက်ပြီးဆူညံသွားသည်။

"ဘာလဲ. . ဘာလဲ မြွေလား"

"ရိုက်သတ်ကွာ. . . အရက်နဲ့မြည်းမယ်"

"ဟဲ့ ဟဲ့. . မလုပ်ကြပါနဲ့. . . သူ့လမ်းသူသွားပါစေ"

"ဟာ. . ဘာတွေပြောနေတာလဲ. . . ဖွားစောရဲ့ဆေးလိပ်မီးပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် ဖွားစောကိုပြောတာ. . . လူတွေကြားထဲ မသောက်ပါနဲ့လို့"

"ဟဲ့. . လူတွေကြားထဲမသောက်လို့ ခွေးတွေကြားထဲ သောက်ရမှာလား မိပုရဲ့"

"ဒေါက်"

"အမရေး. ."

"နင့်လင် ဟိုဟာကြီးထမ်းပြီးရိုက်တဲ့လူ သွားပြော"

နေရင်းထိုင်ရင်း ဖင်လည်းပူသေး၊ အပေးစားလည်း ခံရ ဒီကြားထဲ စင်ပေါ်ကမင်းသမီးကြီးက သူ့အလုပ်နှောင့်ယှက်ရမည်လား ဆိုသည့်ပုံစံနှင့် လှမ်းကြည့်လိုက်သေးသည်။

"မင်းကကြိုပြောပါလား"

"ပြောမလို့ပဲ. . . စကား. . စကားက ထစ်နေလို့"

"တော်စမ်းကွာ. . . ဟိုဘက်ထောင့်ရွှေ့မယ်. . . လမ်းရှင်းခိုင်း. . . အိပ်နေတဲ့ကလေးတွေ တက်နင်းမိမယ်နော်. . . တောင်းပန်ပြီးကျော်သွား"

ရိုက်လက်စတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ ကင်မရာပြန်တည်ချိန်မှာပဲ လူတစ်ယောက်က ဇာတ်စင်ရဲ့တစ်ဖက်က ထွက်လာပြီး

"ဟာ. . အစ်မ ရွှေကြာမေ"

"ဟင်. . မောင်လေး ကြာစူး"

ဘာမပြောညာမပြောနှင့် နှစ်ယောက်သားဖက်လိုက်ကြသည်။ ခုနက ကြာစူးဆိုသည့်လူကို ဆိတ်သိုးက

"ရွှတ်. . ရွှတ်. . ညနေ ကိုင်ဦးမှာလား"

ဇာတ်စင်ပေါ်ကလူ မသိချင်ဟန်ဆောင်ပြီး မင်းသမီးနှင့် စကားဆက်ပြောမည်အလုပ်


www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ကိုကြာစူး. . . ဘာ ခုမှမသိချင်ယောင်ဆောင်နေတာလဲ. . . ကျုပ်အရက်တွေသောက်တုန်းက ဒီမျက်နှာမဟုတ်ပါဘူး"

ပြဿနာကစပြီး သက်ပြင်း၏ကျောကုန်းကို လက်သီးနှင့် လှမ်းထုထည့်လိုက်သည်။

"ဖုန်း"

"အင့်. . အမလေး"

"ဟိုမှာဇာတ်လမ်းခင်းနေတယ်. . . ပြောချင်ရင် နောက်မှပြော. . . သွားမနှောင့်ယှက်နဲ့ ပြဿနာကောင်"

"မဟုတ်ဘူး အာစရိရဲ့. . . မနက်က ကျွန်တော့်အရက်တွေကပ်သောက်သွားတယ်. . . ပြီးတော့ သူက ဘုစီဖောင်းရောင်းတဲ့လူတဲ့. . . လူရှင်တော်ဆို လူရှင်တော်လို့ပြောပေါ့. . . တောက်. . . သက်သက်လူလည်ကျတာ"

"သက်ပြင်း တိတ်တိတ်နေစမ်းလို့ ငါပြောနေတယ်"

စင်ပေါ်မှာ ဘယ်တွေရောက်လို့ ဘာတွေပြောနေမှန်းပင် မသိတော့ပါဘူး။

"မောင်လေး. . . ဆရာတော်ဘုရားရော နေကောင်းရဲ့လား. . . မမကြာလေ. . ဟောဒီမှာ ဆရာတော်ဘုရားအတွက် စပျစ်သီးလေးတွေ၊ လိမ္မော်သီးလေးတွေဝယ်လာတယ် မောင်လေးရဲ့. . . ဘုရားဆွမ်းတော်လည်း ကပ်၊ ဆရာတော်လည်း ကပ်ပေါ့. . . ဟင်. . မောင်လေး မျက်နှာလည်းမကောင်းပါလား. . . မှန်းစမ်း မှန်းစမ်း. . . ဆရာတော်ဘုရားက စာမရလို့ဆူထားလား. . . ကြိမ်လုံးနဲ့ရိုက်ထားလို့လား. . . ပြောစမ်းပါ. . . စိတ်မဆိုးရဘူးနော် မောင်လေး. . ဆရာတော်ဘုရားက ငါတို့မောင်နှမကို မိဘတွေမရှိတော့ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တာ"

ပြောနေရင်းနှင့် ခုနကကြာစူးဆိုသည့်လူ မျက်ရည်များကျ



www.burmeseclassic.com

လာသည်။ မင်းသမီးရွှေကြာမေက သူ့ဘက်ဆွဲလှည့်လိုက်ပြီး

"မောင်လေး.. ဆရာတော်ဘုရားရောလို့ မေးနေတယ်လေ"

သည်တော့မှ ကြာစူးဆိုသည့်လူက ဘာပြောတယ်မှတ်လဲ။

"အကြောင်းသိချင်ရင်... မမရေ.. ဟိုးမှာ အလောင်းသာကြည့်ပေတော့ဗျာ"

"ဟင်.. အောင်မလေး... ဆရာတော်ဘုရားရဲ့"

"ပြောင်.. ပြောင်.. ပြောင်"

ဆိုင်းကငိုချင်းတီး၊ ရွှေကြာမေဆိုသည့် မင်းသမီးက ဇာတ်ခုံပေါ်မှာ အလှူးအလှိမ့်တွေနှင့်ဆရာတော်၏မှန်ခေါင်းကြီးကို ခေါင်းနှင့်ပြေးတိုက်၊ ငိုလိုက်၊ ဆွဲလိုက်နှင့် တစ်ချီ ခေါင်းနှင့်ပြေးအတိုက်မှာ မှန်ခေါင်းက တစ်ပတ်လည်သွားပြီး ဆရာတော်ဘုရား၏ရုပ်ကလာပ်ကြီး 'ဖုန်း'ဆိုပြုတ်ကျကာ မှောက်လျက်အနေအထားကြီး။ ဈာပနဖြစ်မြောက်ရေးအဖွဲ့ ကမန်းကတန်းပြေးတက်လာပြီး မှန်ခေါင်းထဲကို ပြန်သွင်းလိုက်သည်။

"ငိုတာလည်း ငိုတာပေါ့ဗျာ... အဲဒီလောက်ကြီးမကြမ်းပါနဲ့... ဆရာတော်က နဂိုရ်ကမှယဲ့ယဲ့လေးရှိတာ"

"သဏ္ဌာန်လုပ် သရုပ်ဆောင်ရတာပါတော်... ကျွန်မလည်း ကြည့်ပါဦး... ခေါင်းပေါက်သွားပါပြီ... အဟင့် အဟင့်"

ရွာထဲက ကျန်းမာရေးမှူးရောက်လာပြီး ဆေးထည့်ပတ်တီးစည်း၊ တော်တော်လေးကြည့်ကောင်းသွားသည်။ မင်းသမီးကိုမေးအောက်ကသိုင်းပြီး ပတ်တီးစည်းပေးလိုက်တော့ ဇီယက်နမ်စစ်ပြေးဒုက္ခသည်ပုံစံနှင့် ဆက်ပြီးယေင့်ကျူးပေါ့။ မနက်ပိုင်းတာဝန်တစ်ခုပြီးဆုံးသွားပါပြီ။

နောက်တစ်နေ့ မီးသင်္ဂြိုဟ်မည့်ကိစ္စပဲ ရိုက်ကူးဖို့ကျန်တော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ညပိုင်းပွဲဈေးတန်းလေး ဘာလေးလျှောက်၊ ပွဲကြည့်ချင်လည်း ပွဲကြည့်ပေါ့။ ဒါနှင့်ပဲ ညပိုင်းရောက်တော့ ပွဲဝင်ကြည့်လိုက်သည်။ တစ်စစနှင့် ညဉ့်နက်လာတော့ နည်းနည်းအေးသလိုလို ပြဇာတ်ထွက်မည်လိုလည်းကြေညာလိုက်ရော

"ဒိန်း"

"ဒိန်း"

ရှာကွင်းပြင်စပ်က အသံတွေကြားရသလို ကောင်းကင်တစ်ခုလုံးလည်း ထိန်သွားတာပဲ။

"ဘာလဲဟ. . သက်ပြင်း နားထောင်စမ်း"

"ဟာ. . အာစရိကလဲ. . . ပြဇာတ်က ဇာတ်ကြမ်းဖြစ်မှာပေါ့. . . စတန့်ထွင်တာ"

"ဒိန်း. . ဒိန်း. . ဒိန်း"

"ကြားလား သက်ပြင်း. . . ဘာမှန်းမသိဘူး. . . လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေပြီ. . . ပြေးကြရအောင်. . . ထ ထ. . . ဟိုကောင်ဆိတ်သိုးနဲ့ မောင်မောင်ကိုနှိုးစမ်း"

"အာစရိကလဲဗျာ. . . ကြောက်စရာမရှိ ကြံဖန်ကြောက်နေရတယ်လို့. . . ဘုန်းကြီးပျံ လောင်တိုက်သွင်းဖို့ မီးရှူးမီးပန်း. . မီးပန်း"

"မပြေးဟော့. . ပြေးဟ"

"ဒိုင်း. . ချလွင်"

ဇာတ်စင်ပေါ်က မီးလုံးတွေ ကျည်ဆံလာမှန်တာ။ ပြဇာတ်မင်းသားက ဦးထုပ်အစုတ်၊ အင်္ကျီအစုတ်၊ ဘောင်းဘီအစုတ်နှင့် မျက်နှာတစ်ခုလုံးလည်း ခဲတံနှင့်ဆွဲထားသော ပါးသိုင်းမွေးများ၊ မုတ်ဆိတ်မွေးများနှင့်။ အဲဒါကိုသက်ပြင်းက

"ဟာ. . အာစရိ. . .ဓားပြ ဇာတ်ခုံပေါ်ရောက်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ကဲကွာ"

ခဲတံကျည်ထောက်နှင့် လှမ်းပစ်ထည့်လိုက်တာ ပြဇာတ်မင်းသား ဇာတ်စင်ပေါ်ကကျွမ်းပစ်ကျသွားသည်။

"ဒိန်း . . ဒိုင်း . . ဖောက် . . ဖောက်"

ပွဲဈေးတစ်ခုလုံး တစ်ရွာလုံး ပြေးဟယ်လွှားဟယ်။ ရိုက်ကူးရေးအဖွဲ့က သူတို့တည်းခိုသည့်အိမ်ကို မမှတ်မိတော့ဘူး။ ဘယ်ပြေးလို့ပြေးရမှန်းမသိ။ နောက်ဆုံး နေ့ခင်းက ဖယောင်းကျူးသည့်ဇာတ်စင်ဘက်လှည့်ပြေးပြီး ဆရာတော်ဘုရား၏ရုပ်ကလာပ်မှန်ခေါင်းကြီးအောက် တန်းစီပြီးဝမ်းလျားမှောက်နေလိုက်သည်။ မှောင်ထဲ ထိုင်ထဲ တစ်ယောက်နှင့်တစ်ယောက် မမြင်ရ၊ မတွေ့ရနှင့် ဇောချွေးများပျံနေပြီ။ တစ်ခါဖူးမှ ဒါမျိုးမတွေ့ဖူးတာ။

"ဟာ . . ဘာကြီးလဲဟ"

သက်ပြင်း၏အသံ။ မိုးပေါ်ကအလင်းရောင်တစ်ခု၏အရောင်ကြောင့် သေသေချာချာကြည့်လိုက်တော့ နေ့ခင်းက ဖယောင်းကျူးသည့်မင်းသမီးကြီး ပတ်တီးအဖွေးသားနှင့်။

သူကလည်း သက်ပြင်းကိုပြန်လန့်ပြီး ထခုန်လိုက်တာ မှန်ခေါင်းကြီးတစ်ပတ်လည်ကာ ဝမ်းလျားမှောက်နေသော ကျွန်တော်တို့ကိုရှေကင်မရာမင်းကြီး၏ကျောကုန်းပေါ်သို့ ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်အလောင်းကြီး မှောက်လျက်အနေအထားနှင့် ဖုန်းခနဲပြုတ်ကျလာပါတော့သည်။ လှုပ်လည်း မလှုပ်ရဲ၊ အသံလည်းမပြုရဲ အပုတ်နံ့က တထောင်းထောင်းနှင့်။ တစ်ညလုံးမှ တစ်ညလုံး။ ဒီအတိုင်းပဲနေလိုက်ရပါတော့သည်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်းစဉ် (၂၁)

### အလွဲအမှတ် (၁၈)

နောက်အလွဲတစ်ခု။

ရိုက်ကွင်းက သယ်န်းကျွန်းဘက်တစ်နေရာ။

စက်အဖွဲ့ထဲက ကိုရွှေသက်ပြင်း ရှူတင်နောက်ကျနေလို့ လိုင်းဘတ်စ်ကားနှင့်သုတ်ချေတင်လာသည်။ ရိုက်ကွင်းပေါ် အချိန်မီမရောက်ရင် နေ့တွက် သုံးလေးထောင်နစ်နာမည်လေ။ ဒီတော့ မဖြစ်ဖြစ်သည့်နည်းနှင့် မရောက်ရောက်အောင်ကိုသွားရမည်။ အရေးထဲ မနေ့ကညပိုင်း Night Seen ရိုက်တာ တော်တော်လေး ညဉ့်နက်သွားသဖြင့် ဒဂုံတောင်အိမ်ကိုမပြန်နိုင်တော့ဘဲ သီရိမင်္ဂလာဈေးမှာပဲ ညလုံးပေါက်ဖွင့်သည့် စားသောက်ဆိုင်မှာ ပုလင်းတစ်လုံးထောင်ပြီး မိုးလင်းပစ်လိုက်သည်။ ဒီတော့ ခေါင်းတွေကကိုက်၊ အိပ်ရေးကမဝနှင့် မှုံဝါးဝါးဖြစ်သွားသည်။ ဒီတော့လည်း နောက်တစ်နေ့ရိုက်ကွင်းနေရာကို မေ့တေ့တေ့ဖြစ်နေသည်။ ရွှေနားပန်နောက်ကျော TV ဂိမ်း အိမ်။



www.burmeseclassic.com

www.burmeseclassic.com


"ဦးလေး ရှုတင်ရှိလား"

"ဘယ်သူမှမရှိဘူးဟေ့. . . အိမ်ကိုချိတ်တော့ ပါးစပ်နဲ့. . . ရှုတင်ပျက်တော့ ဘယ်သူမှလာမပြောဘူး. . . ဟိုလွတ်ဒီလွတ်နဲ့ စရံယူထားရမလိုဖြစ်နေပြီ. . . လွယ်လွယ်ချိတ် လွယ်လွယ်ဖျက်နဲ့"

သွားမေးမိတာ မှားပြီ။ ဘယ်အဖွဲ့က အိမ်ရိုက်ဖို့ချိတ်ပြီး လာမရိုက်လဲမသိပါဘူး။ ဒေါတွေကန်နေသူက ဦးအေး။ ကွမ်းတဗျစ်ဗျစ်နှင့် ကမန်းကတန်းလှည့်ထွက်ခဲ့သည်။ ဒေါ်ညိုတိုက်၊ ကိုယ့်အဖွဲ့မဟုတ်ဘူး။ ရှုတင်တော့ ရှုတင်ပဲ။ နောက်တစ်နေရာ ကာရာအိုကေအဖွဲ့။ ဟုတ်ပြီ IMPC ဘက်။ ကုန်းကြောင်းလျှောက်၊ ချွေးတွေရွှဲနစ်နေပြီ။ မဟုတ်ပြန်ဘူး။ ရိုက်ကွင်းနေရာမှန်သမျှ စုံသွားပြီ။ နာရီကြည့်လိုက်တော့ ၁း၃၀ ကျော်စပြုနေပြီ။ ဖုန်းဆက်ရအောင်ကလည်း ဖုန်းနံပါတ်တွေတစ်ခုမှအလွတ်မရ။ ဘယ့်နှယ်လုပ်ရပ့်ပါပေ့ါနော်။ လမ်းမကြီးပေါ် တောင်လျှောက်လိုက် မြောက်လျှောက်လိုက်နှင့် ဗိုက်တလည်း တော်တော်ဆာနေပြီ။ ပိုက်ဆံရတာ၊ မရတာထက် နောက်တစ်နေ့မှရယ်မဟုတ်ဘူး။ တစ်သက်လုံးခေါ်မသုံးလျှင် ဘာလုပ်စားရမလဲ။ စဉ်းစားလေ ချွေးပျံလေပဲ။

တစ်နေရာရောက်တော့ ဟာ. . ဟုတ်ပြီ။ လူတွေဝိုင်းအုံကြည့်နေသည်။ ရဲတွေလည်းရှိသည်။ ရဲတွေက ရုပ်ရှင်ထဲက ရဲမြည့်နှင့်အဖွဲ့ပဲဖြစ်ရမည်။ လူသစ်တွေလား မသိပါဘူး။ တစ်ခါမှမမြင်ဖူးသည့် ရဲတွေ။

"ဟေ့ကောင်. . . ရှုတင်စက်အဖွဲ့က ဘယ်မှာလဲ"

ရိုးရိုးရဲသားတစ်ယောက်၏ပခုံးကိုဖက်ပြီး မေးလိုက်သည်။ ရဲက ပြန်ကြည့်သည်။

"ငါမေးနေတယ်လေ. . . မင်းတို့အဖွဲ့က ခုမှရောက်တာလား. . . ရှုတင်ကားလည်း မတွေ့ဘူး. . . စက်အဖွဲ့တွေ ဘယ်


www.burmeseclassic.com

www.burmeseclassic.com


ရောက်သွားလဲ”

“ခင်ဗျား ဘာတွေလာမေးနေတာလဲ”

တစ်ခုခုတော့လွဲသွားပြီဆိုတာ သိလိုက်ရသည်။ အသာအယာလက်ဖယ်ချပြီး မသိမသာလေး နောက်ပြန်ဆုတ်မည်အလုပ် စခန်းမှူးအဆင့်လောက်ရှိမည်ထင်ရလောက်သည့် အရာရှိတစ်ယောက်က

“ဘာလဲ”

“ဒီမှာအူကြောင်ကြောင်ကောင် ဆရာ”

“ဟေ့လူ . . ခဏနေဦး”

ဘာလို့နေရမှာလဲ။ သူတို့က ဘာကိစ္စဖြစ်နေမှန်းမှမသိဘဲ။ ရဲမြည္ဖွန့်အဖွဲ့လည်းမဟုတ်ဘူး။ တကယ့်ရဲအစစ်တွေ။ ပြေးပြီ။ သက်ပြင်းပြေးလေပြီ။ ဟိုကလည်း ဘယ်နေလိမ့်မလဲ။ နောက်က ဆိုင်ကယ်နှင့်လိုက်တာပေါ့။ ကိုရှုပလက်ဖက်ရည်ဆိုင်အလွန် ထောင့်ချိုးလေးမှာ ကွိခနဲမိသွားသည်။

ရဲစခန်းရောက်သွားသည်။ ရုပ်ရှင်အစည်းအရုံးကဒ်ထုတ်ပြ၊ အကျိုးအကြောင်းရှင်းပြတော့မှ ပြန်လွှတ်လိုက်သည်။

ရဲစခန်းကထွက်တော့ ညနေ လေးနာရီကျော်နေပြီ။ အိမ်ပြန်တာပဲကောင်းပါသည်။ ဘယ့်နှယ် မှားစရာရှားလို့။ ရဲအတုနဲ့ ရဲအစစ် သွားမှားရတယ်လို့။ ယူနီဖောင်းဘက်ကိုလည်း မကြည့်။ လူတွေလည်း မကြည့်နှင့်။ ဟိုမှာက လူသတ်မှုဖြစ်နေလို့ ပြဿနာတက်နေရသည့်ကြားထဲ။

တစ်ခါကလည်း ဒီလိုပါပဲ။

အဲဒီတုန်းက သက်ပြင်းတစ်ယောက်တည်းမဟုတ်ဘူး။ ကင်မရာမင်းပါ ပါသေးသည်။ သံလျင်ဘက် ရိုက်ကွင်းနေရာရွေ့တော့ လိုင်းကားနှင့်နောက်မှလိုက်ကြတာလေ။ ဟိုရောက်တော့


www.burmeseclassic.com

အောက်ဒိုးက ဘယ်နေရာမှာရိုက်မှန်းမသိဘူး။ နေရာအတိအကျ လည်း မမေးလိုက်ဘူး။ ကင်မရာကြီးထမ်း၊ မှန်ချပ်တွေတကိုင်ကိုင် နှင့်။ နေကပူပူ၊ ဟိုလျှောက်မေး၊ ဒီလျှောက်မေးနှင့် ကင်မရာမင်းက တော့ တပည့်ဖြစ်သူသက်ပြင်းကို အံကြီးတကြိတ်ကြိတ်နှင့်။

"ဟော့ကောင်. . . ငါ ဒီမှာပဲထိုင်နေတော့မယ်. . . မင်းဟာ မင်းလျှောက်ရှာ"

"ဟုတ်ကဲ့ အာစရိ"

တစ်နာရီနီးပါးလောက်ကြာမှ သက်ပြင်းအပြေးအလွှား ရောက်လာသည်။ ချွေးတွေလည်းပျံလို့။ သနားဖို့တော့ကောင်းသား။

"အာစရိ. . ရှုတင်အဖွဲ့တွေ့ပြီ. . . လာ လာ. . . တစ်မှတ် တိုင်လောက်တော့ ကားစီးရမယ်"

"ဘယ်မှာတွေ့ခဲ့တာလဲ"

"ဆက်သွယ်ရေးရုံးလား. . . ဘာရုံးလဲတော့ မသိဘူး. . . မျက်နှာချင်းဆိုင်မှာ လူတွေတရုံးရုံးနဲ့"

"ဟုတ်ပြီ. . . ဟော ကားလာနေပြီ. . တားလိုက်"

ကားနောက်ဘက်အပေါက်မှ ကင်မရာတစ်ဖက်ကိုင်ပြီး တွဲ လောင်းခိုလိုက်ခဲ့ရသည်။ ကားပေါ်ကဆင်းခါနီး လှမ်းကြည့်လိုက် တော့ လူတွေမှအများကြီးရယ်။ ထီးတွေနှင့်။ ဒီတစ်ခါတော့ မလွဲတော့ ပါဘူး။ ကားပေါ်ကဆင်း၊ ကင်မရာထမ်းပြီးသွားလိုက်တာ ဟိုလည်း ရောက်ရော

"ဟိုက်. . သက်ပြင်း. . မင်း. . မင်း. . ငါ့ကို နောက်တာ လား"

ဆိုပြီး လှည့်ကြည့်လိုက်တော့ သက်ပြင်းရော၊ မှန်ချပ်ရော မရှိတော့ပါဘူး။

"တောက်. . သင်္ချိုင်းကုန်းမှာ လူမသာလာမြှုပ်တာ ငါရိုက်



www.burmeseclassic.com

www.burmeseclassic.com

ရမှာလားကွ. . . အသုဘာမှန်းမသိ၊ ရိုက်ကွင်းမှန်းမသိတဲ့ကောင်. . . ပြေးနိုင်မှလွတ်မယ် သက်ပြင်းရေ. . . ပြေးနိုင်မှလွတ်မယ်ကွ"

(စာကြွင်း။ ။ တော်တော်လေးကြာခဲ့ပါပြီ။ အဲဒီအချိန်ကာလက ဗီဒီယိုဇာတ်ဝင်ခန်းများ၊ ရှင်းဒေသဘက် ရိုက်ကူးမှုနည်းပါးချိန်ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၂)

### အလွဲ အမှတ် (၁၉)

ရိုက်ကွင်းတစ်ခုပေါ်၌ဖြစ်ပါသည်။

ဒါရိုက်တာက ယနေ့ခေတ် နာမည်ကြီး၊ ပရိသတ်သိသူ၊ မင်းသား မင်းသမီးတွေကလည်း ဈေးကွက်၌ထိပ်ဆုံးပြေးနေသောနှစ်ယောက်၊ ရှူတင်မန်နေဂျာနှင့် ကုမ္ပဏီကလည်း လူတိုင်းသိ၊ ကင်မရာမင်းကလည်း အကယ်ဒမီပူပူနွေးနွေး။ ကိုင်း. . ဘာလိုသေးလဲ။ အဲ. . ကျန်သေးသည်။ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဇာတ်ပို့၊ ဇာတ်ရံရှယ်တွေချည်းပဲ။ မရှယ်တာဆိုလို့ လူမသိတာဆိုလို့ စက်မှုလုပ်သား ဂဲလ်ဖာများပဲဖြစ်ပါသည်။ သူတို့တတွေကလည်း အလုပ်မှာတော့ရှယ်ပါသည်။ လွဲတာလေးတစ်ခုကလွဲရင်ပေါ့။ ပြီးတော့ မင်းသားထဲမှာမှ ယခုရိုက်ကွင်းပေါ်က မင်းသားကြီးက အနုပညာနှင့်ပတ်သက်လာရင် စွယ်စုံကျမ်းထုံးလိုမွှေ ရေလိုနှောက်လို့ရသည့်မင်းသားကြီး။ ရိုက်ကွင်းပေါ်မှာ ဒါရိုက်တာကိုတောင် ဩဇာညောင်းသည့်လူကြီး။ သူမသိတာ၊ သူမတတ်တာ ဘာမှမရှိဘူး။ ဘာသာရေးလား၊ လူမှုရေးလား၊ ကြိုက်တာ

www.burmeseclassic.com


လာခဲ့။ ပြီးတော့ သက်သတ်လွတ်စားသူ။ ရိုက်ကွင်းပေါ်မှာ စကားတွေပြော၊ ဆူညံနေ။ ခုနကမင်းသားကြီးရောက်လာပြီဆိုတာနှင့် မီးကိုရေနှင့်ငြိမ်းလိုက်သလိုပဲ။ အဲဒီလောက်အထိ အဲဒီလောက်ထက်မြက်ထူးချွန်တိကျ သေချာသည့်မင်းသားကြီးကိုမှ ဘာမဟုတ်သည့်အောက်ခြေအလွှာ စက်အဖွဲ့ကချာတိတ်တစ်ယောက် လွဲမှားလိုက်တာ။ ဖြစ်ပုံက ဒီလိုဗျ။

"ကလေးတွေ. . . နည်းနည်းနောက်ဆုတ်ပေးပါ. . . မှန်ထိုးလို့မရဘူးဖြစ်နေတယ်. . . ဟို. . ဟိုက အစ်မကြီး. . . ညာဘက်နည်းနည်းတိုး. . . ဟာ ဒုက္ခပါပဲ. . . ညာမှန်းမသိ၊ ဘယ်မှန်းမသိ. . . စာမတတ်ဘူးနဲ့တူတယ်"

"ဘာပြောတယ် ဟဲ့အကောင်. . . နင်ပြောတဲ့ ဘယ်တို့ညာတို့ဆိုတာ နင့်ဘက်ကဘယ်လား၊ ညာလား. . . ဒါမှမဟုတ် ငါ့ဘက်က ဘယ်လား၊ ညာလား ခွဲခြားပြောလေ. . . ကိုယ့်ကိုယ်က ဝါးတားတားဖြစ်နေပြီး ဘာစာမတတ်ရမှာလဲ"

ဘာဆက်ပြောရမှန်း မသိတော့ဘူး။ စွာလိုက်တာမှ နှုတ်ခမ်းက Lucky Fish ကြီးကျနေတာပဲ။

"မောင်ထွန်း. . . ဟေ့ကောင်. . သူများပြောရတာတစ်မျိုး. . . မင်းပြောရတာ တစ်မျိုး. . . ခြေထောက်နည်းနည်းကွာ. . . အောက်မှာ ဝါယာကြိုးနင်းထားတယ်"

"ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

စ ရိုက်ပြီ။ ခုနကမင်းသားကြီး သူကရပ်ကွက်ထဲကအဆင့်။ ပွဲဆင်းရဲ၊ အလုပ်ကပြန်လာတော့ ညီမဖြစ်သူက ရေတိုက်၊ မင်းသားကြီးက အမောဖြေပြီးမှ စကားပြောမည်။

တဲစုတ်အတွင်းမှနေပြီး မင်းသားကြီးသောက်ဖို့ မင်းသမီးငယ်က ရေခွက်လေးကိုင်ကာထွက်လာတော့


www.burmeseclassic.com

www.burmeseclassic.com

"ဟိုက် ပြဿနာပဲ. . . ငါဖွက်ထားတဲ့ခွက် ဘယ်ကဘယ်လို ရသွားတာလဲမသိဘူး"

မင်းသားကြီးက ဖျတ်ခနဲယူပြီးသောက်လိုက်သည်။

"ဖွီး"

ချက်ချင်းထွေးထုတ်လိုက်ပြီး ဆတ်ခနဲမတ်တပ်ရပ်၊ ခါးထောက်၊ ရေခွက်ကိုကိုင်ထားသည့်လက် တဆတ်ဆတ်တုန်နေသည်။ မျက်နှာကြီးကလည်း ရဲလို့။

"ဟိုး. . ကဒ်. . ကဒ်"

"ဘာ. . ဘာဖြစ်လို့လဲ ဦး"

"တောက်. . ဘာဖြစ်ရမှာလဲ. . . ရော့ နမ်းကြည့်"

ဒါရိုက်တာက ရေခွက်ကိုယူပြီး နမ်းကြည့်လိုက်သည်။ ဟုတ်ပ။ အရက်တွေ။

"ခင်ဗျားတို့ ရေခွက်ဒီလောက်ပဲရှားသလား. . . ကျွန်တော် သက်သတ်လွတ်စားတာလည်း သိရဲ့သားနဲ့. . . ဒါ သက်သက်လုပ်တာလား"

"ဟာ မဟုတ်ပါဘူး ဦး. . ရယ်. . . တစ်ယောက်ယောက်ရဲ့ ရေခွက်နဲ့မှားတာ နေမှာပါ. . . ဒါမှမဟုတ် ရှေ့အဖွဲ့ကကျန်နေခဲ့တဲ့ လက်ကျန်များလားမသိဘူး"

"ခင်ဗျားတို့အဖွဲ့မှာ ဆက်တင်သမားမပါဘူးလား. . . ရေခွက်အသစ်လေးတစ်လုံးလောက်တောင် မဝယ်နိုင်ကြတော့ဘူးလား. . . ပိုက်ဆံမရှိဘူးလား. . . ရော့. . သွားဝယ်ဗျာ"

ရိုက်ကွင်းတစ်ခုလုံး ငြိမ်သက်သွားသည်။ မင်းသားကြီး မျက်နှာတွေသစ်၊ သွားတွေတိုက်နှင့်။ ကင်မရာမင်းက ရေခွက်ပိုင်ရှင် (ရွှေဖိနပ်ပိုင်ရှင်မဟုတ်ပါ။) ဘယ်သူများဖြစ်နိုင်မလဲလို့ စက်အဖွဲ့သားများကို တစ်ယောက်ချင်းအကဲခတ်လိုက်သည်။ အားလုံးက မသိ


www.burmeseclassic.com

www.burmeseclassic.com


လိုက်မသိဘာသာပဲလုပ်နေကြသည်။

ရှုတင်မန်နေဂျာ ရေခွက်အသစ်သွားဝယ်ပြီးပြန်လာတော့ ခုနက Seen ကိုပြန်ရိုက်သည်။ မနက်ပိုင်း နှစ် Seen တော့ရိုက်ဖြစ်သွားသည်။

ထမင်းစားနား၊ တစ်အောင့်ကြာတော့ ပြန်ရိုက်သည်။ ထုံးစံအတိုင်း။ လာကြည့်သည့်ပရိသတ်ကလည်း မနည်းဘူး။ ဟိုလူ့ဖယ်ခိုင်း၊ ဒီလူ့ဖယ်ခိုင်းနှင့်။

"ဟော့ကောင် မောင်ထွန်း"

လှည့်မကြည့်ဘူး။ သုံးလေးခါခေါ်လည်း မကြည့်ဘူး။ စိတ်ကမရှည်တော့ဘူး။ ဇက်ပိုးကိုအုပ်ထည့်လိုက်သည်။ မှတ်ကရော။

"ဖောင်း"

"အင့်"

မောင်ထွန်းလှည့်ကြည့်လိုက်သည်။

"ဟာ"

တစ်ခေါင်းလုံးမှာရှိသည့်ဆံပင်တွေ ထိုးထိုးထောင်ထောင်ဖြစ်ကုန်ပြီး ခန္ဓာကိုယ်မှာလည်းပတ်နေသည့်သွေးများ ခဏရပ်ဆိုင်းသွားသလိုခံစားလိုက်ရသည်။ မောင်ထွန်းမဟုတ်ဘူး။ အကျီက မောင်ထွန်းအကျီ။ ဒါဆို မောင်ထွန်းက. . . ကင်မရာမင်းဘေးမှာရပ်နေသူက မောင်ထွန်း။ ခုနကအကျီနှင့် သွားပြီးဆင်တူနေတာကိုး။ မဆင်တူတာက ဆံပင်။ အဲဒါကိုသတိမထားမိဘူး။ အဲ. . သတိထားမိချိန်မှာတော့ ဇက်ပိုးအရိုက်ခံထားရသည့် မင်းသားကြီး မျက်နှာကြီးတစ်ခုလုံးပေါ်မှာ ရေဆေးအနီများမှောက်ကျထားသည့်ပုံစံနှင့်။ လက်သီးကြီးဆုပ်ကာ ရှေ့သို့တစ်လှမ်းချင်းတိုးတိုးလာသည်။

လူကသာ သက်သတ်လွတ်စားပေမယ့် ဒေါသက သက်သတ်လွတ်စားပုံမရဘူး။ သူက ရှေ့တစ်လှမ်းတိုး၊ စက်အဖွဲ့ကခုတိတ်


www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လှမ်းဆုတ်၊ ရိုက်ကွင်းပေါ်က မျက်လုံးပေါင်းများစွာက သူ့ တို့နှစ်ယောက်ဆီမှာ။

"ကျွန်တော်. . . ကျွန်တော်. . .

မောင်. . မောင်. . ထွန်း. . . နဲ့. . . "

စကားလုံးများ လည်ချောင်းထဲမှာပဲ တစ်ဆို့နေသည်။ သူက လက်ညှိုးကိုထောင်ပြီး ဘယ်ညာယိမ်းပြနေသည်။ နောက်ဆုတ်ရင်း နောက်ဆုတ်ရင်းနှင့် ချာတိတ်၏ဖိနပ်တစ်ဖက်ကျွတ်ပြီး ကျန်နေခဲ့သည်။ မင်းသားကြီးက အဲဒီဖိနပ်အစုတ်ကို ခလုတ်တိုက်ပြီး ရှေ့ကို ဟတ်ထိုးဟတ်ထိုးနှင့်အလာ. . .

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"မလွဲရင်မနေနိုင်တာကလွဲလို့"

ဟာသဝတ္ထုတစ်ပုဒ်ဖြစ်ဖို့အချိန်အတော်လေး ယူရပါတယ်...

ဒီတော့ ချက်ချင်းကြီး မရယ်လိုက်ပါနဲ့...

တဖြည်းဖြည်း တစိမ့်စိမ့်တွေးပြီး မှ ရယ်ပါ...

မရယ်ရရင်လည်း ဖြည့်စွက်ပြီး ရယ်ပေးပါလို့...

ကျွန်တော်ကတော့ ရယ်ရယ်၊ မရယ်ရယ် မရှက်ပါဘူး...

ရေးနေဦး မှာပါပဲ..."

ဆက်လက်ကြိုးစားပါဦးမည်။
ကျော်ထူး
(အထွေထွေသရုပ်ဆောင်)

www.burmeseclassic.com